# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၈ ခုနှစ် ၊ တော်သလင်းလပြည့်ကျော် (၁)ရက် ၊ တနင်္ဂနွေနေ့ ၊ (27-9-2026) ၊ အတွဲ (၃၅) ၊ အမှတ် (၁၅၀)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## ရန်ကုန်မြို့ စစ်မှုထမ်းဟောင်းအိမ်ရာ(လေးထောင့်ကန်)အနီးတွင် တည်ဆောက်ပြီးစီးခဲ့သည့် South Dagon Mall ဖွင့်ပွဲအခမ်းအနားကျင်းပ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး တက်ရောက်ဖွင့်လှစ်






တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး South Dagon Mall ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးစဉ်။

**နေပြည်တော် စက်တင်ဘာ ၂၆**

ရန်ကုန်မြို့ မြန်မာ့သားကောင်း အဆင့်မြင့် စစ်မှုထမ်းဟောင်းအိမ်ရာ (လေးထောင့်ကန်)အနီး ဘုရင့်နောင်လမ်းနှင့် အမှတ်(၇)လမ်းထောင့်နေရာတွင် တည်ဆောက်ပြီးစီးခဲ့သည့် South Dagon Mall ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ကျင်းပရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး တက်ရောက်ဖွင့်လှစ်ပေးသည်။

အခမ်းအနားသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီးထိန်ဝင်း၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုအမှုဆောင်ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ

**စာမျက်နှာ ၁၇ ကော်လံ ၁**



အောင်ပန်းမြို့ရှိ တပ်မတော်ဆေးရုံ၌ အကြိမ် ၄၀ မြောက်နှင့် အတွဲ ၁၀၀ ပြည့် ကျောက်ကပ်အစားထိုးခွဲစိတ်ကုသမှု ဆောင်ရွက်လျက်ရှိစဉ်။

## အောင်ပန်းမြို့ရှိ တပ်မတော်ဆေးရုံတွင် အတွဲ ၁၀၀ ပြည့် ကျောက်ကပ်အစားထိုးခွဲစိတ်ကုသမှုအောင်မြင်

**နေပြည်တော် စက်တင်ဘာ ၂၆**

တပ်မတော်အနေဖြင့် နိုင်ငံတော်ကာကွယ်ရေးတာဝန်အပြင် နိုင်ငံ့အကျိုးပြုလုပ်ငန်းများကို တစ်ဖက်တစ်လမ်းက ကူညီထမ်းဆောင်လျက်ရှိရာ ပြည်သူ့အကျိုးပြုလုပ်ငန်းတာဝန်များအနက် ပြည်သူများ၏ ကျန်းမာရေးဝန်ဆောင်မှုလုပ်ငန်းများကို တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် လိုအပ်သောနေရာများတွင် အင်တိုက်အားတိုက် ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ တပ်မတော်သားများနှင့် မိသားစုဝင်များအပြင် ဒေသခံပြည်သူများကိုပါ

**စာမျက်နှာ ၂၀ ကော်လံ ၃**

## ညောင်တုန်းကျွန်းတာ(ဧရာဝတီမြစ်ခွဲ) တာကိုယ်ထည်တိုက်စားခံရမှုနေရာများနှင့် ဝန်မြစ်ရေကာတာ၏အောက်ခံ မြစ်ကျိုးအင်းသဲကြောမှ ထူးပေါက်၍ ရေဖြတ်သန်းစီးဆင်းမှုကြောင့် ဧရာဝတီတိုင်းဒေသကြီးရှိ မြို့နယ် ငါးမြို့နယ်တို့တွင် ရေဝင်ရောက်ခဲ့ခြင်းများကို တားဆီးကာကွယ်ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

**နေပြည်တော် စက်တင်ဘာ ၂၆**

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ် ဂန်ချောင်းကျေးရွာအနီး ညောင်တုန်းကျွန်းတာ (ဧရာဝတီမြစ်ခွဲ) တာမိုင်(၁၁/၆)နှင့် (၁၁/၇)ကြားနေရာ၌ မြစ်ကမ်းရေတိုက်စားမှုကြောင့်

**စာမျက်နှာ ၂၂ ကော်လံ ၁**



အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများက ရေဘေးတားဆီးကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ကြစဉ်။

### လေဖိအားနည်းဆဲလ် ၂၄ နာရီအတွင်း မြန်မာနိုင်ငံ တနင်္သာရီတိုင်းဒေသကြီးမြောက်ပိုင်း၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့သို့ ဖြတ်ကျော်နိုင်

**နေပြည်တော် စက်တင်ဘာ ၂၆**

ယနေ့ညနေ ၅ နာရီခွဲအချိန်တိုင်းထွာချက်များအရ ထိုင်းနိုင်ငံအလယ်ပိုင်း ဗန်ကောက်မြို့အနီးတွင် ဖြစ်ပေါ်နေသော လေဖိအားနည်းဆဲလ်(Low Pressure Cell)သည် ထိုင်းနိုင်ငံအလယ်ပိုင်းနှင့်ယင်းနှင့်ဆက်စပ်လျက်ရှိသော မြန်မာနိုင်ငံ တနင်္သာရီတိုင်းဒေသကြီးမြောက်ပိုင်းနှင့် ကရင်ပြည်နယ်တောင်ပိုင်းတို့တွင် ဆက်လက်တည်ရှိနေသည်။ အဆိုပါလေဖိအားနည်းဆဲလ်သည် အနောက်မြောက်ဘက်သို့ဆက်လက်ရွေ့လျားနိုင်ပြီး နောက်၂၄ နာရီအတွင်း မြန်မာနိုင်ငံ တနင်္သာရီတိုင်းဒေသကြီးမြောက်ပိုင်း၊ကရင်ပြည်နယ်၊ မွန်ပြည်နယ်တို့သို့ဖြတ်ကျော်ပြီး ကပ္ပလီပင်လယ်ပြင်မြောက်ပိုင်းသို့ ရောက်ရှိနိုင်သည်ဟုခန့်မှန်းရသည်။လေဖိအားနည်းဆဲလ်၏အရှိန်ကြောင့် မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူလေပြင်းတိုက်ခတ်ခြင်း၊ရုတ်တရက်ရေကြီးခြင်း၊မြေပြိုခြင်း စသည့်သဘာဝဘေးအန္တရာယ်များဖြစ်ပေါ်နိုင်သဖြင့် ကြိုတင်သတိပြုနိုင်ရန်အသိပေးနှိုးဆော်ထားသည်။**(မိုး/ဇလ)**

ရတနာပုံ

၂၀၂၆ ခုနှစ် စက်တင်ဘာ ၂၇ ရက်

အယ်ဒီတာ့အာဘော်

# ခရီးသွားကဏ္ဍဆန်းသစ်ဖို့ ဒစ်ဂျစ်တယ်နှင့် ဉာဏ်ရည်တုနည်းပညာသုံးကြစို့

ခရီးသွားလုပ်ငန်း၏ အရေးပါမှုနှင့် ခရီးသွားလုပ်ငန်းနှင့်ဆက်စပ်ပြီး ရရှိနိုင်သည့် လူမှုရေး၊ ယဉ်ကျေးမှု၊ နိုင်ငံရေးနှင့် စီးပွားရေးဆိုင်ရာ အကျိုးကျေးဇူးများကို ပိုမိုသိရှိနားလည်နိုင်စေရန် ရည်ရွယ်ပြီး ကုလသမဂ္ဂခရီးသွားလုပ်ငန်းအဖွဲ့ ဖွဲ့စည်းတည်ထောင်မှုဆိုင်ရာ ပဋိညာဉ်ကို အတည်ပြုခဲ့သည့် ၁၉၂၀ ပြည့်နှစ် စက်တင်ဘာ ၂၇ ရက်နေ့ကို ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့အဖြစ် သတ်မှတ်ခဲ့သည်။

ထို့နောက် ကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်ကို ၁၉၇၆ ခုနှစ်တွင် စတင်ဖွဲ့စည်းခဲ့ပြီး ၂၀၂၄ ခုနှစ် ဇန်နဝါရီလတွင် ကုလသမဂ္ဂခရီးသွားလုပ်ငန်းအဖွဲ့ချုပ်ဟု အမည်ပြောင်းလဲသတ်မှတ်ခဲ့သည်။ မြန်မာနိုင်ငံအနေဖြင့်လည်း အဖွဲ့ဝင်နိုင်ငံဖြစ်သည့်အားလျော်စွာ ၂၀၁၂ ခုနှစ်မှစတင်၍ ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့အထိမ်းအမှတ်အခမ်းအနားများကို ကျင်းပပြုလုပ်လျက်ရှိရာ ယခုနှစ်အတွက် ဆောင်ပုဒ်မှာ "**ခရီးသွားကဏ္ဍဆန်းသစ်ဖို့ ဒစ်ဂျစ်တယ်နှင့် ဉာဏ်ရည်တုနည်းပညာသုံးကြစို့**"ဟူ၍ဖြစ်သည်။

နိုင်ငံတော်အစိုးရသည် နိုင်ငံ့စီးပွားပြန်လည်ဦးမော့လာစေရန် ဘက်ပေါင်းစုံမှ ဆောင်ရွက်လျက်ရှိရာ နိုင်ငံ၏စီးပွားရေးကို အထောက်အကူပြုစေမည့် ခရီးသွားလုပ်ငန်းကိုလည်း အလေးထားဆောင်ရွက်လျက်ရှိသည်။ ခရီးသွားလုပ်ငန်းသည် နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၊ အလုပ်အကိုင်အခွင့်အလမ်းဖန်တီးမှု၊ ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝတိုးတက်မှုတို့ကို အထောက်အကူပြုလျက်ရှိသည်။

ထို့ပြင် ခရီးသွားလုပ်ငန်းသည် နိုင်ငံတစ်နိုင်ငံ၏ သဘာဝအလှအပ၊ သမိုင်းနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ ရိုးရာဓလေ့နှင့် အစားအစာယဉ်ကျေးမှုများကို ကမ္ဘာသို့ မိတ်ဆက်ပေးနိုင်သည့် အခွင့်အလမ်းတစ်ရပ်လည်း ဖြစ်ပေသည်။ ထို့ကြောင့် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးသည် နိုင်ငံ့စီးပွားရေးအတွက်သာမက နိုင်ငံ၏ပုံရိပ်နှင့် ယဉ်ကျေးမှုဖလှယ်ရေးအတွက်ပါ အရေးပါလှပေသည်။

ယနေ့ခေတ်တွင် ခေတ်မီနည်းပညာများသည် ခရီးသွားလုပ်ငန်း၏ လုပ်ဆောင်ပုံများကို သိသိသာသာ ပြောင်းလဲပေးနိုင်နေပြီဖြစ်သည်။ ယခင်က လူကိုယ်တိုင် သို့မဟုတ် အေးဂျင့်များမှတစ်ဆင့် ဆောင်ရွက်ခဲ့ရသည့် ခရီးစဉ်ရှာဖွေခြင်း၊ လက်မှတ်ဝယ်ယူခြင်းနှင့် ဟိုတယ်ကြိုတင်မှာယူခြင်းတို့ကို ယခုအခါ စမတ်ဖုန်းတစ်လုံးဖြင့် အလွယ်တကူ ဆောင်ရွက်နိုင်ပြီဖြစ်သည်။ အလားတူ လုပ်ငန်းရှင်များအတွက်လည်း ၎င်းတို့၏ ဈေးကွက်လိုအပ်ချက်နှင့် ခရီးသွားပြည်သူများ၏ လိုအပ်ချက်ကို ဒစ်ဂျစ်တယ်နှင့် ဉာဏ်ရည်တု နည်းပညာမှတစ်ဆင့် ပိုမိုတိကျစွာ ဖော်ထုတ်ပေးခြင်းဖြင့် အလွယ်တကူ သိရှိနိုင်စေသည်။

မြန်မာနိုင်ငံတွင် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးရေးအတွက် သဘာဝအလှတရားများ၊ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များ၊ တိုင်းရင်းသားတို့၏ ရိုးရာဓလေ့များနှင့် ဒေသအလိုက် ထူးခြားသည့် အစားအစာယဉ်ကျေးမှုများ စသည့်အရင်းအမြစ်တို့ကို ပိုင်ဆိုင်ထားသည်။ ထိုအရင်းအမြစ်များကို ဒစ်ဂျစ်တယ်နှင့် ဉာဏ်ရည်တုနည်းပညာများဖြင့် ပေါင်းစပ်၍ ကမ္ဘာသို့ ထိရောက်စွာ မိတ်ဆက်နိုင်ပါက ကမ္ဘာ့ခရီးသွားဧည့်သည်များကို ပိုမိုဆွဲဆောင်နိုင်မည်ဖြစ်ပြီး နိုင်ငံ့စီးပွားတိုးတက်ကာ ဒေသခံပြည်သူတို့၏ အလုပ်အကိုင်အခွင့်အလမ်းများကိုလည်း ဖော်ဆောင်ပေးနိုင်မည်ဖြစ်သည်။

သို့ဖြစ်ပါ၍ မြန်မာနိုင်ငံ၏ သဘာဝအလှတရား၊ ယဉ်ကျေးမှုနှင့် ရိုးရာအမွေအနှစ်များကို ဒစ်ဂျစ်တယ်နှင့် ဉာဏ်ရည်တုနည်းပညာတို့ဖြင့် ပေါင်းစပ်အသုံးချ၍ ဆန်းသစ်သော မြန်မာ့ခရီးသွားလုပ်ငန်းကဏ္ဍအဖြစ် သက်ဆိုင်ရာတာဝန်ရှိသူများ၏ ဖော်ဆောင်နေမှုကို ဒေသခံပြည်သူတို့က အတူတကွ ပူးပေါင်းပါဝင်လာမည်ဆိုပါက နိုင်ငံ့စီးပွား ပိုမိုတိုးတက်၍ ဒေသခံပြည်သူတို့၏ လူမှုစီးပွားဘဝများ ပိုမိုမြင့်မားတိုးတက်လာမည်ပင်ဖြစ်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပေသည်။

# ခင်ဦးမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲကြီး ဧက ၁၃၅၀ စိုက်ပျိုးမည်



ယခင်နှစ်က ပဲကြီးစိုက်ခင်းကို တွေ့ရစဉ်။

**ခင်ဦး စက်တင်ဘာ ၂၆**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ခင်ဦးမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲကြီး ဧက ၁၃၅၀ စိုက်ပျိုးသွားမည်ဖြစ်ကြောင်း ခင်ဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ခင်ဦးမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ပဲကြီး ဧက ၁၃၅၀ စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ ခင်ဦးမြို့နယ်မှာ ပဲကြီး ဧက ၁၀၀၀ ကျော် စိုက်ပျိုးဖို့လျာထားပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ဆောင်ရွက်ပေးသွားပါမယ်။ ပဲကြီးအထွက်နှုန်းနဲ့ အရည်အသွေးကောင်းမွန်ဖို့ မျိုးကောင်းမျိုးသန့်တွေ စိုက်ပျိုးဖို့ ဆောင်ရွက်ပေးသွားပါမယ်"ဟု ခင်ဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးနေဝင်းနိုင်က ပြောပြသည်။

ခင်ဦးမြို့နယ်တွင် ပဲကြီးစိုက်ပျိုးမည့်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ပဲကြီးစိုက်ဧကများ တိုးချဲ့စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းကောင်းမွန်ရေး၊ GAP နည်းစနစ်ဖြင့် စိုက်ပျိုးရေး၊ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးရေး၊ အထွက်နှုန်း ကောင်းမွန်ရေးအတွက် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ပဲကြီးကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်း စားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ပဲကြီးကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း မြို့နယ်ဦးစီးမှူး ဦးနေဝင်းနိုင်က ပြောပြ၍ သိရသည်။

(၂၀၆)

# ဝမ်းတွင်းမြို့နယ် ကန်အောက်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**ဝမ်းတွင်း စက်တင်ဘာ ၂၆**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ တစ်နိုင်တစ်ပိုင် စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်နိုင်စေရန်၊ အတိုးနှုန်းသက်သာသည့် ငွေကြေးအရင်းအနှီးများ ရရှိစေရန်ရည်ရွယ်၍ ကန်အောက်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို စက်တင်ဘာ ၂၅ ရက်က တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုဦးနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ ကန်အောက်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ် ၅၂ ဒသမ ၁ သန်းဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ် လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများ၊ လအလိုက်ဖြည့်သွင်းရမည့် ငွေစာရင်းဇယားပုံစံများပြည့်စုံမှုရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုဦးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။

အဆိုပါ ကန်အောက်ကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၄၉ ဦးကို ငွေကျပ် ၁၀ ဒသမ ၈၅ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၂၀၉ ဦးကို ငွေကျပ် ၃၉ ဒသမ ၈၅ သန်း၊ ကုန်ထုတ်လုပ်ငန်း လုပ်ကိုင်သူ တစ်ဦးကို ငွေကျပ် သုည ဒသမ ၄ သန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ သုံးဦးကို ငွေကျပ် သုည ဒသမ ၉ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၂၆၂ ဦးကို ရန်ပုံငွေကျပ် ၅၂ ဒသမ ၁ သန်း ထုတ်ချေးပေးထားပြီး စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**အောင်ရဲကျော်**

# လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဩဂုတ်လအတွင်း ကဏန်းပျော့ပိဿာချိန် ၅၂၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့




**လပွတ္တာ စက်တင်ဘာ ၂၆**

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာခရိုင် လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဩဂုတ်လအတွင်း ကဏန်းပျော့ပိဿာချိန် ၅၂၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း လပွတ္တာမြို့နယ် ရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်တင်နွယ်က ပြောပြသည်။

လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း ကဏန်းပျော့ ပိဿာချိန် ၃၅၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဩဂုတ်လအတွင်း ကဏန်းပျော့ ပိဿာချိန် ၅၂၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"လပွတ္တာမြို့နယ်ကနေ ကဏန်းပျော့အပါအဝင် ရေထွက်ကုန်တွေ ရန်ကုန်ဈေးကွက်ကို တင်ပို့ရောင်းချနေပါတယ်။ ဩဂုတ်လအတွင်း ကဏန်းပျော့ပိဿာချိန် ၅၂၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ လက်ရှိမှာလဲ ဒီဘက်ကနေ တင်ပို့ရောင်းချတဲ့ ရေထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်က အဝယ်လိုက်နေပါတယ်"ဟု လပွတ္တာမြို့နယ် ရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်တင်နွယ်က ပြောပြသည်။

လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချသည့် ကဏန်းပျော့ တစ်ပိဿာလျှင် အရွယ်အစားနှင့် လတ်ဆတ်မှုပေါ်မူတည်ပြီး ငွေကျပ် ၂၇၅၀၀ မှ ၃၅၀၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၀၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊၀၉-၄၅၈၈၉၁၃၀၀၊ ကြော်ငြာ-၈၄လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊ E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဝေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

Yadanarbon newspaper

# သာစည်မြို့နယ် ကန်ကြီးအောက်ကျေးရွာ၌ VRFP စီမံကိန်းလုပ်ငန်းများဆောင်ရွက်ထားရှိမှု စစ်ဆေး

**သာစည် စက်တင်ဘာ ၂၆**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် သာစည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကန်ကြီးအောက်ကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေ စီမံကိန်း (VRFP) လုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများကို စက်တင်ဘာ ၂၅ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် သာစည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြသက်ဝင်း၊ သာစည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဦးစီးအရာရှိ ဒေါ်တိုးတိုးစိန်နှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက ကန်ကြီးအောက်ကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း ရန်ပုံငွေဖြင့် စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် လအလိုက်ဖြည့်သွင်းရမည့် ငွေစာရင်းဇယားပုံစံများ ပြည့်စုံမှုရှိမရှိ ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဒေါ်မြသက်ဝင်းက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။

ကန်ကြီးအောက်ကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၃၇ ဦးကို ငွေကျပ် ၁၄ ဒသမ ၁ သန်း၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၃၉ ဦးကို ငွေကျပ် ၁၁ ဒသမ ၈ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၇၆ ဦးကို ကျေးရွာမတည်ရန်ပုံငွေ စီမံကိန်းရန်ပုံငွေကျပ်၂၅ ဒသမ ၉ သန်း ထုတ်ချေးပေးထားကြောင်း သာစည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ သိရသည်။

**ဟိန်းထက်စိုး(မလှိုင်)**



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးတွင် အလှူရှင် မန္တလေးမြို့ ၇၃ လမ်း၊ ၁၁၄x၁၁၅ လမ်းကြားနေ ဝင်းရတနာပုံကုမ္ပဏီလီမိတက်မိသားစုက တစ်နေ့တာဆွမ်းအတွက် အလှူငွေကျပ် ငါးသိန်း၊ ဆေးပဒေသာပင်အတွက် ငွေကျပ် ၁၀ သိန်း၊ ကျောက်ကပ်ဆေးသံဃာတော်၊သီလရှင်များအတွက် ငွေကျပ် ငါးသိန်း၊ မျက်စိခွဲစိတ်သံဃာတော်များအတွက် ငွေကျပ် ၄၅၀၀၀၀၊ ရေ၊ မီးအတွက် ငွေကျပ် နှစ်သိန်း စုစုပေါင်း ငွေကျပ် ၂၆၅၀၀၀၀ လှူဒါန်းရာ ဇီဝိတဒါနသံဃာ့ဆေးရုံကြီး၏ ဥက္ကဋ္ဌ ဦးစိုးလင်းနှင့် တာဝန်ရှိသူတို့က လက်ခံရယူစဉ်။

# ကျွန်းလှမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၁၀၇၁ ဧက စိုက်ပျိုးမည်



ယခင်နှစ်က နံနံစိုက်ခင်းကို တွေ့ရစဉ်။

**ကျွန်းလှ စက်တင်ဘာ ၂၆**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကျွန်းလှမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၁၀၇၁ ဧက စိုက်ပျိုးသွားမည်ဖြစ်ကြောင်း ကျွန်းလှမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကျွန်းလှမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၁၀၇၁ ဧက စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် အောက်တိုဘာလ ပထမပတ်မှ စတင်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ ကျွန်းလှမြို့နယ်မှာ ဟင်းသီးဟင်းရွက် ၁၀၇၁ ဧက စိုက်ပျိုးဖို့ လျာထားပါတယ်။ မုန်ညင်း၊ ငရုတ်၊ နံနံ၊ အာလူး၊ ဂေါ်ဖီထုပ်၊ ခရမ်း စတဲ့သီးနှံတွေ စိုက်ပျိုးသွားမှာဖြစ်ပါတယ်။ စိုက်ပျိုးမဲ့ ဟင်းသီးဟင်းရွက် အားလုံးကို GAP နည်းစနစ်နဲ့ စိုက်ပျိုးနိုင်ဖို့၊ ဓာတုဓာတ်ကြွင်း အနည်းဆုံးဖြစ်ဖို့၊ ကျန်းမာရေးနဲ့ ကိုက်ညီအောင်စိုက်ပျိုးဖို့ နည်းပညာတွေပေးသွားမှာပါ"ဟု ကျွန်းလှမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြင့်မြင့်ရီက ပြောပြသည်။

ကျွန်းလှမြို့နယ်တွင် ဟင်းသီးဟင်းရွက်စိုက်ပျိုးမည့် တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက GAP နည်းစနစ်ဖြင့် စိုက်ပျိုးရန်၊ စိုက်ခင်းများမှထွက်ရှိလာသည့် ဟင်းသီးဟင်းရွက်များ ကျန်းမာရေးနှင့် ညီညွတ်သည့် သီးနှံဖြစ်စေရန် နည်းပညာပေးခြင်းများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ဟင်းသီးဟင်းရွက်ကို အထွက်နှုန်း တိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သောကြောင့် ဟင်းသီးဟင်းရွက်ကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းဆောင်ရွက်သင့်ကြောင်း ကျွန်းလှမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြင့်မြင့်ရီက ပြောပြ၍ သိရသည်။

(၂၀၆)

# အမရပူရမြို့နယ် လူထုအခြေပြုဗဟိုဌာန၌ စာဖတ်ရှိန်မြှင့်တင်ရေးလူငယ်စာဖတ်ဝိုင်း ကျင်းပ

**အမရပူရ စက်တင်ဘာ ၂၆**

မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက စာဖတ်ရှိန်မြှင့်တင်ရေး လူငယ်စာဖတ်ဝိုင်းကို စက်တင်ဘာ ၂၅ ရက် မွန်းလွဲ ၁ နာရီက အဆိုပါဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခန်းမ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ အမရပူရမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်လွဲ့လွဲ့ခိုင်က စာဖတ်ဝိုင်းကျင်းပရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး စာရေးဆရာ လူပြာထက်နှင့် စာရေးဆရာ မိုးထက်ကို(အမရပူရ)တို့က တစ်ဦးချင်း မိတ်ဆက်စကားပြောကြားသည်။

ဆက်လက်၍ စာရေးဆရာ လူပြာထက်က စာရေးဆရာ ဒေါက်တာသန်းထွန်း၏ လူငယ်တွေစာဖတ်ပါ ဆောင်းပါးကို ဖတ်ကြားပြီး တက်ရောက်လာကြသော အမှတ် (၂) အခြေခံပညာ အထက်တန်းကျောင်း Grade 11မှ စာပေဝါသနာရှင် ကျောင်းသား၊ ကျောင်းသူများက သိရှိလိုသည်များကိုမေးမြန်းရာ စာရေးဆရာများက ပြန်လည်ဖြေကြားခဲ့ကြောင်း သိရသည်။

ထို့နောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနက ခင်းကျင်းပြသထားသည့် အသိပညာပေး နံရံကပ်စာစောင်များ၊ သုတရသ စာအုပ်စာစောင်များကို ကျောင်းသား၊ ကျောင်းသူများက စိတ်ပါဝင်စားစွာ ကြည့်ရှုခဲ့ကြကြောင်း သိရသည်။

**လွဲ့လွဲ့ခိုင်(အမရပူရ)**

# သာပေါင်းမြို့နယ်တွင် သခွားသီးများ ဝယ်ယူမှုများပြားပြီး အရောင်းအဝယ်ကောင်းမွန်နေ

**သာပေါင်း စက်တင်ဘာ ၂၆**

ဧရာဝတီတိုင်းဒေသကြီး သာပေါင်းမြို့နယ်တွင် ဒေသထွက် သခွားသီးများ ဝယ်ယူမှုများပြားပြီး အရောင်းအဝယ်ကောင်းမွန်နေကြောင်း သာပေါင်းမြို့နယ် ကုန်စိမ်းရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်အေးသင်းက ပြောပြ၍ သိရသည်။

သာပေါင်းမြို့နယ်တွင် ဒေသထွက် သခွားသီးများကို ယခုနှစ် စက်တင်ဘာလပထမပတ်မှစတင်ပြီး ယနေ့ထိ အရောင်းအဝယ် ကောင်းမွန်လျက်ရှိကြောင်း၊ တစ်ရက်လျှင် သခွားသီး အလုံးရေ ၂၇၀၀၀ မှ ၄၀၀၀၀ ထိ ဝယ်ယူမှုများပြားပြီး အရောင်းအဝယ်ကောင်းမွန်နေကြောင်း၊ အဆိုပါ သခွားသီး အလုံးရေ ၁၀၀ လျှင် ငွေကျပ် ၁၃၀၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

"သာပေါင်းမြို့နယ်ကနေ ထွက်ရှိတဲ့ သခွားသီးတွေကို အခြားမြို့နယ်တွေက ဝယ်ယူမှုများပြားနေပါတယ်။ လက်ရှိ သခွားသီး အလုံးရေ ၄၀၀၀၀ ထိ အရောင်းအဝယ်ဖြစ်နေပါတယ်။ အခု အရောင်းအဝယ်ကောင်းနေတဲ့ သခွားသီးတွေက အရည်အသွေးကောင်းပြီး လတ်ဆတ်ပါတယ်။ အခုလို ဒေသထွက် သခွားသီးတွေ ဝယ်ယူမှုများလာတော့ စိုက်ပျိုးတဲ့ တောင်သူတွေအတွက် အလုပ်အကိုင် အခွင့်အလမ်း ပိုမိုအဆင်ပြေလာပါတယ်"ဟု သာပေါင်းမြို့နယ် ကုန်စိမ်းရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်အေးသင်းက ပြောပြသည်။

သာပေါင်းမြို့နယ်တွင် လက်ရှိ သခွားသီးများအပါအဝင် ဒေသထွက် ကုန်စိမ်းသီးနှံများ ပေါ်နေသည့်အချိန်ဖြစ်ကြောင်း၊ အဆိုပါဒေသထွက် သခွားသီးများ ဝယ်ယူမှုများပြားပြီး အရောင်းအဝယ်ကောင်းမွန်သောကြောင့် ကုန်စိမ်းရောင်းဝယ်ရေးပွဲရုံပိုင်ရှင်များ၊ သခွားသီးစိုက်တောင်သူများ၊ ကုန်တင်ကုန်ချ လုပ်သားများ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ အလုပ်အကိုင်အခွင့်အလမ်း ရရှိကာ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**



# ပြည်တွင်းစားသုံးဆီဖူလုံဖို့ ပူးပေါင်းဆောင်ရွက်စို့

မျိုးသူ(ကုန်သွယ်မြှင့်)

စားသုံးဆီဖူလုံရေးအတွက် ဆောင်ရွက်လျက်ရှိသော မြန်မာနိုင်ငံ၏ လက်ရှိအခြေအနေကိုကြည့်မည်ဆိုပါက ကုန်ကြမ်းအပိုင်းနှင့် ကုန်ချောအပိုင်းဟု ခွဲခြားကြည့်ရန် လိုအပ်မည်ဖြစ်သည်။ မြန်မာနိုင်ငံသည် မြေသယံဇာတနှင့် ရေသယံဇာတများပြားသောနိုင်ငံဖြစ်သည်နှင့်အညီ လယ်ယာကဏ္ဍတွင် သီးနှံအမျိုးမျိုးဖြစ်ထွန်းအောင်မြင်ကြသည်။ စိုက်ပျိုးမှုအခြေအနေကိုကြည့်လျှင် နွေ၊ မိုး၊ ဆောင်း သုံးရာသီလုံးတွင် ရေရရှိမှုကိုလိုက်၍ စိုက်ပျိုးထုတ်လုပ်နိုင်သည်။ ဆီထွက်သီးနှံများကို ကြည့်လျှင်လည်း အမျိုးအစားများစွာ စိုက်ပျိုးအောင်မြင်ဖြစ်ထွန်းကြသည်။

စက်မှုလယ်ယာစနစ်နှင့် နည်းပညာများ တိုးတက်လာသည်နှင့်အမျှ ဆီထွက်သီးနှံများလည်း ပိုမိုဖြစ်ထွန်းအောင်မြင်သည်ကို တွေ့နိုင်သည်။ ဆီထွက်သီးနှံများတွင် မြေပဲနှင့် နှမ်းတို့သည် ပြည်တွင်း၊ ပြည်ပဈေးကွက်ဝင်သီးနှံဖြစ်ပြီး တောင်သူများအတွက်လည်း အကျိုးကျေးဇူးရှိသောသီးနှံများဖြစ်သည်။ အထူးသဖြင့် ပြည်ပတင်ပို့မှုများပြားသောသီးနှံများကို တောင်သူများက ဈေးကွက်ဝင်မှုကြောင့် ပိုမိုစိုက်ပျိုးကြသည်။ ထိုအချက်အရ နှမ်းသီးနှံအများစုကို ပြည်ပတင်ပို့ရန်အတွက်ရည်ရွယ်ပြီး နှမ်းအနက်နှင့် နှမ်းအဖြူတို့ကိုသာ အများဆုံးစိုက်ပျိုးသည်။ နှမ်းအနီကို ပြည်တွင်းဆီကြိတ်ခွဲရန်အတွက် ရည်ရွယ်စိုက်ပျိုးကြသည်။

နိုင်ငံတော်၏ အားပေးမှုနှင့်အတူ ဆီထွက်သီးနှံများတွင် မြေပဲ၊ နှမ်း၊ နေကြာတို့အပြင် ပဲပုပ်ကိုလည်း တိုးတက်စိုက်ပျိုးလာသည်ကို တွေ့နိုင်သည်။ ဆီထွက်သီးနှံများတွင် ဆီအုန်း၊ ပန်းနှမ်းတို့ကို ဆီကြိတ်နိုင်သည့်အပြင် အားကိုးနိုင်သည့် အခြားစားသုံးဆီတစ်မျိုးမှာ ဖွဲနုဆီဖြစ်သည်။ စပါးကို ဆန်အဖြစ် ကြိတ်ခွဲရာမှ ဖွဲနုထွက်ရှိပြီး ဆီအဖြစ် စီးပွားဖြစ်ကြိတ်ခွဲနိုင်သည့် ဆီထွက်သီးနှံထွက်ကုန်တစ်ခုဖြစ်သည်။ အဆိုပါ ဆီအမျိုးအစားများကို ကြည့်၍ မြန်မာနိုင်ငံတွင် ဆီဖူလုံစေရန်လိုအပ်သည့် ဆီထွက်သီးနှံများ တိုးတက်ဖွံ့ဖြိုး နေသည်ကို တွေ့နိုင်သည်။

မြန်မာနိုင်ငံ၏ လူဦးရေ သန်း ၅၀ ကျော်တွင် လူတစ်ဦးအတွက် တစ်နှစ်လျှင် စားသုံးဆီ ခြောက်ပိဿာဖြင့်တွက်ပါက တစ်နှစ်လျှင် တန် ငါးသိန်းခန့်သာလိုအပ်မည်ဖြစ်သည်။ စိုက်ပျိုးရေးဦးစီးဌာန၏ စာရင်းဇယားများအရလည်း ဆီထွက်သီးနှံများ အားလုံးကို ကြိတ်ခွဲထုတ်လုပ်လျှင် တစ်နှစ်လျှင် စားသုံးဆီတန်ချိန် ၁၀ သိန်းခန့်ထိ ထွက်ရှိသည်။ ဆီထွက်သီးနှံများ ဟူသောကုန်ကြမ်းများမှ စားသုံးဆီဟူသော ကုန်ချောဖြစ်ရေးအတွက် အရေးကြီးသောအချက်မှာ ပြည်တွင်းဆီစက်များ လည်ပတ်ရေးပင်ဖြစ်သည်။

လက်ရှိတွင် နိုင်ငံတော်က အားပေးမှုနှင့်အတူ ပြည်တွင်းဆီစက်များ၏ ကြိတ်ခွဲထုတ်လုပ်မှုမှာ တိုးတက်လျက်ရှိသည်။ ပြည်တွင်းတွင် ယခင်က Refinery ဆီစက်များ နည်းပါးခဲ့သော်လည်း ယခုအခါ စက်တည်ဆောက်ပြီး ဖွံ့ဖြိုးတိုးတက်ကြိတ်ခွဲလာနေသည်ကို တွေ့နိုင်သည်။ ဆီထွက်သီးနှံများ စိုက်ပျိုးထုတ်လုပ်မှုနှင့် စားသုံးဆီကြိတ်ခွဲစက်များ၏ ကြိတ်ခွဲထုတ်လုပ်မှုတို့သည် တက်ညီလက်ညီ ဖွံ့ဖြိုးတိုးတက်နေမှသာ တိုးပွားလာသောလူဦးရေ၊ တိုးတက်လာသော စားသောက်ကုန်ထုတ်လုပ်ငန်းများ၊ စက်ရုံများနှင့်အညီ လိုအပ်သောစားသုံးဆီကို ရရှိနိုင်မည်ဖြစ်သည်။ အဓိကစိန်ခေါ်မှုများသည် ပြည်တွင်း စားသုံးဆီဖူလုံရေးအတွက် ထုတ်လုပ်မှု၊ ဆီသန့်စင်မှု၊ စားသုံးမှုအလေ့အထများနှင့် ပြည်တွင်း၊ ပြည်ပဈေးကွက်ကို အချိုးညီစွာ ချိတ်ဆက်ဖွံ့ဖြိုးရန် လိုအပ်ခြင်းများဖြစ်သည်။

**ရည်မှန်းချက်**

ဆီထွက်သီးနှံနှင့်စားသုံးဆီကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးသည် ဆီထွက်သီးနှံ စိုက်ပျိုးထုတ်လုပ်သော တောင်သူများ၊ ဆီကြိတ်ခွဲထုတ်လုပ်သူများ၊ စားသုံးဆီရောင်းဝယ်ရေးလုပ်ငန်းရှင်များကစပြီး ဈေးကွက်



ပေါ်ရောက်သည်ထိ ကဏ္ဍတစ်လျှောက်ပါဝင်သူများ အားလုံးနှင့်လည်း သက်ဆိုင်သည်။ စားသုံးဆီကဏ္ဍ ရည်ရွယ်ချက်အနေဖြင့် အရည်အသွေးကောင်းမွန်ပြီး တည်ငြိမ်သော ပြည်တွင်းစားသုံးဆီဖူလုံရေးကို အဆင့်ဆင့် တည်ဆောက်သွားရန် ရည်မှန်းဆောင်ရွက်ကြရမည်ဖြစ်သည်။

တစ်နည်းဆိုရပါက ပြည်တွင်းတွင် စိုက်ပျိုးထုတ်လုပ်သော ဆီထွက်သီးနှံများဖြင့် ပြည်တွင်းဆီဖူလုံရေးကို ဆောင်ရွက်ရမည်။ ကုန်ကြမ်းကောင်းများ အရေအတွက်များများ ထုတ်လုပ်နိုင်ရန်၊ ဆီကြိတ်စက်များနှင့် ဆက်စပ်သောလုပ်ငန်းများ အားလုံးဖွံ့ဖြိုးတိုးတက်ရန်၊ ကြိတ်ခွဲပြီး စားသုံးဆီများကို အရည်အသွေးကောင်းအောင် ထုတ်လုပ်ရန်၊ ပြည်တွင်းထုတ်လုပ်မှုတိုးလာသည်နှင့်အမျှ ပြည်ပမှတင်သွင်းခြင်းကို တဖြည်းဖြည်းလျှော့ချရန်နှင့် အနာဂတ်တွင် ပြည်ပသို့ စားသုံးဆီများတင်ပို့သွားရန်ဟု ရည်ရွယ်ရမည်ဖြစ်သည်။

**အဓိကမဏ္ဍိုင်လေးရပ်**

ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် အဓိကမဏ္ဍိုင်ကြီးလေးရပ်သည် တစ်ပြိုင်နက် ဖွံ့ဖြိုးတိုးတက်ရန်လိုအပ်သည်။ အဆိုပါ မဏ္ဍိုင်ကြီးလေးရပ်မှာ-

(၁) ပြည်တွင်းဆီထွက်သီးနှံ ထုတ်လုပ်မှုတိုးမြှင့်ခြင်း။ (၂) စားသုံးဆီထုတ်လုပ်မှုနှင့် သန့်စင်မှုစွမ်းရည်မြှင့်တင်ခြင်း။ (၃)စားသုံးသူ လိုအပ်ချက်ဖြည့်ဆည်းခြင်း။ (၄) ဈေးကွက်ဖွံ့ဖြိုးမှုအခြေအနေတို့ဖြစ်သည်။

**ပြည်တွင်းဆီထွက်သီးနှံထုတ်လုပ်မှုတိုးမြှင့်ခြင်း**

ပြည်တွင်းစားသုံးဆီအတွက် ကုန်ကြမ်းများအနေဖြင့် မြေပဲ၊ နှမ်း၊ နေကြာ၊ ပဲပုပ်၊ ဖွဲနု၊ ဆီအုန်း၊ ပန်းနှမ်း စသည့်ဆီထွက်သီးနှံကုန်ကြမ်းများ ပိုမိုထုတ်လုပ်နိုင်ရေးသည် အစဉ်လိုအပ်သောအချက်ဖြစ်သည်။ နိုင်ငံတော်၏အဓိက ရည်မှန်းချက်မှာ သီးနှံများ၏ ပန်းတိုင်အထွက်နှုန်းအတိုင်း ထွက်ရှိရေးပင်ဖြစ်သည်။ ထိုသို့ထွက်ရှိလာပါက အထွက်နှုန်းစုစုပေါင်းသည်လည်း ယခုထက် နှစ်ဆမျှတိုးတက်လာမည်ဖြစ်ပြီး ပြည်တွင်းဆီဖူလုံရန် ပိုမိုသေချာစေမည်ဖြစ်သည်။ စားသုံးဆီ ပြည်တွင်းဖူလုံရန်နှင့် ပြည်ပသို့ ဆီထွက်သီးနှံနှင့် စားသုံးဆီတင်ပို့နိုင်ရန် အခြေခံလိုအပ်ချက်မှာ စိုက်ဧကနှင့်အထွက်သည် အစဉ်သဖြင့် တိုးတက်နေရေးဖြစ်သည်။

သီးနှံထုတ်လုပ်မှုအတွက် အဓိကကျသော အချက်မှာ ကုန်ထုတ်လုပ်မှုစရိတ် နည်းပါးရေးနှင့် သွင်းအားစုစရိတ်များ နည်းပါးရေးဖြစ်သည်ကိုလည်း တွေ့နိုင်သည်။ မျိုးကောင်းမျိုးသန့် ထုတ်လုပ်မှုတွင် တောင်သူ၊ ကုန်သည်၊ လုပ်ငန်းရှင်များပါ ပါဝင်လာစေရန်၊ ဈေးကွက်လိုအပ်ချက်နှင့် ညီညွတ်သောဆီထွက်သီးနှံမျိုးကောင်းမျိုးသန့်များ ပေါပေါများများထုတ်လုပ်ပေးနိုင်ရန်၊ စီးပွားဖြစ်စိုက်ပျိုးထုတ်လုပ်ရာတွင် အခြားသီးနှံများ ဥပမာ မတ်ပဲ၊ ပဲတီစိမ်း၊ ပြောင်း စသည်တို့နှင့် ယှဉ်ပြိုင်နိုင်စွမ်း မြင့်မားရန်တို့ဖြစ်သည်။ ဆီထွက်သီးနှံကို ကြီးကြီးမားမား စိုက်ပျိုးထုတ်လုပ်သည့် ပုဂ္ဂလိကကုမ္ပဏီများ အများအပြား ပေါ်ထွန်းလာရန်လည်း လိုအပ်သည်။ အထူးသဖြင့် ဆီအုန်းစိုက်ပျိုးထုတ်လုပ်ခြင်းနှင့် စားအုန်းဆီ ထုတ်လုပ်ရေးကဏ္ဍအတွက် ပုဂ္ဂလိကကဏ္ဍမှ ပိုမိုခိုင်မာအားကောင်းစွာ ပါဝင်လာရန်လိုအပ်သည်။ ကုန်ကြမ်းဖြစ်သော ဆီထွက်သီးနှံများစိုက်ပျိုးထုတ်လုပ်မှု ကောင်းမွန်တိုးတက်ရေးသည် အခြေခံလိုအပ်ချက်ဖြစ်သည်။ သို့မှသာ စက်ရုံများ နှစ်ပေါက်လည်ပတ်နိုင်ပြီး ကုန်ကြမ်းဖူလုံမည့်အပြင် သီးနှံတချို့ကိုလည်း ပြည်ပတင်ပို့နိုင်မည်ဖြစ်သည်။ စားသုံးဆီဖူလုံရေးအတွက် လိုအပ်သောကုန်ကြမ်းဖြစ်သည့် ဆီထွက်သီးနှံများ ပိုမိုထွက်ရှိလာစေရန် အဓိကလိုအပ်ချက်မှာ တောင်သူများဆီထွက်သီးနှံစိုက်ပျိုးမှုကို စိတ်ဝင်စားလာရေးပင်ဖြစ်သည်။ ထိုသို့ တောင်သူများအတွက် အကျိုးအမြတ်ကောင်းသော သီးနှံများဖြစ်လာရေးမှာ ဈေးကွက်တွင်ယှဉ်ပြိုင်မှုကောင်းသော သီးနှံဖြစ်ရမည်။ တောင်သူမကြိုက်လျှင်ထုတ်လုပ်မှုတိုးလာမည်မဟုတ်ပါ။ ကုန်ထုတ်စွမ်းရည်နှင့် ကုန်ထုတ်လုပ်မှုပမာဏ တိုးတက်ရေး၊ တစ်ဧကအထွက်နှုန်းကောင်းမွန်ရေး၊ ဆီပါဝင်မှုကောင်းသော ဆီထွက်သီးနှံများ ပိုမိုစိုက်ပျိုးထုတ်လုပ်နိုင်ရေး၊ သွင်းအားစုများဖြစ်သောမျိုး၊ ရေ၊ မြေဩဇာ၊ ပိုးသတ်ဆေးများ ဈေးနှုန်းသက်သာရေး၊ လယ်ယာသုံးစက်ကိရိယာများနှင့် လောင်စာဆီဈေးနှုန်းသက်သာရေး၊ အရင်းအနှီးငွေကြေး ပြည့်စုံရန်နှင့် လွယ်ကူစွာချေးငွေထုတ်ယူရေး၊ နည်းပညာလိုအပ်ချက်များ လွယ်လွယ်ကူကူရရှိရေး၊ သီးနှံထွက်ပေါ်ချိန်တွင် ဈေးနှိမ်မခံရရေးနှင့် ဈေးနှုန်းအာမခံချက်ရှိရေး၊ တောင်သူများအတွက် Bonded Warehouse ကဲ့သို့ သိုလှောင်ရုံစနစ်နှင့် ကုန်စည်ဒိုင်များ၊ ကြိုရောင်းကြိုဝယ်များကို ခေတ်နှင့်အညီ စနစ်တကျဆောင်ရွက်ပေးရေး စသည့် အရေးအရာများစွာကို ဆောင်ရွက်ပေးခြင်းဖြင့် စားသုံးဆီဖူလုံရေးနှင့် စားသုံးဆီ ပြည်ပတင်ပို့ရေးအတွက် ကောင်းမွန်သော အထောက်အကူဖြစ်စေနိုင်မည်ဖြစ်သည်။

ထို့ပြင် ပြည်တွင်းဈေးကွက်တွင် ပြည်သူများ၏ အကြိုက်မှာ မြေပဲဆီဖြစ်ပြီး လက်ရှိအများဆုံးရောင်းဝယ်စားသုံးနေရသည်မှာ စားအုန်းဆီဖြစ်သည်။ ထိုအချက်တွင် စားအုန်းဆီသည် ပြည်ပမှတင်သွင်းနေရသဖြင့် တဖြည်းဖြည်း လျှော့ချသွားရန်လည်း လိုအပ်မည်ဖြစ်ပြီး ပြည်တွင်းစားအုန်းဆီထုတ်လုပ်မှုနှင့် ပြည်ပစားအုန်းဆီတင်သွင်းမှုရေချိန်ကို ညီမျှအောင်အချိန်တစ်ခုယူ၍ ဆောင်ရွက်သင့်သည်။ ပြည်တွင်းဆီဖူလုံမှုတွင် အခြေခံမှာ မြေပဲဆီနှင့် စားအုန်းဆီကို လှိုင်လှိုင်ထုတ်လုပ်နိုင်ရေးပင်ဖြစ်သည်။ မြေပဲဆီသည် မီးဖိုချောင်တွင် သုံးစွဲရေးအတွက် အဓိကလိုအပ်ပြီး စားအုန်းဆီမှာ စက်မှုလုပ်ငန်းသုံးနှင့် စားသောက်ကုန်စက်ရုံများအတွက် အဓိကလိုအပ်ချက်ပင်ဖြစ်သည်။

ထို့ကြောင့် မြေပဲဆီကို တစ်နှစ်လျှင် မည်မျှတိုးတက်ထုတ်လုပ်မည်၊ နှမ်းဆီကို တစ်နှစ်လျှင် မည်မျှတိုးတက်ထုတ်လုပ်မည်၊ ပဲပုပ်ဆီကို တစ်နှစ်လျှင် မည်မျှတိုးတက်ထုတ်လုပ်မည်၊ စားအုန်းဆီကို တစ်နှစ်လျှင် မည်မျှတိုးတက်ထုတ်လုပ်မည်၊ ဖွဲနုဆီကို နှစ်အလိုက် မည်သို့ကြိတ်ခွဲထုတ်လုပ်မည်ကို နှစ်အလိုက်၊ နှစ်တိုနှစ်ရှည်စီမံချက်များ ချမှတ်ဆောင်ရွက်ပြီး အဆိုပါဆီများအတွက် ကုန်ကြမ်းအဖြစ် လိုအပ်သည့် ဆီထွက်သီးနှံများကို စိုက်ပျိုးထုတ်လုပ်ကြရမည်ဖြစ်သည်။

လက်ရှိတွင် စားအုန်းဆီကို ပြည်ပမှ လစဉ် တန်ချိန် ၅၀၀၀၀ ခန့် တင်သွင်းလျက်ရှိသကဲ့သို့ ပြည်တွင်းမှ တောင်ဒဂုံစက်ရုံနှင့် ယုဇနစက်ရုံများမှ စားအုန်းဆီများကို တစ်လလျှင် တန်နှစ်ထောင်ခန့် ထုတ်လုပ်လျက်ရှိသည်။ ထို့ကြောင့် ပြည်ပမှ စားအုန်းဆီတင်သွင်းခြင်းကို လျှော့ချရန်အတွက် ပြည်တွင်းမှ စားသုံးဆီအမျိုးမျိုးကို တိုးတက်ကြိတ်ခွဲထုတ်လုပ်နိုင်ရန် လိုအပ်သည်။ ထိုသို့ တိုးတက်ကြိတ်ခွဲထုတ်လုပ်နိုင်မှသာ ပြည်ပမှ တင်သွင်းမှုကို လျှော့ချခြင်းနှင့် ပြည်တွင်းမှထုတ်လုပ်ခြင်းတို့ကို ရေချိန်ညှိဆောင်ရွက်နိုင်မည်ဖြစ်သည်။ အဓိကမှာ ဆီထွက်သီးနှံများ ပန်းတိုင်အထွက်နှုန်းအတိုင်း စဉ်ဆက်မပြတ် စိုက်ပျိုးပြီး အထွက်နှုန်းများ တိုးတက်လာရေးသည် စားသုံးဆီကဏ္ဍအတွက် အရေးပါသော ပထမမဏ္ဍိုင်ကြီးဖြစ်သည်။

ဆက်လက်ဖော်ပြပါမည်။

# ၂၀၂၆ ခုနှစ် ၂၇ ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဦးတည်ချက်များ

(က) အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့်တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုအမွေအနှစ်များ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ခ) အမျိုးသားရေးစရိုက်လက္ခဏာများ မပျောက်ပျက်စေရန်နှင့် မျိုးဆက်သစ်လူငယ်များကြားတွင် ရိုးရာယဉ်ကျေးမှုကို ချစ်မြတ်နိုးသည့် အမျိုးသားရေးစိတ်ဓာတ်ပိုမိုထွန်းကားပြန့်ပွားစေရေး၊

(ဂ) မြန်မာ့ရိုးရာယဉ်ကျေးမှုအနုပညာရပ်များ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်စေရန် ဖော်ထုတ်ထိန်းသိမ်းမြှင့်တင်ရေး၊

(ဃ) နိုင်ငံတော်တည်ဆောက်ရေးကဏ္ဍတွင် ယဉ်ကျေးမှုအနုပညာစွမ်းအားဖြင့် တစ်တပ်တစ်အားပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

# ရင်းမာပွင့်ချိန်

- ရင်းမာပွင့်ဆဲ မိုးကသည်းနှင့်
မလွဲကျိုးပျက် ကန်သင်းထက်တွင်
လှိုင်းတက်ရွာမြဲ ကဲတတ်သည်။

- ရင်းမာပွင့်ချိန် နေခြည်ထိန်၍
ပူရှိန်ကပြင်း တော်သလင်းဟု
မယွင်းမှတ်ရ ကာလပင်။

- ရင်းမာထုံသင်း ချောင်းမြစ်တွင်းမှာ
ဖြန့်ခင်းငွေလွှာ ရေပြင်သာလို့
ပမာမှန်သား ခြားမထင်။

- ရင်းမာလှိုင်ဆဲ လေပြိုင်ပွဲကို
ဆင်နွှဲချိန်ခါ မင်္ဂလာတည့်
သူငါတွဲဖော် ပျော်မှပျော်။

- ရင်းမာခက်ပြိုင် ပွင့်ချင်းဆိုင်လျက်
မြိုင်မြိုင်ဖူးပွင့် ငုံအာဆင့်ကို
အသင့်ခူးကြ ပန်းခိုင်လှတွေ
တူမျှဝေထိုး လှပန်းအိုးများ
စင်ပေါ်ထားချင် စိုပြည်လွင်လျက်
ဦးတင်ဖူးမြင် မြတ်ရှင်ပင်ထံ
တောင်းဆုပန်သ မေတ္တာမျှဝေ
သာစုခြွေပြီ မသွေရင်းမာ လှိုင်ဆဲကို။ ။

မန်းတင့်မော်

# တန့်ဆည်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ပဲတီစိမ်း ၂၂၂၅ ဧကထိ ရိတ်သိမ်းပြီးစီးပြီဖြစ်



**တန့်ဆည် စက်တင်ဘာ ၂၆**

စစ်ကိုင်းတိုင်းဒေသကြီး ရေဦးခရိုင် တန့်ဆည်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ပဲတီစိမ်း ၂၂၂၅ ဧကထိ ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း တန့်ဆည်မြို့နယ် စိုက်ပျိုးရေး ဦးစီးဌာနမှ သိရသည်။

တန့်ဆည်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၁၅၁၅၂ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါ စိုက်ပျိုးထားသော ပဲတီစိမ်းစိုက်ခင်းများကို ယခုနှစ် စက်တင်ဘာလ ပထမပတ်မှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ၂၂၂၅ ဧကထိ ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၁၇ ဒသမ ၂၅ တင်း ထွက်ရှိကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ တန့်ဆည်မြို့နယ်မှာ ပဲတီစိမ်း ၁၅၁၅၂ ဧက စိုက်ပျိုးထားပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ ပဲတီစိမ်းစိုက်ခင်းတွေ လက်ရှိအချိန်မှာ ရိတ်သိမ်းလျက်ရှိပါတယ်။ ဒီနေ့ထိ ဧက ၂၀၀၀ ကျော် ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ ပဲတီစိမ်းစိုက်ပျိုးမှုနဲ့ပတ်သက်ပြီး တိုးချဲ့စိုက်ပျိုးဖို့၊ အထွက်နှုန်းကောင်းမွန်ဖို့အတွက် မျိုးကောင်းမျိုးသန့်တွေ သုံးစွဲဖို့ အသိပညာပေးခဲ့ပါတယ်"ဟု တန့်ဆည်မြို့နယ် စိုက်ပျိုးရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအုန်းကျော်မြင့်က ပြောပြသည်။

တန့်ဆည်မြို့နယ်တွင် ပဲတီစိမ်းစိုက်တောင်သူများကို မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက ဒေသနှင့် ကိုက်ညီသည့်မျိုးကောင်းမျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှု ကင်းရှင်းရေး၊ ဓာတ်မြေဩဇာ စနစ်တကျသုံးစွဲရေး၊ အထွက်နှုန်း ကောင်းမွန်ရေး တို့ကို အသိပညာပေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ပဲတီစိမ်းကို အထွက်နှုန်း တိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကိုပါ ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ဖွံ့ဖြိုးလာမည်ဖြစ်သောကြောင့် ပဲတီစိမ်းကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း တန့်ဆည်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ် ဦးစီးမှူး ဦးအုန်းမြင့်ကျော်က ပြောပြ၍ သိရသည်။

(၂၀၆)

# ကျောက်ပန်းတောင်းမြို့နယ် လူထုအခြေပြုဗဟိုဌာန၌ စာဖတ်ဝိုင်း ဆွေးနွေးပွဲကျင်းပ

**ကျောက်ပန်းတောင်း စက်တင်ဘာ ၂၆**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ကျောက်ပန်းတောင်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက မျိုးဆက်သစ် ကျောင်းသားလူငယ်များ ဗလငါးတန် ဖွံ့ဖြိုးတိုးတက်စေရန်နှင့် စာပေအသိပညာ ဗဟုသုတများ တိုးပွားလာစေရန် ရည်ရွယ်၍ စာဖတ်ဝိုင်းဆွေးနွေးပွဲကို စက်တင်ဘာ ၂၅ ရက် မွန်းလွဲ ၂ နာရီက မြို့နယ် လူထုအခြေပြုဗဟိုဌာန ခန်းမ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မေသက်နွယ်က စာဖတ်ဝိုင်း ဆွေးနွေးပွဲများ ပြုလုပ်ပေးရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ အမှတ် (၁) အခြေခံပညာ အထက်တန်းကျောင်းမှ အထက်တန်းပြဆရာမ ဒေါ်ဆန်းညွန့်ငွေးက ယခုနှစ် စက်တင်ဘာ ၁၅ ရက်ထုတ် ဒို့ကျေးရွာဂျာနယ် အတွဲ (၂၃)၊ အမှတ်(၁၈) တွင်ပါရှိသည့် စာရေးဆရာ ဒေါက်တာသန်းထွန်း ရေးသားသည့် လူငယ်တွေ စာဖတ်ကြပါ ဆောင်းပါးကို ဦးဆောင်ဖတ်ကြားပြီး Grade-9 မှ မောင်ဟံဇာထွေး၊ မောင်သန်းမင်းထွဋ်နှင့် Grade-8 မှ မရှင်းဖွေးသန့်တို့က ဆက်လက်ဖတ်ကြားသည်။

ထို့နောက် မြို့နယ်ဦးစီးမှူးနှင့် ဆရာမ ဒေါ်ဆန်းညွန့်ငွေးတို့က ဆောင်းပါးပါ အကြောင်းအရာများနှင့်ပတ်သက်၍ ဆွေးနွေးခဲ့ကြသည်။

အဆိုပါစာဖတ်ဝိုင်းဆွေးနွေးပွဲသို့ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ် ဦးစီးမှူး ဒေါ်မေသက်နွယ်၊ အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်းမှ အထက်တန်းပြ ဆရာမ ဒေါ်ဆန်းညွန့်ငွေးနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**အောင်နေဦး**

# ဓနုဖြူမြို့နယ် ဝါးတန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**ဓနုဖြူ စက်တင်ဘာ ၂၆**

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် ဓနုဖြူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက တမြာကျေးရွာအုပ်စု ဝါးတန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို စက်တင်ဘာ ၂၅ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဓနုဖြူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထွန်းလင်းကျော်နှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ရေလုပ်ငန်း၊ ကုန်ထုတ်လုပ်ငန်း၊ စက်မှုလက်မှုလုပ်ငန်းများနှင့် အခြားစီးပွားရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းနေမှုအခြေအနေများနှင့် လအလိုက်ဖြည့်သွင်းရမည့် ငွေစာရင်းဇယားပုံစံများ ဖြည့်သွင်းထားခြင်းရှိ၊ မရှိကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

ဝါးတန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေဖြင့် စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း၊ ရေလုပ်ငန်း၊ စက်မှုလက်မှုလုပ်ငန်း၊ ကုန်ထုတ်လုပ်ငန်းနှင့် အခြားစီးပွားရေးလုပ်ငန်းများ လုပ်ကိုင်သည့် စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၀၁ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ် သိန်း ၃၀ ထုတ်ချေးပေးထားပြီး စီမံကိန်းလုပ်ငန်းများ အောင်မြင်စွာလည်ပတ်ဆောင်ရွက်လျက် ရှိကြောင်း ဓနုဖြူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထွန်းလင်းကျော်ထံမှ သိရသည်။

**တေဇာလင်း**

# အီရန်၏ ငြိမ်းချမ်းရေးဆိုင်ရာအဆိုပြုချက်များ အမေရိကန်သမ္မတဒေါ်နယ်ထရမ့် ငြင်းပယ်

**နယူးယောက် စက်တင်ဘာ ၂၆**

ခုနစ်ရက်တာ ကာလအတွင်း ဟော်မုဇ်ရေလက်ကြား ပြန်လည်ဖွင့်လှစ်ရေးနှင့် ဒေသတွင်းစစ်ရေး ပဋိပက္ခများ ရပ်တန့်ရေးတို့အတွက် အီရန်နိုင်ငံက တင်ပြထားသည့် အဆိုပြုချက်များကို အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က ငြင်းပယ်ထားကြောင်း စက်တင်ဘာ ၂၅ ရက် သတင်းများတွင် ရေးသားတင်ပြခဲ့သည်ဟု Xinhua သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

ခြောက်လကျော်ကြာ အီရန်စစ်ရေးပဋိပက္ခ အဆုံးသတ်ရေးအတွက် ငြိမ်းချမ်းရေးအစီအစဉ်တစ်ရပ်ကို ကာတာအစိုးရမှတစ်ဆင့် အမေရိကန်အစိုးရထံ ပေးပို့ထားကြောင်း အီရန်နိုင်ငံခြားရေးဝန်ကြီး အဘတ်စ်အာရက်ချီက စက်တင်ဘာ ၂၅ ရက်တွင် ထုတ်ဖော်ပြောကြားထားသည်။

အဆိုပါငြိမ်းချမ်းရေး အစီအစဉ်အရ ခုနစ်ရက်အတွင်း ဟော်မုဇ်ရေလက်ကြားကို ပြန်လည်ဖွင့်လှစ်နိုင်မည်ဖြစ်ပြီး ဒေသတွင်း စစ်ရေးပဋိပက္ခများကို ယာယီရပ်ဆိုင်းထားမည်ဖြစ်ကြောင်း အီရန်နိုင်ငံခြားရေးဝန်ကြီးက ပြောကြားထားသည်။

သို့ရာတွင် အမေရိကန်မီဒီယာများ၏အဆိုအရ အီရန်နိုင်ငံ၏ အဆိုပါ ငြိမ်းချမ်းရေးအစီအစဉ်ကို အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က ပယ်ချထားကြောင်း သိရသည်။

ပြီးခဲ့သည့် ရက်များအတွင်း အီရန်နှင့် အမေရိကန်တာဝန်ရှိသူများသည် အီရန်စစ်ရေးပဋိပက္ခ ပြီးဆုံးရေးအတွက် တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်ခဲ့သော်လည်း သိသာထင်ရှားသည့် ရလဒ်မျိုးပေါ်ထွက်လာမှု မရှိသေးကြောင်း သိရသည်။

**Ref : Xinhua**
**Trs : KKO**

# ယူကရိန်းစစ်ရေးပဋိပက္ခအဆုံးသတ်ရေး အဆိုပြုချက်များအတွက် လမ်းဖွင့်ပေးထားကြောင်း ရုရှားသမ္မတ ပူတင်ပြောကြား



**စိန့်ပီတာစဘတ် စက်တင်ဘာ ၂၆**

လေးနှစ်ခွဲကျော် ကြာမြင့်လာပြီဖြစ်သော ယူကရိန်းစစ်ရေးပဋိပက္ခအဆုံးသတ်နိုင်ရေး အဆိုပြုချက်အားလုံးအတွက် ရုရှားနိုင်ငံက လမ်းဖွင့်ပေးထားကြောင်း ရုရှားသမ္မတပူတင်က စက်တင်ဘာ ၂၅ ရက်တွင် ပြောကြားခဲ့သည်ဟု RT သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

သို့ရာတွင် ရုရှားနိုင်ငံအတွက် မည်သည့် အဆိုပြုချက်မျိုးမှာ အကောင်းဆုံးဖြစ်မည်ကို အကဲဖြတ်ဆန်းစစ်ရန် လိုအပ်ဆဲဖြစ်ကြောင်း ရုရှားသမ္မတပူတင်က စိန့်ပီတာစဘတ်မြို့၌ သတင်းထောက်များနှင့် တွေ့ဆုံစဉ် ထုတ်ဖော်ပြောကြားခဲ့သည်။

ရုရှားလွှတ်တော်ရွေးကောက်ပွဲများပြီးဆုံးပြီးနောက် ယူကရိန်းနိုင်ငံနှင့် ငြိမ်းချမ်းရေးဆွေးနွေးပွဲများ ပြန်လည်စတင်ရန် မိမိတို့အသင့်ရှိကြောင်း၊ သို့ရာတွင် ရွေးကောက်ပွဲ ကာလအတွင်း မော်စကိုမြို့နှင့် မဲရုံများကို တိုက်ခိုက်ခဲ့သည့်အတွက် ယူကရိန်းကို ပြန်လည်လက်တုံ့ပြန်မည် ဖြစ်ကြောင်း သမ္မတပူတင်က သတိပေးပြောကြားထားသည်။

ရုရှားတပ်များသည် ယူကရိန်းပစ်မှတ်များကို ညပိုင်းကာလများတွင်သာ အများအားဖြင့် တိုက်ခိုက်ခဲ့သော်လည်း ပြီးခဲ့သည့် ရက်သတ္တပတ်များအတွင်း ကီယက်ဗ်မြို့နှင့် အခြားမြို့ကြီးများကို နေ့ပိုင်းကာလများတွင်ပါ မောင်းသူမဲ့ဒရုန်းယာဉ်များ၊ ဒုံးကျည်များဖြင့် တိုက်ခိုက်လာခဲ့သည်။

လက်ရှိတွင် ရုရှားတပ်များသည် ယူကရိန်းနိုင်ငံ တစ်နိုင်ငံလုံး၏ ငါးပုံတစ်ပုံခန့်ကို ထိန်းချုပ်ထားကြောင်းသိရသည်။

**Ref : RT**
**Trs : KKO**

# အမ်မိုးနိုက်ခရု ကျောက်ဖြစ်ရုပ်ကြွင်းများ ချီလီအကောက်ခွန်ဌာန ရှာဖွေသိမ်းဆည်း




**ဆန်တီယာဂို စက်တင်ဘာ ၂၆**

မာဒါဂါစကားကျွန်း နိုင်ငံမှ ရောက်ရှိလာသည့် သင်္ဘောတင်ကုန်သေတ္တာ တစ်လုံးအတွင်း အမ်မိုးနိုက်ခရု ကျောက်ဖြစ်ရုပ်ကြွင်း ၂၀၀ ကျော်ကို ချီလီအကောက်ခွန်ဌာနက ရှာဖွေသိမ်းဆည်းနိုင်ခဲ့ကြောင်း စက်တင်ဘာ ၂၅ ရက် သတင်းများတွင် ရေးသားတင်ပြခဲ့သည်ဟု Xinhua သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

အမ်မိုးနိုက်ခရုများသည် ယနေ့ခေတ်ရေဘဝဲများပြည်ကြီးငါးများနှင့် အလွန်ဆင်တူပြီး လွန်ခဲ့သောနှစ်ပေါင်း ၆၆သန်းက ပျောက်ကွယ်သွားသည့်သက်ရှိများဖြစ်ကြသည်။

ချီလီအကောက်ခွန် ဌာနက ရှာဖွေသိမ်းဆည်း နိုင်ခဲ့သော အမ်မိုးနိုက် ပင်လယ်ခရုခွံများမှာ သက်တမ်းအားဖြင့် နှစ်ပေါင်း သန်း ၁၁၀ မှ ရှိပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ အမ်မိုးနိုက်ခရုကျောက်ဖြစ်ရုပ်ကြွင်းများကို အခြားလူ့အသုံးအဆောင် ပစ္စည်းများနှင့် အတူရောနှောထည့်သွင်းထားခြင်းဖြစ်ကြောင်း ချီလီအကောက်ခွန်ဌာန တာဝန်ရှိသူများက ပြောကြားထားသည်။

လက်ရှိတွင် အဆိုပါကျောက်ဖြစ်ရုပ်ကြွင်းများ၏ မူလအစကို သိရှိဖော်ထုတ် နိုင်ရေးအတွက် မာဒါဂါစကားအစိုးရထံ အကူအညီတောင်းခံထားကြောင်း ချီလီအကောက်ခွန်ဌာနက သတင်းထုတ်ပြန်ထားသည်။

ထို ကျောက်ဖြစ်ရုပ်ကြွင်းများမှာ အမ်မိုးနိုက်ခရု ကျောက်ဖြစ်ရုပ်ကြွင်းစစ်မှန်သည်ဟု ချီလီသိပ္ပံပညာရှင်များက အတည်ပြုထားကြောင်း သိရသည်။

**Ref : Xinhua**
**Trs : KKO**

# ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) အကြီးအကဲသစ်ရွေးချယ်ပွဲ၌ ပါဝင်ယှဉ်ပြိုင်မည့်သူ ငါးဦးထိရှိလာ

**ဂျီနီဗာ စက်တင်ဘာ ၂၆**

ကမ္ဘာ့ကျန်းမာရေးအဖွဲ့(WHO) အကြီးအကဲသစ် ရွေးချယ်တင်မြှောက်ပွဲ၌ ပဉ္စမမြောက်ကိုယ်စားလှယ်လောင်းတစ်ဦး ထပ်မံပါဝင်လာကြောင်း စက်တင်ဘာ ၂၅ ရက် သတင်းများတွင် ရေးသားတင်ပြခဲ့သည်ဟု Xinhua သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

WHO အကြီးအကဲသစ် ရွေးချယ်တင်မြှောက်ပွဲတွင် စပိန်အမျိုးသမီးဆေးပညာရှင် ဝါရင့်သံတမန်မာရီယာနိုင်ရာလည်း ပါဝင်လာကြောင်း WHO သတင်းဝက်ဘ်ဆိုက်၌ သတင်းထုတ်ပြန်ထားသည်။

စပိန်အမျိုးသမီး ဆေးပညာရှင် မာရီယာနိုင်ရာသည် စက်တင်ဘာ ၂၄ ရက်တွင် WHO အကြီးအကဲသစ် ရွေးချယ်တင်မြှောက်ပွဲ၌ ပါဝင်ယှဉ်ပြိုင်ရန် အမည်စာရင်း ပေးသွင်းခဲ့ခြင်းဖြစ်သည်။

လာမည့် နိဝင်ဘာလတွင် စတင်မည့် WHO အကြီးအကဲသစ် ရွေးချယ်တင်မြှောက်ပွဲတွင် ကာတာ၊ ဆော်ဒီအာရေဗျ၊ ဘယ်လ်ဂျီယံ၊ အင်ဒိုနီးရှားနိုင်ငံတို့မှ ကိုယ်စားလှယ်လောင်းများ ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။

WHO အကြီးအကဲသစ် ရွေးချယ်တင်မြှောက်ပွဲ အတွက် ဆန်ခါတင် ကိုယ်စားလှယ်လောင်းသုံးဦးကို (WHO) အမှုဆောင်ဘုတ်အဖွဲ့က လာမည့် ၂၀၂၇ ခုနှစ် ဇန်နဝါရီလတွင် ကြေညာမည်ဖြစ်သည်။

လက်ရှိ WHO ညွှန်ကြားရေးမှူးချုပ်မှာ အီသီယိုးပီးယားနိုင်ငံသား ဂျီဘရီယေးဆပ်ဖြစ်ပြီး ၂၀၁၇ ခုနှစ်မှစ၍ ထိုရာထူးကို စတင်ရယူခဲ့ကြောင်းသိရသည်။

**Ref : Xinhua**
**Trs : KKO**

# ကွန်ဂိုစစ်ဘက်လေယာဉ်တစ်စင်းပျက်ကျ ထိပ်တန်းအရာရှိကြီးများအပါအဝင် ၁၃ ဦးသေဆုံး

**ကင်ရှာဆာ စက်တင်ဘာ ၂၆**



ကွန်ဂိုနိုင်ငံ ကွမ်ဂိုပြည်နယ်၌ စက်တင်ဘာ ၂၅ ရက်က စစ်ဘက်သယ်ယူပို့ဆောင်ရေး လေယာဉ်တစ်စင်းပျက်ကျခဲ့ရာ ထိပ်တန်းတပ်မတော်အရာရှိကြီး နှစ်ဦးအပါအဝင် လူ ၁၃ ဦးသေဆုံးခဲ့ကြောင်း RT သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

အဆိုပါ စစ်ဘက်လေယာဉ်သည် ကွန်ဂိုအနောက်မြောက်ပိုင်း ကစ်စစ်မြို့မှ ကင်ရှာဆာမြို့သို့ ပျံသန်းနေစဉ် စက်ချွတ်ယွင်းမှုကြောင့် ပျက်ကျခဲ့ခြင်းဖြစ်ကြောင်း ကွန်ဂိုတပ်မတော်က သတင်းထုတ်ပြန်ထားသည်။

ထိုလေယာဉ်သည် စက်ချွတ်ယွင်းမှုကြောင့် ကွန်ဂိုပြည်နယ် ကန်ဂျီမြို့ လေဆိပ်တစ်ခု၌ အရေးပေါ်ဆင်းသက်ရန် ကြိုးပမ်းစဉ် ပျက်ကျခဲ့ခြင်းဖြစ်ကြောင်း ကွန်ဂိုတပ်မတော် တာဝန်ရှိသူများက ပြောကြားထားသည်။

လေယာဉ် ပျက်ကျမှုကြောင့် ကွန်ဂိုတပ်မတော် တရားစစ်ချုပ်နှင့် စစ်ခုံရုံး အကြီးအကဲအပါအဝင် လိုက်ပါလာသူ ၁၃ ဦးလုံး သေဆုံးခဲ့ကြောင်း ကွန်ဂိုတပ်မတော် သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

လက်ရှိတွင် လေယာဉ်ပျက်ကျခြင်း နောက်ခံအကြောင်းရင်းကို ကွန်ဂိုတပ်မတော် တာဝန်ရှိသူများက စုံစမ်းစစ်ဆေးနေဆဲဖြစ်ကြောင်း သိရသည်။

ကွန်ဂိုတပ်မတော်သည် ပြီးခဲ့သည့် နှစ်မှစ၍ နိုင်ငံအရှေ့ပိုင်းဒေသများ၌ သူပုန်အုပ်စုအမျိုးမျိုးနှင့် ရင်ဆိုင်နေရကြောင်း သိရသည်။

**Ref : RT**
**Trs : KKO**

# ကမ္ဘာပေါ်၌ အတိကျဆုံးအဏုမြူနာရီစနစ်ကို စင်ကာပူနိုင်ငံ ကွမ်တမ်နည်းပညာဗဟိုဌာနမှ သိပ္ပံပညာရှင်များ တည်ဆောက်နိုင်ခဲ့



စင်ကာပူ စက်တင်ဘာ ၂၆

ကမ္ဘာပေါ်၌ အတိကျဆုံး အဏုမြူနာရီစနစ်ကို စင်ကာပူနိုင်ငံ ကွမ်တမ်နည်းပညာဗဟိုဌာနမှ သိပ္ပံပညာရှင်များက တည်ဆောက်နိုင်ခဲ့ကြောင်း စက်တင်ဘာ ၂၅ ရက် သတင်းများအရ သိရသည်။

အဆိုပါ အဏုမြူနာရီသည် တစ်စက္ကန့် အချိန်ကာလကို အပိုင်းအခြားပေါင်း ထရီလီယံနှင့်ချီ၍ ခွဲထုတ်ပေးနိုင်ကြောင်း စင်ကာပူ သိပ္ပံပညာရှင်များက ပြောကြားသည်။

စင်ကာပူသိပ္ပံပညာရှင်များ၏ အဆိုအရ လူတီသီယမ်ဒြပ်စင်ဖြင့် တည်ဆောက်ထားသော အဆိုပါ အဏုမြူနာရီစနစ်သည် တစ်စက္ကန့် အချိန်ကာလကို ဒသမနောက်တွင် ကိန်းဂဏန်း ၁၉ လုံးထိ ပိုင်းခြားပေးနိုင်ကြောင်း သိရသည်။

မိမိတို့၏ အဏုမြူနာရီစနစ်သည် နှစ်ပေါင်း ၂၆၁ ဘီလီယံကြာမြင့်မှသာ တစ်စက္ကန့် အချိန်ကာလကို ဆုံးရှုံးနိုင်ကြောင်း၊ လက်တွေ့စမ်းသပ်မှုများမှ ပေါ်ထွက်လာသည့်ရလဒ်များအရ အဏုမြူနာရီသည် ယခင်တည်ဆောက်ခဲ့ကြသော အဏုမြူနာရီများထက် အချိန်ကာလကို တိုင်းတာရာတွင် ပို၍တိကျကြောင်း စင်ကာပူ သိပ္ပံပညာရှင်များက ပြောကြားသည်။

အဏုမြူနာရီများသည် အက်တမ်များ၏ အသွင်ကူးပြောင်းမှုကို စောင့်ကြည့်ခြင်းဖြင့် အချိန်ကာလကို တိကျစွာတိုင်းတာပေးနိုင်ကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO

# သန်းသတ်ဆေးတစ်မျိုးတွင်ပါဝင်သည့် ဓာတုပစ္စည်းက ရင်သားကင်ဆာဖြစ်နိုင်ခြေ မြင့်တက်လာနိုင်

နယူးယောက် စက်တင်ဘာ ၂၆

ကလေးများတွင် အသုံးပြုသည့် Derbac M အမည်ရှိ သန်းသတ်ဆေးတစ်မျိုးကြောင့် ရင်သားကင်ဆာရောဂါဖြစ်နိုင်ခြေ မြင့်တက်လာနိုင်ကြောင်း သုတေသနပညာရှင်များ၏အဆိုကို ကိုးကား၍ စက်တင်ဘာ ၂၅ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

အမေရိကန် သုတေသနပညာရှင်များသည် ရင်သားကင်ဆာရောဂါဖြစ်နိုင်ခြေ မြင့်တက်လာမှုနှင့်ဆက်စပ်နေဖွယ်ရှိသော ဓာတုပစ္စည်း ၉၀၀ ကျော်ကို လေ့လာခဲ့ပြီးနောက် ၎င်းတို့၏တွေ့ရှိချက်ကို တင်ပြခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။

အမေရိကန် သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ Derbac M သန်းသတ်ဆေး၌ ပါဝင်သော Malathion ခေါ် ဓာတုပစ္စည်း တစ်မျိုးမှာ ရင်သားကင်ဆာရောဂါဖြစ်နိုင်ခြေ မြင့်တက်လာမှုနှင့် ဆက်စပ်နေကြောင်း၊ ထို့ပြင် Bisphenol A (BPA) နှင့် Methy-Lparaben စသည့် ဓာတုပစ္စည်းများသည်လည်း ရင်သားကင်ဆာရောဂါဖြစ်နိုင်ခြေ မြင့်တက်လာမှုနှင့် ဆက်စပ်နေနိုင်ကြောင်း သိရသည်။

အသက်ငယ်ရွယ်ချိန်တွင် အထက်ပါ ဓာတုပစ္စည်းများနှင့် ထိတွေ့မှုကို လျှော့ချခြင်းဖြင့် အသက်ရလာချိန်၌ ရင်သားကင်ဆာဖြစ်ပွားနိုင်ခြေကို လျှော့ချနိုင်ကြောင်း၊ အသက် ၂၀ နှင့် ၄၉ နှစ်ကြား အမျိုးသမီးများ၌ ရင်သားကင်ဆာရောဂါဖြစ်ပွားနှုန်းမြင့်တက်လာချိန်တွင် အမေရိကန် သုတေသန ပညာရှင်များက ၎င်းတို့၏ တွေ့ရှိချက်ကို တင်ပြခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO

# Starship - 14 မစ်ရှင်အတွက် ကြိုတင်ပြင်ဆင်သည့်အနေဖြင့် Starship ဒုံးပျံနှင့် စူပါဟဲဗီးပင်မဒုံးယာဉ်တို့ကို ပေါင်းစပ်တပ်ဆင်ခဲ့

ဝါရှင်တန် စက်တင်ဘာ ၂၆

အမေရိကန်နိုင်ငံ အခြေစိုက် စပေ့အိတ်ကုမ္ပဏီသည် Starship - 14 မစ်ရှင်အတွက် ကြိုတင်ပြင်ဆင်သည့်အနေဖြင့် စက်တင်ဘာ ၂၄ ရက်တွင် Starship ဒုံးပျံနှင့် စူပါဟဲဗီးပင်မဒုံးယာဉ်တို့ကို ပေါင်းစပ်တပ်ဆင်ခဲ့ကြောင်း စက်တင်ဘာ ၂၅ ရက် သတင်းများအရ သိရသည်။

Starship ဒုံးပျံနှင့် စူပါဟဲဗီးပင်မဒုံးယာဉ်တို့ ပေါင်းစပ်တပ်ဆင်မှုကို ဆောက်တက္ကဆက်ဒေသ စတားဘေ့စ်အာကာသစခန်း၌ပြုလုပ်ခဲ့သည်ဟု စပေ့အိတ်ကုမ္ပဏီက သတင်းထုတ်ပြန်ထားကြောင်း သိရသည်။



စပေ့စ်အိတ် ကုမ္ပဏီသည် Starship-14 မစ်ရှင်ကို လာမည့် စက်တင်ဘာ ၂၈ ရက်တွင် လွှတ်တင်ရန် စီစဉ်ထားသည်။

အဆိုပါမစ်ရှင်အတွင်း Starship ဒုံးပျံသည် စပေ့စ်အိတ်ကုမ္ပဏီ၏ Starlink V3 အမျိုးအစား အင်တာနက်ဝန်ဆောင်မှု ဂြိုဟ်တု ၂၆ စင်းကို သယ်ဆောင်သွားမည်ဖြစ်ကြောင်း၊ စူပါဟဲဗီးပင်မဒုံးယာဉ်ကမူ လွှတ်တင်ပြီး ခုနစ်မိနစ်ခန့်အကြာတွင် မက္ကဆီကိုပင်လယ်ကွေ့ဒေသသို့ ပြန်လည်ဆင်းသက်မည်ဖြစ်ကြောင်း သိရသည်။

Starship ဒုံးယာဉ်ကမူ လွှတ်တင်ပြီး ၁၀ နာရီခန့်အကြာတွင် ချီလီနိုင်ငံ ကမ်းလွန်ပစိဖိတ် သမုဒ္ဒရာ ရေပြင်အတွင်းသို့ ပြန်လည်ဆင်းသက်နိုင်ကြောင်း စပေ့အိတ်ကုမ္ပဏီမှ တာဝန်ရှိသူများက ပြောကြားသည်။

Ref : Russia Today

Trs : KKO

# UPFS အစားအစာများ စားသုံးမှုမြင့်မားပါက ကျန်းမာရေးဆိုးကျိုးများ ပိုမိုကြီးမားလာနိုင်

ပေကျင်း စက်တင်ဘာ ၂၆

အလွန်အကျွံပြုပြင်စီရင်ထားသော အသင့်စားအစားအစာများ (UPFS) စားသုံးမှုမြင့်မားခဲ့ပါက ကျန်းမာရေးဆိုးကျိုးများ ပိုမိုကြီးမားလာနိုင်ကြောင်း သုတေသနပညာရှင်များ၏အဆိုကို ကိုးကား၍စက်တင်ဘာ ၂၅ရက်သတင်းများတွင် ရေးသားဖော်ပြထားသည်။

UPFS အစားအစာများစားသုံးမှုမြင့်မားပါက ပေါ်ထွက်လာနိုင်သည့် ကျန်းမာရေးဆိုးကျိုးများထဲတွင် နှလုံးရောဂါများ၊ လေဖြတ်ခြင်း၊ အဝလွန်ခြင်း၊ ဆီးချိုရောဂါ၊ စိတ်ကျရောဂါ၊ အစာခြေလမ်းကြောင်းစနစ်ကျန်းမာရေးပြဿနာများနှင့် ကင်ဆာရောဂါများပါဝင်ကြောင်း တရုတ်သုတေသနပညာရှင်များ၏ အဆိုအရ သိရသည်။

၎င်းတို့၏ လေ့လာတွေ့ရှိချက်အရ အဆိုပါအစားအစာများမှာ အများပြည်သူများ၏ ကျန်းမာရေးအတွက် အဓိကပြဿနာကြီးတစ်ရပ်ဖြစ်လာကြောင်း တရုတ်သုတေသန ပညာရှင်များက ပြောကြားသည်။

တရုတ် သုတေသနပညာရှင်များသည် လူပေါင်း ကိုးသန်းခန့် ပါဝင်သော လေ့လာချက်ပေါင်း ၅၀ ကျော်တို့မှရရှိသည့် အချက်အလက်များကို လေ့လာခဲ့ကြပြီး လေ့လာချက်ရလဒ်များအရ UPFS အစားအစာများ စားသုံးမှုမြင့်မားလေလေ ကျန်းမာရေးဆိုးကျိုးသက်ရောက်မှု ကြီးမားလေလေဖြစ်သည်ကို တွေ့ရကြောင်း၊ တစ်ရက်လျှင် UPFS အစားအစာများကို ပုံမှန်ထက် ဂရမ် ၁၀၀ စားသုံးတိုင်း နှလုံးရောဂါများဖြစ်နိုင်ခြေ ၁၄ ရာခိုင်နှုန်းနှင့် သွေးဖိအားမြင့်တက်လာနိုင်ခြေ ၁၀ ရာခိုင်နှုန်းပိုမြင့်မားလာတတ်ကြောင်း သိရသည်။

Ref : Xinhua News

Trs : KKO



# နာဆာနှင့် စပေ့အိတ်ကုမ္ပဏီတို့က Crew-13 မစ်ရှင်ကို နိုင်ငံတကာအာကာသစခန်းသို့ လွှတ်တင်ရန် စီစဉ်ထား

ဝါရှင်တန် စက်တင်ဘာ ၂၆

အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ (နာဆာ)နှင့် စပေ့အိတ်ကုမ္ပဏီတို့သည် Crew-13 မစ်ရှင်ကို အောက်တိုဘာ ၁ ရက်တွင် နိုင်ငံတကာ အာကာသစခန်းသို့ လွှတ်တင်ရန်စီစဉ်ထားကြောင်း စက်တင်ဘာ ၂၅ ရက် သတင်းများအရ သိရသည်။

Crew-13 မစ်ရှင်အရ စပေ့အိတ်ကုမ္ပဏီ၏ Crew Dragon အာကာသ လူသယ်ယာဉ်သည် နာဆာ အာကာသယာဉ်မှူး နှစ်ဦး၊ ဂျပန်အာကာသယာဉ်မှူးတစ်ဦး နှင့် ရုရှားအာကာသယာဉ်မှူး တစ်ဦးတို့ကို နိုင်ငံတကာ အာကာသစခန်းသို့ ပို့ဆောင်ပေးမည်ဖြစ်ကြောင်း သိရသည်။

အထက်ပါ အာကာသယာဉ်မှူး လေးဦးတို့သည် နိုင်ငံတကာ အာကာသစခန်းပေါ်၌ ခုနစ်လခန့်ကြာနေထိုင်၍ လုပ်ငန်းတာဝန်များ ထမ်းဆောင်မည်ဖြစ်သည်။

နာဆာနှင့် စပေ့အိတ်တို့သည် Crew-13 မစ်ရှင်ကို ဖလော်ရီဒါပြည်နယ် ကိပ်ကာနေဗရယ် အာကာသစခန်းမှတစ်ဆင့် ဖယ်လ်ကွန်-၉ ဒုံးပျံကို လွှတ်တင်ရန်စီစဉ်ထားကြောင်း သိရသည်။

Crew-13 မစ်ရှင်၏ Crew Dragon အာကာသလူသယ်ယာဉ်သည် လွှတ်တင်ပြီး ကိုးနာရီခန့်အကြာတွင် နိုင်ငံတကာအာကာသစခန်းသို့ ရောက်ရှိမည်ဖြစ်သည်။

Crew-13 အာကာသလူသယ်ယာဉ် ဆိုက်ရောက်ခဲ့ပါက နိုင်ငံတကာ အာကာသစခန်းယာဉ်ပေါ်၌ လက်ရှိ တာဝန်ထမ်းဆောင်ဆဲ အာကာသယာဉ်မှူးများအနက် လေးဦး ကမ္ဘာမြေသို့ ပြန်ခွင့်ရမည်ဖြစ်ကြောင်း သိရသည်။

Ref : Xinhua News

Trs : KKO



# ကမ္ဘာ့ဖလားနဂါးလှေလှော်ပြိုင်ပွဲတွင် မြန်မာအသင်း ငွေတံဆိပ်ဆုဆွတ်ခူး

ရန်ကုန် စက်တင်ဘာ ၂၆

တရုတ်နိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပနေသည့် ကမ္ဘာ့ဖလား နဂါးလှေလှော်ပြိုင်ပွဲ၌ မြန်မာအသင်းသည် ယနေ့တွင် ငွေတံဆိပ် ဆွတ်ခူးခဲ့ကြောင်း သိရသည်။

ကမ္ဘာ့ဖလား နဂါးလှေလှော် ပြိုင်ပွဲ အမျိုးသားအလွတ်တန်း ရှစ်တက်လှော် မီတာ ၂၀၀၀ ပြိုင်ပွဲတွင် မြန်မာအသင်းက ငွေတံဆိပ် ဆွတ်ခူးခဲ့ခြင်းဖြစ်ပြီး ရွှေတံဆိပ်ကို အိမ်ရှင်တရုတ်အသင်းနှင့် ကြေးတံဆိပ်ကို အင်ဒိုနီးရှားအသင်းတို့က ဆွတ်ခူးခဲ့ခြင်းဖြစ်သည်။

ဆက်လက်ပြီး အမျိုးသား+ အမျိုးသမီး ရှစ်တက်လှော်မီတာ ၂၀၀၀ ပြိုင်ပွဲ၌ မြန်မာအသင်း ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ စတုတ္ထ နေရာတွင်သာ ရပ်တည်ခဲ့သည့်အတွက် ဆုတံဆိပ်နှင့်လွဲချော်ခဲ့ပြီး အဆိုပါပြိုင်ပွဲတွင် အင်ဒိုနီးရှားအသင်းက ရွှေတံဆိပ်၊ ရုရှားအသင်းက ငွေတံဆိပ်၊ တရုတ်အသင်းက ကြေးတံဆိပ်ဆုများ အသီးသီးရယူခဲ့ကြသည်။

ဆက်လက်၍ မြန်မာအသင်းသည် အမျိုးသားအလွတ်တန်း ၁၀ တက်လှော်မီတာ ၅၀၀၊ အမျိုးသားအလွတ်တန်း ရှစ်တက်လှော်မီတာ ၅၀၀၊ အမျိုးသား + အမျိုးသမီး ရှစ်တက်လှော် မီတာ ၅၀၀ ပြိုင်ပွဲတို့တွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ဗိုလ်လုပွဲအဆင့် တက်ရောက်ခဲ့သည်။

အလားတူ မြန်မာအသင်းသည် မီတာ၂၀၀ အမျိုးသားအလွတ်တန်း၊ အမျိုးသား +အမျိုးသမီးပြိုင်ပွဲတို့တွင်လည်း ယနေ့ပွဲစဉ်များအပြီး ဆီမီးဖိုင်နယ်အဆင့်သို့တက်ရောက်ခဲ့ကြောင်းသိရသည်။

STA



# တရုတ်အိုးပင်းတင်းနစ်ပြိုင်ပွဲမှ ကမ္ဘာ့အဆင့်(၁) ကစားသမား ဂျန်နစ်ခ်ဆင်နာ နုတ်ထွက်

ပေကျင်း စက်တင်ဘာ ၂၆

ကမ္ဘာ့အဆင့်(၁)တင်းနစ်ကစားသမားဖြစ်သည့် အီတလီတင်းနစ်ကစားသမား ဂျန်နစ်ခ်ဆင်နာသည် ဒူးဒဏ်ရာ ကြံ့ခိုင်မှုမပြည့်ဝသေးသည့်အတွက် တရုတ်အိုးပင်း အမျိုးသားတစ်ဦးချင်း တင်းနစ်ပြိုင်ပွဲမှ နုတ်ထွက်ခဲ့ကြောင်း AGTP Tennis သတင်းဝက်ဘ်ဆိုက်က ယနေ့တွင်ဖော်ပြခဲ့သည်။

ဂျန်နစ်ခ်ဆင်နာသည် နောက်ဆုံးကစားခဲ့သည့် ပြိုင်ပွဲအဖြစ် ပြီးခဲ့သည့် ဇူလိုင်လက အင်္ဂလန်နိုင်ငံတွင် ကျင်းပခဲ့သည့် ၂၀၂၆ ဝင်ဘာလေဒွန်အိုးပင်း အမျိုးသား တစ်ဦးချင်းတင်းနစ် ပြိုင်ပွဲ ဝင်ရောက်ကစားခဲ့ပြီး ဗိုလ်လုပွဲစဉ်တွင် လက်ရှိကမ္ဘာ့အဆင့်(၂) ဂျာမနီ တင်းနစ်ကစားသမား ဇီရက်ဗ်ကို သုံးပွဲ တစ်ပွဲဖြင့် အနိုင်ရပြီး ချန်ပီယံဆုကို ဆွတ်ခူးခဲ့ခြင်းဖြစ်သည်။

အဆိုပါ ပြိုင်ပွဲအပြီးတွင် ဂျန်နစ်ခ်ဆင်နာသည် ဒူးဒဏ်ရာ ရရှိခဲ့ပြီး ဆေးကုသမှုများခံယူခဲ့ရသည့်အတွက် အဓိကပြိုင်ပွဲများကိုလွဲချော်ခဲ့ပြီးနောက် စက်တင်ဘာ ၆ ရက်မှစတင်ပြီး လေ့ကျင့်မှုများ လုပ်ဆောင်နိုင်ခဲ့သော်လည်း ဒူးဒဏ်ရာမှာ ကြံ့ခိုင်မှုပြည့်ဝခြင်း မရှိသေးသည့်အတွက် ပြိုင်ပွဲမှ နုတ်ထွက်ခဲ့ခြင်းဖြစ်သည်။

တရုတ်အိုးပင်း တင်းနစ်ပြိုင်ပွဲကို စက်တင်ဘာ ၃၀ ရက်မှ အောက်တိုဘာ ၆ ရက်ထိကျင်းပမည်ဖြစ်ပြီး လက်ရှိချန်ပီယံဂျန်နစ်ခ်ဆင်နာအနေဖြင့် ပါဝင်နိုင်မည် မဟုတ်သော်လည်း ထိပ်တန်းကစားသမားအများစု ဝင်ရောက်ကစားမည်ဖြစ်ကြောင်းသိရသည်။

Ref : AGTP Tennis
Trs : STA

# ဖိလစ်ပိုင်လက်ဝှေ့သမား ပက်ကွီအိုနှင့် အမေရိကန်လက်ဝှေ့သမား စတီဗင်ဆွန်တို့ ထိုးသတ်ရန် Netflix ရုပ်သံကုမ္ပဏီကြားခံဆွေးနွေးနေ

ဝါရှင်တန် စက်တင်ဘာ ၂၆

ဖိလစ်ပိုင်ထိပ်တန်း လက်ဝှေ့သမားပက်ကွီအိုနှင့် အမေရိကန်လက်ဝှေ့သမား စတီဗင်ဆွန်တို့ ထိုးသတ်ရန် Netflix ရုပ်သံကုမ္ပဏီက ကြားခံဆွေးနွေးမှုများ လုပ်ဆောင်နေကြောင်း Source Boxing သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။




Netflix ရုပ်သံကုမ္ပဏီက လာမည့် ဒီဇင်ဘာ ၁၁ ရက် ဝေးလ်နိုင်ငံ ကာဒစ်ဖ်မြို့တွင် ထိုးသတ်မည့် ဖြိုက်နိုက်လက်ဝှေ့သမားများ ဖြစ်သည့် တိုင်ဆန်ဖြူရီနှင့် အန်သိုနီဂျိုရှုအာတို့ ပွဲစဉ်တွင် ပက်ကွီအိုနှင့် စတီဗင်ဆွန်တို့ တွဲဆိုင်းကိုပါ ထည့်သွင်း ကျင်းပလိုသည့်အတွက် ကြားခံဆွေးနွေးမှုများ လုပ်ဆောင်နေခြင်းဖြစ်သည်။

အသက် ၄၇ နှစ်ရှိ ပက်ကွီအိုသည် ပရော်ဖက်ရှင်နယ်လက်ဝှေ့သမားဘဝတွင် ၆၈ ပွဲနိုင်၊ ရှစ်ပွဲရှုံး၊ သုံးပွဲသရေရလဒ်ထွက်ပေါ်ထားပြီး နောက်ဆုံး ထိုးသတ်ခဲ့သည့်ပွဲစဉ်အဖြစ် ၂၀၂၅ ခုနှစ် ဇူလိုင်လက အမေရိကန်လက်ဝှေ့သမား ဘာရီယိုနှင့်ထိုးသတ်ခဲ့ရာ သရေရလဒ် ထွက်ပေါ်ခဲ့သည်။

အသက် ၂၉ နှစ်ရှိ စတီဗင်ဆွန်သည်လည်း နောက်ဆုံးထိုးသတ်ခဲ့သည့်ပွဲစဉ်အဖြစ် ဇန်နဝါရီ ၃၁ ရက်က တစ်နိုင်ငံတည်းသား တီအိုဖိမိုနှင့် ထိုးသတ်ခဲ့ရာဒိုင် အမှတ်ဖြင့် အနိုင်ရပြီး ပရော်ဖက်ရှင်နယ် လက်ဝှေ့သမားဘဝ ၂၅ ပွဲတွင် ၂၅ ပွဲလုံး အနိုင်ရရှိထားကြောင်း သိရသည်။

Ref : Source Boxing
Trs : STA

# မက်ဆီ၏နောက်ဆုံးဂုဏ်ပြုပွဲစဉ်အတွက် လက်မှတ်များအားလုံး နှစ်နာရီအတွင်း ရောင်းချနိုင်ခဲ့ကြောင်း အာဂျင်တီးနားဘောလုံးအဖွဲ့ချုပ် ထုတ်ပြန်

ဗျူနိုစ်အေရိစ် စက်တင်ဘာ ၂၆

အာဂျင်တီးနား ဘောလုံးအဖွဲ့ချုပ်က မက်ဆီ၏ နောက်ဆုံးဂုဏ်ပြုပွဲစဉ်အဖြစ်ကစားမည့် အာဂျင်တီးနားအသင်းနှင့် ဘီနင်အသင်းတို့ပွဲစဉ်အတွက် လက်မှတ်အားလုံး နှစ်နာရီအတွင်း ရောင်းချနိုင်ခဲ့သည်ဟု ထုတ်ပြန်ခဲ့ကြောင်း 365 Scores သတင်းဝက်ဘ်ဆိုက်က ယနေ့တွင်ဖော်ပြခဲ့သည်။

မက်ဆီသည် ၂၀၂၆ကမ္ဘာ့ဖလား ပြိုင်ပွဲအပြီးတွင် အာဂျင်တီးနား အသင်းကစားသမားဘဝ အနားယူကြောင်း အတည်ပြုကြေညာခဲ့သော်လည်း အာဂျင်တီးနားအသင်း ကစားသမားဘဝ နောက်ဆုံး ဂုဏ်ပြုပွဲစဉ်အဖြစ် အောက်တိုဘာ ၆ ရက်တွင် ကစားမည့် ဘီနင်အသင်းနှင့်ပွဲစဉ်တွင် ပါဝင်မည်ဖြစ်သည်။

အာဂျင်တီးနား အသင်းသည် ဘီနင်အသင်းနှင့် ပွဲစဉ်မတိုင်မီ ဘိုလီဗီးယားအသင်း၊ ဘာကီနာဖာဆိုအသင်းတို့နှင့် ခြေစွမ်းပြပွဲကစားမည်ဖြစ်သော်လည်း အဆိုပါပွဲစဉ်နှစ်ပွဲတွင် ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်(ဖီဖာ)၏ အားကစားကွင်းအတွင်း ပရိသတ်တစ်ဝက်သာ ဝင်ခွင့်ပေးထားသည့် ပြစ်ဒဏ်ကြောင့် မက်ဆီ၏ ဂုဏ်ပြုပွဲစဉ်ကို ပရိသတ် ကွင်းလုံးပြည့်ဝင်ရောက်ကြည့်ရှုနိုင်မည့် ဘီနင်အသင်းနှင့် ပွဲစဉ်မှသာ ကျင်းပရန်စီစဉ်ခဲ့ခြင်း ဖြစ်သည်။

မက်ဆီပါဝင်ကစားမည့် ဂုဏ်ပြုပွဲအတွက် လက်မှတ်များကို အာဂျင်တီးနားနိုင်ငံဘောလုံးအဖွဲ့ချုပ်က အနည်းဆုံး လက်မှတ်ခ အာဂျင်တီးနားပီဆို ၉၀၀၀၀၊ အများဆုံးလက်မှတ်ခကို အာဂျင်တီးနားပီဆို ၄၈၀၀၀၀ သတ်မှတ်ပြီး စက်တင်ဘာ ၂၄ ရက်တွင် စတင်ရောင်းချခဲ့ရာ ပရိသတ်များ ကမရောင်းချမီ တစ်နာကျော်ကြာ စောင့်ဆိုင်းခဲ့ပြီး ရောင်းချပြီးနောက် နှစ်နာရီအတွင်းပင် လက်မှတ်အစောင် ၉၀၀၀၀ ကိုရောင်းချနိုင်ခဲ့သည်ဟု အာဂျင်တီးနားနိုင်ငံဘောလုံးအဖွဲ့ချုပ်က ထုတ်ပြန်ခဲ့ကြောင်းသိရသည်။

Ref : 365 Scores
Trs : STA

# ၂၀၂၆ ခုနှစ် အင်္ဂလန်တစ်နှစ်တာ အကောင်းဆုံးကစားသမားဆုကို ရီးရဲလ်မက်ဒရစ်အသင်းမှ ဘယ်လင်ဟမ်ဆွတ်ခူး

လန်ဒန် စက်တင်ဘာ ၂၆

အင်္ဂလန်အသင်း၏ ၂၀၂၆ ခုနှစ် တစ်နှစ်တာ အကောင်းဆုံးကစားသမားဆုကို ရီးရဲလ်မက်ဒရစ်အသင်းမှ ကွင်းလယ်ကစားသမား ဘယ်လင်ဟမ်က ဆွတ်ခူးခဲ့ကြောင်း 365 Scores သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

ဘယ်လင်ဟမ်သည် နောက်ပိုင်းနှစ်များတွင် အင်္ဂလန်အသင်း ကွင်းလယ်ပိုင်းတွင် အရေးပါသည့် ကစားသမားအဖြစ် ပါဝင်လာခဲ့ကာ ပြီးခဲ့သည့်၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲ၌ အင်္ဂလန်အသင်း တတိယဆု ဆွတ်ခူးခဲ့ရာတွင် အဓိကကစားသမားအဖြစ် ခြေစွမ်းပြသခဲ့ပြီးနောက် အင်္ဂလန်အသင်း၏ ၂၀၂၆ ခုနှစ် တစ်နှစ်တာအကောင်းဆုံး ကစားသမားဆုကို ဆွတ်ခူးခဲ့ခြင်းဖြစ်သည်။



ဘယ်လင်ဟမ်သည် ပြီးခဲ့သည့် ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲ၌ အင်္ဂလန်အသင်းနှင့် အတူ အကောင်းဆုံး ခြေစွမ်းပြသခဲ့ကာ အသင်းနှင့်အတူ သွင်းဂိုး ခုနစ်ဂိုး သွင်းယူခဲ့ပြီး အင်္ဂလန်အသင်းတွင် အဓိကပြိုင်ပွဲတစ်ခုအတွင်း သွင်းဂိုးအများဆုံး ကစားသမားအဖြစ် ရပ်တည်ခဲ့ပြီးနောက် အသင်းဖော်တိုက်စစ်မှူး ဟယ်ရီကိန်းကိုကျော်ဖြတ်ပြီး အဆိုပါဆုကို ဆွတ်ခူးခဲ့ခြင်းဖြစ်သည်။

ဘယ်လင်ဟမ်သည်၂၀၂၅ ခုနှစ်ကလည်း အင်္ဂလန်အသင်း၏ တစ်နှစ်တာ အကောင်းဆုံးကစားသမားဆုကို ဆွတ်ခူးခဲ့ပြီး ယခုနှစ်တွင်လည်း ထပ်မံဆွတ်ခူးခဲ့သည့်အတွက် နှစ်ကြိမ်ဆက်အသင်း၏ တစ်နှစ်တာ အကောင်းဆုံးကစားသမားဆုကို ဆွတ်ခူးခဲ့ခြင်းဖြစ်သည်။

ဘယ်လင်ဟမ်သည် အင်္ဂလန်အသင်းနှင့်အတူ ၂၀၂၀ ပြည့်နှစ်မှ စတင်ပြီး ပြိုင်ပွဲစုံ ၅၆ ပွဲတွင် သွင်းဂိုး ၁၃ ဂိုး သွင်းယူထားကြောင်းသိရသည်။

Ref : 365 Scores
Trs : STA

## ၅၈ ကြိမ်မြောက် အာရှကာယဗလနှင့်ကာယကြံ့ခိုင်မှုပြိုင်ပွဲတွင် မြန်မာနိုင်ငံက ဒုတိယမြောက် ရွှေတံဆိပ်ဆွတ်ခူး



**ရန်ကုန် စက်တင်ဘာ ၂၆**

ထိုင်းနိုင်ငံ ဗန်ကောက်မြို့တွင် ကျင်းပနေသည့် ၅၈ ကြိမ်မြောက် အာရှကာယဗလနှင့် ကာယကြံ့ခိုင်မှုပြိုင်ပွဲ၌ မြန်မာနိုင်ငံက ယနေ့တွင် ဒုတိယမြောက် ရွှေတံဆိပ်ဆုကို ဆွတ်ခူးခဲ့ကြောင်း သိရသည်။

၅၈ ကြိမ်မြောက် အာရှကာယဗလနှင့် ကာယကြံ့ခိုင်မှုပြိုင်ပွဲ ယနေ့ကျင်းပခဲ့သည့် ပွဲစဉ်များတွင် မြန်မာနိုင်ငံမှ နေမျိုးထွဋ်က Men' Sports Physique up to 170 cm ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ရွှေတံဆိပ် ဆွတ်ခူးခဲ့ခြင်းဖြစ်ပြီး အဆိုပါပြိုင်ပွဲတွင် အာဖဂန်နစ္စတန်နိုင်ငံမှ ငွေတံဆိပ်ဆုနှင့် ပါကစ္စတန်နိုင်ငံမှ ကြေးတံဆိပ်တို့ကို ဆွတ်ခူးခဲ့ခြင်းဖြစ်သည်။

၅၈ ကြိမ်မြောက် အာရှကာယဗလနှင့် ကာယကြံ့ခိုင်မှုပြိုင်ပွဲ၌ မြန်မာနိုင်ငံအတွက် ပထမဆုံး ရွှေတံဆိပ်ဆုကို စက်တင်ဘာ ၂၅ ရက်က အမျိုးသားကာယဗလပြိုင်ပွဲ ၆၅ ကီလိုတန်းပြိုင်ပွဲတွင် ဟိန်းဇော်လင်းက ဆွတ်ခူးခဲ့ခြင်းဖြစ်ပြီး ယနေ့တွင် နေမျိုးထွဋ်က ဒုတိယမြောက် ရွှေတံဆိပ်ဆွတ်ခူးခဲ့ခြင်းဖြစ်သည်။

ယနေ့ပွဲစဉ်များ အပြီးတွင် မြန်မာနိုင်ငံအတွက် ဆုတံဆိပ်များကို ဟိန်းဇော်လင်းနှင့် နေမျိုးထွဋ်တို့ ဆွတ်ခူးခဲ့ပြီး အမျိုးသားကာယဗလပြိုင်ပွဲ ကီလို ၆၀ တန်းပြိုင်ပွဲတွင် ငွေတံဆိပ်ဆုကို အောင်ထွဋ်က ဆွတ်ခူးခဲ့သည်။

၅၈ ကြိမ်မြောက် အာရှကာယဗလနှင့် ကာယကြံ့ခိုင်မှုပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ မြန်မာ့လက်ရွေးစင် အမျိုးသားလေးဦးနှင့် အမျိုးသမီးနှစ်ဦး ဝင်ရောက်ယှဉ်ပြိုင်နေခြင်းဖြစ်ပြီး ပြိုင်ပွဲကို စက်တင်ဘာ ၂၈ ရက်ထိ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

STA

## စူပါလက်ခ်က ကာလရှည်ဒူးဒဏ်ရာကြောင့် ONE ကမ္ဘာ့ဖလိုင်းဝိတ်တန်း ကစ်ဘောက်ဆင် ချန်ပီယံခါးပတ်ကို စွန့်လွှတ်

**ဗန်ကောက် စက်တင်ဘာ ၂၆**

ထိုင်းဖိုက်တာ စူပါလက်ခ်က ကာလရှည်ဒူးဒဏ်ရာကြောင့် ONE ကမ္ဘာ့ဖလိုင်းဝိတ်တန်းကစ်ဘောက်ဆင် ချန်ပီယံခါးပတ်ကို စွန့်လွှတ်ခဲ့သည်ဟု ONE အဖွဲ့ချုပ်က ယနေ့တွင် အတည်ပြုခဲ့ကြောင်း ONE Championship သတင်းဝက်ဘ်ဆိုက်က ဖော်ပြခဲ့သည်။

စူပါလက်ခ်သည် ပြီးခဲ့သည့် ဩဂုတ် ၇ ရက်က ထိုးသတ်ခဲ့သည့် ရုရှားဖိုက်တာ ဒါရာကေ့ဗ်နှင့်ပွဲစဉ်တွင် ဒူးဒဏ်ရာရရှိခဲ့ကာ ကာလရှည် အနားယူနေရသူဖြစ်ပြီး ဒဏ်ရာခွဲစိတ်ကုသမှု လုပ်ဆောင်ခဲ့ပြီးနောက်ပိုင်း မည်သည့်အချိန်တွင် ပြန်လည်ကြံ့ခိုင်မည်ကိုမသိရှိရသေးသည့်အတွက် ONE ကမ္ဘာ့ဖလိုင်းဝိတ်တန်း ကစ်ဘောက်ဆင် ချန်ပီယံခါးပတ်ကို စွန့်လွှတ်ခဲ့ခြင်းဖြစ်သည်။

စူပါလက်ခ်သည် ONE အဖွဲ့ချုပ်နှင့် လက်တွဲခဲ့ပြီးနောက် ထိုးသတ်ခဲ့သည့် ပွဲစဉ်များ၌ တစ်နိုင်ငံတည်းသားများဖြစ်သည့် ရော့ထန်၊ နာဘီ၊ ဂျပန်ဖိုက်တာ တာကဲရု အစရှိသည့်ထိပ်တန်းဖိုက်တာများကို အနိုင်ရရှိထားသူဖြစ်သည်။

စူပါလက်ခ်သည် ONE ပြိုင်ပွဲများတွင် ထိပ်တန်းဖိုက်တာတစ်ဦးအဖြစ် ကာလရှည်ရပ်တည်ခဲ့သူဖြစ်ပြီး ONE ကမ္ဘာ့ဖလိုင်းဝိတ်တန်း ကစ်ဘောက်ဆင် ချန်ပီယံခါးပတ်ကို သုံးနှစ်နီးပါးပိုင်ဆိုင်ခဲ့သော်လည်း ယခုအခါဒူးဒဏ်ရာကြောင့် ချန်ပီယံခါးပတ်ကို စွန့်လွှတ်ခဲ့ပြီး အမြန်ဆုံးပြန်လည်သက်သာအောင် လုပ်ဆောင်မည်ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : ONE Championship

Trs : STA



## ဘဏ္ဍာရေးစည်းမျဉ်းချိုးဖောက်မှုကြောင့် ပြင်းထန်သည့် ပြစ်ဒဏ်ချမှတ်ခံရမည့်အရေးနှင့် မန်စီးတီးအသင်း ရင်ဆိုင်နေရ

**မန်ချက်စတာ စက်တင်ဘာ ၂၆**

မန်စီးတီးအသင်းသည် ဘဏ္ဍာရေးစည်းမျဉ်းများ ချိုးဖောက်ခဲ့ကြောင်း စစ်ဆေးတွေ့ရှိခဲ့သည့်အတွက် ပြင်းထန်သည့်ပြစ်ဒဏ်ချမှတ်ခံရမည့်အရေးနှင့် ရင်ဆိုင်နေရကြောင်း The Athletic သတင်းဝက်ဘ်ဆိုက်က ယနေ့တွင်ဖော်ပြခဲ့သည်။

မန်စီးတီးအသင်းသည် ၂၀၀၉ ခုနှစ်မှ ၂၀၁၈ ခုနှစ်အတွင်း ဘဏ္ဍာရေးစည်းမျဉ်းချိုးဖောက်ခဲ့ကြောင်း စွဲချက် ၁၁၅ ချက်ဖြင့် ပရီးမီးယားလိဂ်အဖွဲ့ချုပ်က လွတ်လပ်သည့် စုံစစ်ဆေးရေးကော်မရှင် (Independent Commission)ထံ တိုင်ကြားခဲ့ပြီးနောက် စစ်ဆေးမှုများ လုပ်ဆောင်ခဲ့ရာ ၁၁၄ ချက်မှာ ဘဏ္ဍာစည်းမျဉ်း ချိုးဖောက်မှုများနှင့် ငြိစွန်းခဲ့သည်ဟု လွတ်လပ်သည့် စုံစမ်းစစ်ဆေးရေးကော်မရှင်က ဆုံးဖြတ်ခဲ့သည့်အတွက် မန်စီးတီးအသင်းသည် ပရီးမီးယားလိဂ် အဖွဲ့ချုပ်၏ ပြင်းထန်သည့် ပြစ်ဒဏ်ချမှတ်ခံရမည့်အရေးနှင့် ရင်ဆိုင်နေရခြင်း ဖြစ်သည်။

မန်စီးတီးအသင်း၏ဘဏ္ဍာရေးစည်းမျဉ်းချိုးဖောက်ခဲ့သည့် စွဲချက် ၁၁၅ချက်ကို လွတ်လပ်သည့်စုံစမ်းစစ်ဆေးရေးကော်မရှင်က ကာလရှည်စစ်ဆေးမှုများ လုပ်ဆောင်ခဲ့ပြီးနောက် ယခုအခါဆုံးဖြတ်ချက်ချမှတ်ခဲ့ခြင်းဖြစ်ပြီး ပြစ်ဒဏ်ချမှတ်မှုအပိုင်းကို ပရီးမီးယားလိဂ်အဖွဲ့ချုပ်မှ ဆက်လက်လုပ်ဆောင်ရမည်ဖြစ်သည်။

မန်စီးတီးအသင်းသည် အချက်ပေါင်းများစွာ ဘဏ္ဍာရေးစည်းမျဉ်း ချိုးဖောက်ခဲ့ကြောင်း စစ်ဆေးတွေ့ရှိခဲ့သည့်အတွက် ပြင်းထန်သည့် ပြစ်ဒဏ် ချမှတ်မှုများဖြစ်သည့် ပရီးမီးယားလိဂ်ပြိုင်ပွဲမှ လိဂ်-၂ ပြိုင်ပွဲသို့ တန်းဆင်းပြစ်ဒဏ်ချမှတ်ခံရဖွယ်ရှိနေသည့် အပြင် ဘဏ္ဍာစည်းမျဉ်း ချိုးဖောက်ခဲ့သည့် ကာလများဖြစ်သည့် ၂၀၀၉ ခုနှစ်မှ ၂၀၁၈ ခုနှစ်အတွင်း ဆွတ်ခူးခဲ့သည့် ပရီးမီးယားလိဂ်ဖလားများ အပါအဝင် ပြည်တွင်းဆုဖလား အားလုံးကိုပါ လက်လွှတ်ရမည့် အရေးနှင့် ရင်ဆိုင်နေရခြင်း ဖြစ်ကြောင်း သိရသည်။

Ref : The Athletic

Trs : STA

## ၂၀၂၆ ခုနှစ် တစ်နှစ်တာအကောင်းဆုံးလက်ဝှေ့သမားဆုအတွက် အမေရိကန်လက်ဝှေ့သမား ဂါစီယာ ထိပ်ဆုံးမှရေပန်းစား



**ဝါရှင်တန် စက်တင်ဘာ ၂၆**

The Ring မဂ္ဂဇင်းက စိစစ်ရွေးချယ်ချီးမြှင့်ပေးအပ်မည့်ဆုဖြစ်သည့် ၂၀၂၆ ခုနှစ် တစ်နှစ်တာ အကောင်းဆုံး လက်ဝှေ့သမားဆုအတွက် အမေရိကန်လက်ဝှေ့သမား ဂါစီယာကထိပ်ဆုံးမှ ရေပန်းစားနေကြောင်း Source Boxing သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

တစ်နှစ်တာ အကောင်းဆုံး လက်ဝှေ့သမားဆုကို တစ်နှစ်တာအတွင်း ထိုးသတ်ခဲ့သည့်ပြိုင်ပွဲများမှ အကောင်းဆုံးစွမ်းဆောင်ခဲ့သည့် လက်ဝှေ့သမားများကို စိစစ်ရွေးချယ်ပြီး ချီးမြှင့်ပေးအပ်ခြင်းဖြစ်သည်။

ဂါစီယာသည် ယခုနှစ်အတွင်း ထိုးသတ်ခဲ့သည့် ပြိုင်ပွဲများတွင် ရလဒ်ကောင်းများ ပိုင်ဆိုင်ခဲ့ပြီး နိုင်ပွဲများရရှိခဲ့ကာ WBC ဝယ်သာဝိတ်တန်းချန်ပီယံခါးပတ်အတွက် ပြီးခဲ့သည့် ဖေဖော်ဝါရီလက တစ်နိုင်ငံတည်းသား ဘာရီယိုကိုအနိုင်ရပြီး ချန်ပီယံခါးပတ်ကို ဆွတ်ခူးခဲ့ခြင်းဖြစ်သည်။

ထို့နောက် ဂါစီယာသည် စက်တင်ဘာ ၁၂ ရက်က WBC ဝယ်သာဝိတ်တန်းချန်ပီယံခါးပတ် ကာကွယ်ပွဲစဉ်အဖြစ် ဖြိတိန်လက်ဝှေ့သမား ကော်နာဘင်းနှင့် ထိုးသတ် ခဲ့ရာတွင်လည်း အကောင်းဆုံး ပုံစံပြသခဲ့ကာ ချန်ပီယံခါးပတ်ကို ကာကွယ်ခဲ့သူဖြစ်သည်။

ဂါစီယာသည် ယခုနှစ်အတွင်း WBC ဝယ်သာဝိတ်တန်း ချန်ပီယံခါးပတ် ဆွတ်ခူးခဲ့သည့်အပြင် ချန်ပီယံခါးပတ်ကို တစ်ကြိမ် ကာကွယ်ခဲ့ပြီးနောက် တစ်နှစ်တာ အကောင်းဆုံး လက်ဝှေ့သမားဆု အတွက် ထိပ်ဆုံးမှ ရေပန်းစားနေခြင်းဖြစ်ကြောင်း သိရသည်။

Ref : Source Boxing

Trs : STA

## ဒူးဒဏ်ရာကြောင့် ပြင်သစ်အသင်း ကစားသမားစာရင်းမှ အမ်ဘတ်ပီ နုတ်ထွက်

**ပဲရစ် စက်တင်ဘာ ၂၆**

ပြင်သစ်အသင်း အဓိက တိုက်စစ်မှူး အမ်ဘတ်ပီသည် ပြင်သစ်အသင်းနှင့် တူကီယဲအသင်းတို့ကစားခဲ့သည့် ဥရောပနေးရှင်းလိဂ်ပြိုင်ပွဲတွင် ဒူးဒဏ်ရာရရှိခဲ့ပြီးနောက် အသင်းကစားသမားစာရင်းမှနုတ်ထွက်ခဲ့ကြောင်း The Athletic သတင်းဝက်ဘ်ဆိုက်က ယနေ့တွင်ဖော်ပြခဲ့သည်။

ယနေ့နံနက်ပိုင်းက ကစားခဲ့သည့် ပြင်သစ်အသင်းက တူကီယဲအသင်းကို တစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရခဲ့သည့်ပွဲစဉ်တွင် အမ်ဘတ်ပီသည် ပွဲချိန် ၅၄မိနစ်တွင် အသင်းအတွက် သွင်းဂိုး တစ်ဂိုးသွင်းယူခဲ့သော်လည်း ပွဲချိန် ၅၉ မိနစ်တွင် ဒူးဒဏ်ရာရရှိခဲ့ပြီးနောက် ဆက်လက်ကစားနိုင်ခြင်း မရှိသည့်အတွက် လူစားလဲထွက်ခွာခဲ့ရသည်။

ထို့ပြင် အမ်ဘတ်ပီသည် ဒူးဒဏ်ရာ ပြင်းထန်ဖွယ်ရှိနေသည့် အခြေအနေများကြောင့် ပြင်သစ်အသင်းနှင့်အတူ ဥရောပနေးရှင်းလိဂ်ပွဲစဉ်များ ဆက်လက်ကစားနိုင်ခြင်းမရှိသည့်အတွက် အသင်းကစားသမားစာရင်းမှ နုတ်ထွက်ခဲ့ခြင်းဖြစ်ကြောင်း ပြင်သစ်နိုင်ငံဘောလုံးအဖွဲ့ချုပ်က ထုတ်ပြန်ခဲ့သည်။

လက်ရှိတွင် အမ်ဘတ်ပီအနေဖြင့် ဒူးဒဏ်ရာကြောင့် မည်သည့်အချိန်ထိ အနားယူရမည်ကို မသိရှိရသေးဘဲ မကြာမီရီးရဲလ်မက်ဒရစ်အသင်းနှင့် ပြန်လည်ပူးပေါင်းကာ ဆေးစစ်မှုများ ထပ်မံလုပ်ဆောင်ပြီးမှသာ အနားယူရမည့်ကာလကို သိရှိနိုင်မည်ဖြစ်ကြောင်းသိရသည်။

Ref : The Athletic

Trs : STA

# ဂရုဓမ္မငါးသီလကျင့်သူတိုင်းမှာ စီးပွားချမ်းသာကျက်သရေဖြာ

ဘုန်းမောင်ဝင်း(ဖျာပုံ)

မြန်မာဗုဒ္ဓဘာသာဝင်တို့သည် ရတနာမြတ်သုံးပါးနှင့်ပတ်သက်၍ အခါတော် နေ့ကြီးများ သတ်မှတ်ထားရာ မြန်မာနှစ်ဆန်း ၁ ရက်နေ့ကို နှစ်သစ်ကူး မင်္ဂလာအခါတော်နေ့၊ ကဆုန်လပြည့်နေ့ကို ဗုဒ္ဓအခါတော်နေ့၊ နယုန်လပြည့်နေ့ကို မဟာသမယအခါတော်နေ့၊ ဝါဆိုလပြည့်နေ့ကို ဓမ္မစကြာအခါတော်နေ့၊ ဝါဆိုလပြည့်ကျော် ၅ ရက်နေ့ကို အနတ္တလက္ခဏာအခါတော်နေ့၊ ဝါခေါင်လပြည့်နေ့ကို မေတ္တာအခါတော်နေ့၊ တော်သလင်းလပြည့်နေ့ကို ဂရုဓမ္မအခါတော်နေ့၊ သီတင်းကျွတ်လပြည့်နေ့ကို အဘိဓမ္မာ အခါတော်နေ့၊ တန်ဆောင်မုန်းလပြည့်နေ့ကို သာမညဖလ အခါတော်နေ့၊ နတ်တော်လပြည့်နေ့ကို ဓမ္မ စာဆိုတော်များနေ့၊ ပြာသိုလပြည့်နေ့ကို ရှင်တစ်ထောင်အခါတော်နေ့၊ တပို့တွဲလပြည့်နေ့ကို ဩဝါဒပါတိမောက်အခါတော်နေ့နှင့်တပေါင်းလပြည့်နေ့ကို မြတ်ဗုဒ္ဓပြည်တော်ဝင်အခါတော်နေ့ဟူ၍ ဖြစ်သည်။

အဆိုပါအခါတော်နေ့များတွင် ဗုဒ္ဓနွယ်ဝင်သူတော်စင်တို့အနေဖြင့် ကုသိုလ်ကောင်းမှုများပြုလုပ်ရွက်ဆောင်ခြင်းဖြင့် ကောင်းကျိုးချမ်းသာကိုရရှိကြမည်ဖြစ်သည်။ ဤလောက၌ကောင်းခြင်း၊ ဆိုးခြင်းနှစ်တန်သည် တူယှဉ်တွဲလျက်ရှိပေရာ လူတိုင်းက ကောင်းကျိုးချမ်းသာကို အလိုရှိကြသည်။ ကောင်းကျိုးချမ်းသာကို အလိုရှိသူတိုင်းသည် ကိုယ်ချင်းစာစိတ်ဖြင့် မိမိကောင်းကျိုး၊ သူတစ်ပါးကောင်းကျိုးများကို တိုးပွားစေရမည် ဖြစ်သည်။ တိုးပွားအောင်လည်း လုပ်ဆောင်ကြရမည်ဖြစ်သည်။ မကောင်းမှုကို ရှောင်ကြဉ်ခြင်း၊ ကောင်းမှုကိုရွက်ဆောင်ခြင်း၊ မိမိတို့၏စိတ်နှလုံးကို ဖြူစင်အောင်ထားရှိခြင်းသည် ကောင်းကျိုးတိုးပွားစေမည့် ပြုမူဆောင်ရွက်ချက်ဖြစ်သည်။

ရှေးအစဉ်အဆက်မှယနေ့ခေတ်တိုင် အခါတော်နေ့ကြီးများကိုသတ်မှတ်ထားသည်မှာ မိမိ၊ သူတစ်ပါးနှစ်ဦးသားတို့လောကုတ်၊ လောကီနှစ်လီကောင်းကျိုးကိုရည်သန်ခြင်းဖြစ်သည်။ ၁၃၈၈ ခုနှစ် တော်သလင်းလပြည့်နေ့သည် ဂရုဓမ္မအခါတော်နေ့ဖြစ်သည်။ ဂရုဓမ္မအခါတော်နေ့ အထိမ်းအမှတ်အဖြစ် ကျင်းပရခြင်းမှာ ဂရုဓမ္မဇာတ်တော်ဖြစ်ပေါ်လာပုံ သမိုင်းကြောင်းနှင့်ဆက်စပ်၍ ကျင်းပရခြင်းဖြစ်သည်။ ဂရုဓမ္မဇာတ်တော်သည် မိုးတွင်းကာလတွင် ပေါ်ပေါက်လာသော ဇာတ်လမ်းဖြစ်သည်။ ငါးပါးသီလနှင့်ဆိုင်သော သာရဇ္ဇသုတ်၊ ဝိသာရဒသုတ်၊ နိရယသုတ်နှင့် ဝေရသုတ်များကိုရွတ်ဖတ်သင့်သည်။ ဂရုဓမ္မအမိန့်တော်ပြန်တမ်းနှင့် ငါးပါးသီလကဗျာများကိုလည်း ရွတ်ဖတ်ပူဇော်သင့်သည်။

တော်သလင်းလသည် "တော်သလင်းမြစ်တွင်းသင်ဖြူးခင်း"ဟူသောအဆိုနှင့်အညီ တော်သလင်းလတွင် မြစ်ရေသည် သင်ဖြူးခင်းသလို ညီညာပြည့်တင်းလျက်ရှိသည်။ လှေပြိုင်ပွဲကိုတော်သလင်းလ၏ရာသီပွဲအဖြစ် လိုက်ဖက်ဆီလျော်စွာ ကျင်းပကြသည်။ တော်သလင်းလ၏ရာသီပန်းမှာ ရင်းမာပန်းဖြစ်သည်။ အခက်လိုက် ရွက်တံထွက်၍ တော်သလင်းလတွင် ပွင့်ခိုင်များပွင့်သော သစ်မာပင်ကြီးဟု မြန်မာအဘိဓာန်မှာဖွင့်သည်။ ပန်းပွင့်မှာ နံ့သာရောင်ဖြစ်၍ အခိုင်လိုက်ပွင့်သော ရင်းမာလည်းရှိကြောင်း၊ ထိုရင်းမာပန်း နှစ်မျိုးစလုံးမှာ တော်သလင်းတွင် ပွင့်ကြောင်း ဆရာကြီးမင်းသုဝဏ်က ဆိုဖူးသည်။ တော်သလင်းနှင့်ယှဉ်သော စန်းယှဉ်နက္ခတ်မှာ ပြုဗ္ဗာဘဒြပိုဒ်နက္ခတ်ဖြစ်သည်။

ဉာဏ်ဝန်ကြီးဦးဖြေ၏ တော်သလင်းလဘွဲ့လေးချိုးကြီး၏ ကောက်နုတ်ဖော်ပြချက်တွင် "တောတောင်ငယ်ညိုရှင့်၊ စုံတိုင်းငယ်တင့်၊ ပင်မြင့်ရင်းမာ၊ ထုံသင်းစွာနှင့်၊ မာလာရွှေခိုင်၊ အဆိုင်ဆိုင်ကို၊ ပင်တိုင်ဝေယံ၊ ဆောင်ကြီးစံတို့၊ နတ်ဟန်ကုံးသင်၊ ညှာရိုးဆင်လျက်၊ တစ်ပင်လေသာ၊ ဆောင်ရွက်ကြာနှင့်၊ သက်ရာတမ်းဆို၊ နန်းချင်းသံချိုလိမ့်မယ်၊ မယ်ညိုကြော့ငှက်မောင်လည်း၊ တောင်ယုက်ခွေ ရေယဉ်မြူးလို့၊ ထူးကြပျော်သင့်" ဟူ၍ ဖွဲ့ဆိုထားသည်မှာ တော်သလင်းလ၏ မြင်ကွင်းတချို့ပင်ဖြစ်သည်။

အခါတစ်ပါး၌ မြတ်စွာဘုရားသည် ရဟန်းများနှင့်အတူ ကောသလတိုင်း၌ဒေသစာရီ လှည့်လည်တော်မူရင်း ဝေဠုဒွါရဆိုသော ဗြာဟ္မဏရွာသို့ဆိုက်ရောက်တော်မူသည်။ ဝေဠုဒွါရရွာသားတို့သည် မြတ်စွာဘုရားကြွလာတော်မူကြောင်း သိကြသောအခါ မြတ်စွာဘုရားထံ ဆည်းကပ်လာကြပြီးလျှင် "မြတ်စွာဘုရား... တပည့်တော်တို့သည် သားတွေ သမီးတွေစုံစုံညီညီနှင့်နေလိုကြသည်။ ကာသိတိုင်းဖြစ် စန္ဒကူးနံ့သာများကို သုံးလိုကြသည်။ ရွှေငွေများကိုသုံးစွဲလိုကြသည်။ ဤဘဝမှ သေလွန်သောအခါလည်း နတ်ရွာသုဂတိသို့ ရောက်လိုကြသည်။ ဤသို့အလိုဆန္ဒရှိကြကုန်သော တပည့်တော်အား

**❖ ငါးပါးသီလဖြစ်သော ဂရုဓမ္မတရားသည် ယနေ့ကာလ ကမ္ဘာကြီးတွင် ပိုမို၍လိုအပ်သော တရားတော်ဖြစ်သည်။ ဟိုတိုင်းဒီပြည် ရန်စစ်ခင်း၍ လူနှင့်လူချင်း သတ်ကာနေခြင်းမှာ ငါးပါးသီလကို မကျင့်သုံး၍ဖြစ်သည်။ ကိုယ်ချင်းစာတရားကင်းမဲ့နေ၍ ဖြစ်သည်။ သူ့အပေါ် ငါအနိုင်ကျင့်သလို ငါ့အပေါ်သူများက အနိုင်ကျင့်ခဲ့သော် ဟူသော ကိုယ်ချင်းစာတရား ထားရှိသင့်ကြပြီဖြစ်သည်။ လူသားတို့သည် အသိဉာဏ်ဆင်ခြင်တုံတရားကင်းမဲ့က တရားစစ်တရားမှန်တို့ကို မသိနားမလည်သောအခါ ကမ္ဘာကြီးတွင် ဒုက္ခအမျိုးမျိုးနှင့် ရင်ဆိုင်ကြရမည်ဖြစ်သည်။ ❖**

ထိုသို့သားသမီးတွေစုံစုံညီညီနှင့် ပျော်ရွှင်ချမ်းသာစွာနေပြီး သေလွန်သောအခါလည်း နတ်ပြည်သို့ရောက်နိုင်သည့်တရားကို ဟောကြားတော်မူပါဘုရား"ဟူ၍ ဤသို့ လျှောက်ထားကြသည်။

ထိုအခါမြတ်စွာဘုရားက ဝေဠုဒွါရရွာသားတို့ကို ကိုယ်ချင်းစာတရားကို ဟောကြားတော်မူသည်။ မိမိကိုသူတစ်ပါးက သတ်ဖြတ်မည်ဆိုပါက မိမိသည် ကြိုက်မည်မဟုတ်ပေ။ မိမိက သူတစ်ပါးကိုသတ်ဖြတ်မည်ဆိုလျှင်လည်း သူတစ်ပါးက ကြိုက်မည်မဟုတ်ပေ။ ငါ့ပစ္စည်းကို ငါမပေးဘဲ ခိုးယူမည်ဆိုလျှင် ထိုသို့ခိုးယူခြင်းကို ငါမကြိုက်ပေ။ ငါကလည်းသူတစ်ပါး၏ပစ္စည်းကို သူမပေးဘဲခိုးယူမည်ဆိုလျှင် ထိုသို့ခိုးယူခြင်းကို သူတစ်ပါးလည်း ကြိုက်မည်မဟုတ်ပေ။ ငါ၏မယားကို ကျူးလွန်စော်ကားမည်ဆိုလျှင် ထိုသို့စော်ကားခြင်းကိုငါမကြိုက်ပေ။ ငါကလည်းသူတစ်ပါးမယားကို ကျူးလွန်စော်ကားမည်ဆိုလျှင် ထိုသို့စော်ကားခြင်းကိုသူတစ်ပါးလည်း ကြိုက်မည်မဟုတ်ပေ။ တစ်စုံတစ်ယောက်သောသူသည် မဟုတ်မမှန်ပြောဆိုခြင်းဖြင့် ငါ့အကျိုးစီးပွားပျက်အောင်လုပ်မည်ဆိုလျှင် ထိုသို့ မဟုတ်မမှန်ပြောဆိုခြင်းဖြင့် ငါ့အကျိုးစီးပွား ပျက်စီးအောင်လုပ်ခြင်းကို ငါမကြိုက်ပေ။ ငါကလည်း မဟုတ်မမှန်ပြောဆိုခြင်းဖြင့် သူ့အကျိုးစီးပွား ပျက်စီးအောင်လုပ်လျှင် သူတစ်ပါးကလည်း ကြိုက်မည်မဟုတ်ပေ။

ထို့အတူ ကုန်းတိုက်သောစကား၊ ရုန့်ရင်းကြမ်းတမ်းသောစကားများ ပြောဆိုခြင်းကို ငါမကြိုက်သလို သူတစ်ပါးလည်းကြိုက်မည် မဟုတ်ပေ။ မူးယစ်သောက်စားကာ သူတစ်ပါးအပေါ် ရိုင်းစိုင်းစွာပြုခြင်းကို ငါမကြိုက်သလို သူတစ်ပါးလည်းကြိုက်မည် မဟုတ်ပေ။ ဤသည်များကို ရှောင်ကြဉ်ခြင်းဖြင့် ရှောင်ကြဉ်ခြင်း၏ ဂုဏ်ကျေးဇူးကိုခံစားရရှိသည်။ ကိုယ်ကျင့်ကောင်းခြင်း၊ နှုတ်ကျင့်ကောင်းခြင်းဟူသောသူတော်ကောင်းတရား ခုနစ်ပါးနှင့်ပြည့်စုံ၏။ ဘုရား၊ တရား၊ သံဃာတို့၌လည်း ဂုဏ်တော်ကိုတွေး၍ မတုန်မလှုပ် သက်ဝင်ကြည်ညို၏။ အရိယာတို့နှစ်သက်သည့် သီလကိုလည်း မကျိုးမပေါက်အောင် ဖြည့်ကျင့်၏။ ထိုသို့ပြည့်စုံသောကြောင့် ထိုသူသည် အကယ်၍ပြောလိုလျှင် မိမိကိုယ်ကို "ငါသည် ငရဲကျရောက်မှုမှ လွတ်ငြိမ်းပြီ၊ တိရစ္ဆာန်မျိုး၌ဖြစ်ခြင်းမှ လွတ်ငြိမ်းပြီ၊ ပြိတ္တာမျိုး၌ဖြစ်ခြင်းမှ လွတ်ငြိမ်းပြီ၊ အပါယ်လေးပါးလားရခြင်းမှ လွတ်ငြိမ်းပြီ၊ ငါသည် သောတာပန်ဖြစ်ပြီ၊ ဒုဂ္ဂတိဘဝသို့ ကျခွင့်မရှိတော့ပြီ၊ သုဂတိဘုံဘဝသို့သာလားရန် စိတ်ချရပြီ၊ အထက်မဂ်သုံးပါးသို့ရောက်ရန် သေချာပြီ"ဟု ပြောနိုင်လေပြီဟူ၍ ဘုရားရှင်ဟောတော်မူသည်။

လူသားတိုင်းသည် ဂရုဓမ္မသီလဖြစ်သော သူ့အသက်မသတ်ခြင်း၊ သူ့ဥစ္စာမခိုးခြင်း၊ ကာမဂုဏ်ကိုမှားယွင်းစွာ မလိုက်စားခြင်း၊ လိမ်ညာမပြောခြင်း၊ အရက်သေစာမသောက်စားခြင်းတို့ကိုရှောင်ကြဉ်ပါက ဤဘဝတွင် အသက်ရှည်စွာနေရမည့်အပြင် ကောင်းရာဘုံဘဝသို့ရောက်ရှိကြောင်း အကျိုးပြဝတ္ထုများများစွာရှိသည့်အနက် သီလမြဲက ငယ်ကမသေ (ဓမ္မပါလ) ရွာသူရွာသားများအကြောင်းကို ဖော်ပြလိုသည်။

ရှေးအခါက ကာသိတိုင်းရွာတစ်ရွာရှိ လူအားလုံးတို့သည် ငါးပါးသီလစသောတရားတို့ကို ကျင့်သုံးပြီး နေထိုင်လေ့ရှိကြသဖြင့် အရွယ်ငယ်ငယ်က မသေကြဘဲ ကြီးမှသာသေရသည်။ ထိုသို့ငါးပါးသီလတရားစောင့်ထိန်းကျင့်သုံးကြသဖြင့် ထိုရွာကို ဓမ္မပါလရွာ၊ ထိုရွာသူရွာသားများကို ဓမ္မပါလမျိုးဟုခေါ်ကြသည်။

ထိုရွာမှာ ရွာသူကြီး၏သားသည် တက္ကသိုလ်ပြည်သို့ ပညာသင်သွားသည်။ ထိုအမျိုးသား ပညာသင်ချိန်၌ ဆရာကြီး၏သားငယ် ကွယ်လွန်ခဲ့ရာ ဓမ္မပါလအမျိုးသားက-"အဘယ်ကြောင့်ငယ်ငယ်ရွယ်ရွယ်နှင့် သေရသလဲ" ဟုတအံ့တဩပြောဆိုမိသည်။ ထိုအခါ လူအများက "ကြီးငယ်မဟူ သေမင်းခေါ်လျှင် သေရသည်ချည်းပင်၊ အသင်တို့အရပ်မှာကော မသေကြဘူးလား"ဟု မေးကြသည်။ ဓမ္မပါလသူငယ်က "သူတို့ရွာမှာ အခုလို ငယ်ငယ်ရွယ်ရွယ်နှင့်သေရိုးထုံးစံမရှိပါ"ဟု အခိုင်အမာပြောဆိုသည်။

ထိုစကားဆန်းကိုကြားရသော တက္ကသိုလ်ဆရာကြီးသည် ဓမ္မပါလသူငယ်၏ပြောစကားကို ဟုတ်၊ မဟုတ်စုံစမ်းရန် ဓမ္မပါလကို ဆရာ့ကိုယ်စားထားခဲ့ပြီးလျှင် ဆိတ်ရိုးတို့ကို ယူဆောင်ကာ ဓမ္မပါလရွာသို့သွားခဲ့သည်။ ရွာရောက်၍ ဓမ္မပါလ သတို့သားဖခင် ရွာသူကြီးထံသွားကာ "သင့်သားဓမ္မပါလ ကွယ်လွန်၍ မီးသင်္ဂြိုဟ်ပြီး အရိုးများယူလာခဲ့သည်"ဟု ပြောဆိုကာ အရိုးများကိုထုတ်ပြသည်။

ဓမ္မပါလ ဖခင်ကြီးနှင့်ဆွေမျိုးများက ဝိုင်း၍ ရယ်မောကြပြီး "သူတို့သားမှာ ငယ်ငယ်ရွယ်ရွယ်နှင့်မသေနိုင်ပါ။ ဤအရိုးသည် သူတို့သား ဓမ္မပါလအရိုး မဖြစ်နိုင်ပါ"ဟုပြောကြသည်။ ထိုအခါဆရာကြီးက "အရွယ်မရွေး သေမျိုးဖြစ်ပါလျက် သင်တို့အမျိုးမှာ အဘယ်ကြောင့် ငယ်ငယ်ရွယ်ရွယ်နှင့် မသေပါသလဲ"ဟု မေးသည်။

ဓမ္မပါလ၏ဖခင်က "ကျွန်ုပ်တို့ ဓမ္မပါလရွာ ဓမ္မပါလအမျိုးသားတို့သည် အမြဲမပြတ် အလှူပေးကြသည်။ သီလကို စောင့်ထိန်းကြသည်။ မကောင်းမှုဒုစရိုက်ဟူသမျှ မပြုကြပါ။ လူကြီးသူမစကားကို လူငယ်များက အမြဲနားထောင်ပြီး ရပ်ရေးရွာမှု၊ အများကောင်းစားချမ်းသာမှုတို့ကို ပြုလုပ်ကြသည်။ ထို့ကြောင့် ကျွန်ုပ်တို့၏ ဓမ္မပါလအမျိုးမှာ ငယ်ငယ်ရွယ်ရွယ်နှင့်မသေကြရပါ"ဟု ရှင်းပြသည်။

နောက်ဆုံးတွင်တက္ကသိုလ်ဆရာကြီးက ဓမ္မပါလ၏ဖခင်ကြီးကို ကန်တော့ပြီး "သင့်သားဓမ္မပါလ မသေပါ။ ငယ်သူများမသေဟူသောသင့်သား၏စကားကိုမယုံ၍ စုံစမ်းရန်လာခြင်းဖြစ်သည်"ဟုပြောကာ ဓမ္မပါလအမျိုးတို့စောင့်ထိန်းကျင့်သုံးသော ကျင့်ဝတ်သီလတို့ကို မေးမြန်းမှတ်သားပြီး တက္ကသိုလ်ပြည်သို့ ပြန်ခဲ့သည်။ ဤသည်မှာ ဂရုဓမ္မငါးပါးသီလကို စောင့်ထိန်းခြင်း၏ အကျိုးဖြစ်သည်။

တော်သလင်းလသည် ပျော်မွေ့ဖွယ်လတစ်လဖြစ်သကဲ့သို့ တော်သလင်းလပြည့်မှာလည်း ငါးပါးသီလ စောင့်ထိန်းခြင်းနှင့်ဆက်နွှယ်သော ကောင်းကျိုးများကိုပြသည့် လပြည့်ဖြစ်သည်။ ဂရုဓမ္မအခါတော်နေ့ဟူ၍ မျက်မှောက်ခေတ်တွင်သတ်မှတ်ထားသည်။ သူတော်စင်သူတော်မြတ်တို့ အလေးအမြတ်ထားကာ ကျင့်သုံးကြသည့်တရား ဖြစ်ခြင်းကြောင့် ဂရုဓမ္မသီလခေါ်ဆိုခြင်းဖြစ်သည်။

ဧကနိပါတ်ကုလာဝကဇာတ်တွင် အိုးလုပ်သမလေး သုဇိတာသည် ငါးပါးသီလမြဲ၍ ရွှေအတိပြီးသော သစ်သီးများကိုရရှိသည်။ အသူရမင်းကြီး၏သမီးပျိုဘဝ၌ သူမတူအောင်ချောမောလှပသည်။ မြောက်ကျွန်းသူ၊ မြောက်ကျွန်းသားတို့သည် ငါးပါးသီလမြဲ၍စားဝတ်နေရေးမပူရခြင်း၊ သေသူအတွက် သောကမရောက်ရခြင်း၊ သေပြီးသည့်နောက် နတ်ပြည်သို့ရောက်ရခြင်း၊ အနှစ်တစ်ထောင်သက်တမ်းစေ့နေရခြင်းစသောအကျိုးများကို ခံစားရသည်။

ထို့အတူ တိကနိပါတ်၊ ဂရုဓမ္မဇာတ်တွင် အမြင့်ဆုံးဘုရင်မှ အနိမ့်ဆုံးပြည့်တန်ဆာမထိ ငါးပါးသီလကိုစောင့်ထိန်းကြသောကြောင့် မိုးလေဝသမှန်ကန်သည်။ ကပ်ကြီးသုံးပါးမှ လွတ်ကင်းကြသည်။ တိုင်းပြည်သာယာဖွံ့ဖြိုး၍ အေးချမ်းစွာနေထိုင်ကြရသည်။ ငါးပါးသီလဖြစ်သော ဂရုဓမ္မတရားသည် ယနေ့ကာလ ကမ္ဘာကြီးတွင် ပိုမို၍လိုအပ်သော တရားတော်ဖြစ်သည်။ ဟိုတိုင်းဒီပြည်ရန်စစ်ခင်း၍ လူနှင့်လူချင်း သတ်ကာနေခြင်းမှာ ငါးပါးသီလကို မကျင့်သုံး၍ဖြစ်သည်။ ကိုယ်ချင်းစာတရားကင်းမဲ့နေ၍ဖြစ်သည်။ သူ့အပေါ် ငါအနိုင်ကျင့်သလို ငါ့အပေါ် သူများကအနိုင်ကျင့်ခဲ့သော်ဟူသော ကိုယ်ချင်းစာတရား ထားရှိသင့်ကြပြီဖြစ်သည်။ လူသားတို့သည် အသိဉာဏ်ဆင်ခြင်တုံတရားကင်းမဲ့က တရားစစ်တရားမှန်တို့ကို မသိနားမလည်သောအခါ ကမ္ဘာကြီးတွင် ဒုက္ခအမျိုးမျိုးနှင့် ရင်ဆိုင်ကြရမည်ဖြစ်သည်။ ထို့ကြောင့် "ဂရုဓမ္မငါးသီလ ကျင့်သူတိုင်းမှာ စီးပွားချမ်းသာ ကျက်သရေဖြာ" ဟူ၍ ရေးသားတင်ပြလိုက်ရပေသည်။

**ကိုးကား**

- **မောင်ခင်မင်(ဓနုဖြူ) ဆယ့်နှစ်လရာသီ**
- **ဒေါက်တာမောင်ဖြေ- မွန်မြတ်သောကျေးဇူးဆပ်သူနှင့်မွန်မြတ်သောကျေးဇူးပြုသူ**
- **မြန်မာစာညွန့်ပေါင်းကျမ်း(ဒုတိယတွဲ)**
- **ဆရာတော်ဦးပညာသာမိ(မာဂဓီ-သာစည်) ဆယ်စောင်တွဲသင်တန်း မြန်မာပြန်ကျမ်း**

# ပထမလင် ရုပ်ရှင်ဇာတ်ကားကို အောက်တိုဘာလ ပထမပတ်တွင် နိုင်ငံတစ်ဝန်း ရုပ်ရှင်ရုံများ၌ ရုံတင်ပြသမည်




**ရန်ကုန် စက်တင်ဘာ ၂၆**

ရွှေအကေရီ ရုပ်ရှင်ထုတ်လုပ်ရေးက ရိုက်ကူးထုတ်လုပ်သည့် ပထမလင် ရုပ်ရှင်ဇာတ်ကားကို အောက်တိုဘာ ပထမပတ်တွင် နိုင်ငံတစ်ဝန်း အဆင့်မြင့်ရုပ်ရှင်ရုံများ၌ ရုံတင်ပြသသွားမည် ဖြစ်ကြောင်း ဒါရိုက်တာ ကိုဇော် (အရုဏ်ဦး) ထံမှ သိရသည်။

အဆိုပါ ပထမလင် ရုပ်ရှင်ဇာတ်ကား၏ ဝတ္ထုဇာတ်လမ်းကို ငှက်ပြာမောင်မောင် (ချောက်)က ရေးဖွဲ့ထားပြီး လူညီချောနှင့် သက်ဦးမောင်တို့က ဇာတ်ညွှန်းရေးထားကာ ဒါရိုက်တာ ကိုဇော် (အရုဏ်ဦး)က ရွှေအကေရီ ရုပ်ရှင်ထုတ်လုပ်ရေးအတွက် တာဝန်ယူ ပုံဖော်ရိုက်ကူးထားခြင်း ဖြစ်ကြောင်း သိရသည်။

"ပထမလင် ရုပ်ရှင်ဇာတ်ကားက သဘာဝကျကျ ဟာသဇာတ်မြူးပါ။ ပထမဦးဆုံးယူမဲ့ ပထမလင်က တစ်လအတွင်း သေသွားမှာဆိုတော့ ကိုယ်ချစ်တဲ့သူ မသေအောင် အစားထိုးဖို့ ပထမလင် ရှာကြတာပေါ့။ ဘယ်သူက ကံဆိုးစွာနဲ့ ပထမလင် ဖြစ်လာမလဲ။ ပထမလင်က တကယ်သေမှာလား။ တစ်ယောက်ချင်းစီရဲ့ အလွဲတွေကို အချိတ်အဆက်မိမိနဲ့ တဝါးဝါး ရယ်မောပျော်ရွှင်ရမဲ့ ပထမလင် ရုပ်ရှင်ဇာတ်ကားကတော့ လာမည့် အောက်တိုဘာလအတွင်း တစ်ပြည်လုံးရှိ ရုပ်ရှင်ရုံတွေမှာ ရုံတင်ပြသသွားမှာ ဖြစ်ပါတယ်"ဟု ဒါရိုက်တာ ကိုဇော် (အရုဏ်ဦး)က ပြောပြသည်။

အဆိုပါ ပထမလင် ရုပ်ရှင်ဇာတ်ကားတွင် သရုပ်ဆောင်များအဖြစ် မြင့်မြတ်၊ ရှိန်းတင်ထူး၊ ကျော်ရဲအောင်၊ ဆင်မ၊ ဇင်မျိုး၊ စိုးမြတ်သူဇာ၊ ရတနာဗို၊ သင်းသဲဗို၊ ယွန်းရွှေရည်၊ တက္ကသိုလ်ဂွမ်းပုံ၊ ဝါဝါအောင်၊ မျိုးမျိုးခိုင်နှင့် အနုပညာရှင်များစွာ ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။

ASH

# World War Z နောက်ဆက်တွဲဇာတ်ကားတွင် မင်းသား ဘရက်ပစ် ပါဝင်သရုပ်ဆောင်မည်

**နယူးယောက် စက်တင်ဘာ ၂၆**

Paramount ကုမ္ပဏီ၏ World War Z နောက်ဆက်တွဲဇာတ်ကားတွင် မင်းသား ဘရက်ပစ် ပါဝင် သရုပ်ဆောင်မည်ဖြစ်ကြောင်း စက်တင်ဘာ ၂၅ ရက် သတင်းများအရ သိရသည်။

အဆိုပါ ဇာတ်ကားတွင် မင်းသားဘရက်ပစ်သည် ဒါရိုက်တာ အက်ဒွပ်ဘာဂျာနှင့် ပြန်လည်လက်တွဲရမည်ဖြစ်သည်။

World War Z နောက်ဆက်တွဲဇာတ်ကားသစ်အတွက် ဇာတ်ညွှန်းကို ဇာတ်ညွှန်းရေးဆရာ ဒင်းနစ်ကယ်လီက တာဝန်ယူရေးသားမည်ဖြစ်သည်။

လက်ရှိအချိန်တွင် World War Z နောက်ဆက်တွဲဇာတ်ကား၏ ဇာတ်လမ်းဇာတ်အိမ်အသေးစိတ်ကို Paramount ကုမ္ပဏီက လျှို့ဝှက်ထားဆဲဖြစ်သည်။

World War Z(2013) သည် စာရေးဆရာ မက်ဘရော့၏ World War Z : An Oral History of The Zombie War ဝတ္ထုကို ရိုက်ကူးထားခြင်းဖြစ်ကြောင်း သိရသည်။

**Ref : Russia Today**

**Trs : KKO**



# တေးသံရှင် ဟေမာနေဝင်း၏ သီချင်းတွေပြောတဲ့ အချစ်ရဲ့အဓိပ္ပာယ် တေးဂီတဖျော်ဖြေပွဲကို ချမ်းအေးသာစံမြို့နယ်ရှိ The Square Theater Bar ၌ ပြုလုပ်မည်

**မန္တလေး စက်တင်ဘာ ၂၆**

တေးသံရှင် ဟေမာနေဝင်း၏ သီချင်းတွေပြောတဲ့ အချစ်ရဲ့ အဓိပ္ပာယ် တေးဂီတဖျော်ဖြေပွဲကို မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ်ရှိ The Square Theater Bar ၌ စက်တင်ဘာ ၂၇ ရက်တွင် ပြုလုပ်မည်ဖြစ်ကြောင်း တေးသံရှင် ဟေမာနေဝင်းထံမှ သိရသည်။

အဆိုပါ တေးသံရှင် ဟေမာနေဝင်း၏ သီချင်းတွေပြောတဲ့ အချစ်ရဲ့အဓိပ္ပာယ် တေးဂီတဖျော်ဖြေပွဲတွင် တေးသံရှင် ဟေမာနေဝင်းနှင့်အတူ တေးသံရှင် ချစ်ကောင်း၊ ကော်နီတို့ကလည်း ပါဝင်အားဖြည့် သီဆိုဖျော်ဖြေပေးမည်ဖြစ်ပြီး တေးသံရှင်များ၏ သီဆိုဖျော်ဖြေမှုများကို Mercury IX Music Band က အကောင်းဆုံး ပံ့ပိုးတီးခတ် ပေးသွားမည်ဖြစ်ကြောင်း သိရသည်။




"ရင်ထဲမှာ အမှတ်တရဖြစ်စေမဲ့တေးသီချင်းလေးတွေကို အချစ်ဆုံး သူငယ်ချင်းတွေဖြစ်တဲ့ ချစ်ကောင်းနဲ့ ကော်နီတို့က အကောင်းဆုံး ပါဝင်ပံ့ပိုးသီဆိုပေးကြမှာပါ။ ငယ်ဘဝရဲ့ မမေ့နိုင်တဲ့ ခံစားချက်တွေအပြည့်နဲ့ သီချင်းတွေ၊ အမှတ်တရတွေကို ပြန်လည်ခံစားရင်း အဲဒီခေတ်ရဲ့ vibe အစစ်အမှန်ကို The Square Theater Bar မှာ အတူတူဖန်တီးနိုင်အောင် သီချင်းတွေပြောတဲ့ အချစ်ရဲ့ အဓိပ္ပာယ် Music Concert မှာ ဆုံကြမယ်"ဟု တေးသံရှင် ဟေမာနေဝင်းက ပြောပြသည်။

တေးသံရှင် ဟေမာနေဝင်း၏ သီချင်းတွေပြောတဲ့ အချစ်ရဲ့ အဓိပ္ပာယ် တေးဂီတဖျော်ဖြေပွဲကို The Square Theater Bar ၌ စက်တင်ဘာ ၂၇ ရက် ညနေ ၆ နာရီတွင် စတင်မည်ဖြစ်ကြောင်း သိရသည်။

ASH

# နိုင်ငံတကာအကောင်းဆုံးရုပ်ရှင်ဇာတ်ကား အော်စကာဆုအတွက် The Stories ဇာတ်ကားကို အီဂျစ်နိုင်ငံ ရွေးချယ်ထား

**ကိုင်ရို စက်တင်ဘာ ၂၆**

၉၉ ကြိမ်မြောက် အော်စကာဆုပေးပွဲနိုင်ငံတကာအကောင်းဆုံး ရုပ်ရှင်ဇာတ်ကား အော်စကာဆုအတွက် The Stories အမည်ရှိ ရုပ်ရှင်ဇာတ်ကားကို အီဂျစ်နိုင်ငံက ရွေးချယ်ထားကြောင်း စက်တင်ဘာ ၂၅ ရက် သတင်းများအရ သိရသည်။

The Stories ဇာတ်ကားသည် ၁၉၆၀ ပြည့်နှစ်နှင့် ၁၉၈၀ ပြည့်နှစ်ကြား အီဂျစ်နိုင်ငံကို ဇာတ်အိမ်ဖွဲ့ ရိုက်ကူးထားသော ဒရာမာဇာတ်ကားဖြစ်သည်။

The Stories ဇာတ်ကားကို အီဂျစ်လူမျိုး ဩစတြေးလျဒါရိုက်တာ အဘူဘေကာရှောက်ကီးက တာဝန်ယူရိုက်ကူးပေးထားသည်။

အဆိုပါဇာတ်ကားသည် အီဂျစ်လူမျိုး စန္ဒရားဆရာတစ်ဦးနှင့် ဩစတြေးလျအမျိုးသမီးတို့ကြား ဆက်ဆံရေးကို ဇာတ်အိမ်ဖွဲ့ရိုက်ကူးထားသည့် ဇာတ်ကားဖြစ်သည်။

The Stories ဇာတ်ကားတွင် အဓိက ဇာတ်ဆောင်များအဖြစ် အီဂျစ်လူမျိုး ဗြိတိသျှမင်းသား အမီယာအယ်မာဆရီနှင့် ဩစတြေးလျ မင်းသမီး ဗယ်လာရီပင်နာတို့ ပါဝင်ထားသည်။

၉၉ ကြိမ်မြောက် အော်စကာ ရုပ်ရှင်ဆုပေးပွဲကို ၂၀၂၇ ခုနှစ် မတ် ၁၅ ရက်တွင် လော့စ်အိန်ဂျလိစ်မြို့တော်၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**Ref : Sputnik News**

**Trs : KKO**



# ၁၀၆ နှစ်မြောက် မြန်မာ့ရုပ်ရှင်နေ့နှင့် ၄၉ ကြိမ်မြောက် ရုပ်ရှင်သက်ကြီးပူဇော်ပွဲကို ကျောက်တံတားမြို့နယ်ရှိ ဝဇီရာကဇာတ်ရုံတွင် ပြောင်းလဲကျင်းပသွားမည်

**ရန်ကုန် စက်တင်ဘာ ၂၆**

၁၀၆ နှစ်မြောက် မြန်မာ့ရုပ်ရှင်နေ့နှင့် ၄၉ ကြိမ်မြောက် ရုပ်ရှင်သက်ကြီးပူဇော်ပွဲကို ရန်ကုန်တိုင်းဒေသကြီး ကျောက်တံတားမြို့နယ်ရှိ ဝဇီရာကဇာတ်ရုံတွင် ပြောင်းလဲကျင်းပသွားမည် ဖြစ်ကြောင်း မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး ဒုတိယ ဥက္ကဋ္ဌ ဦးအေးကြူလေးကထံမှ သိရသည်။

မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးက နှစ်စဉ်ကျင်းပမြဲဖြစ်သည့် မြန်မာ့ရုပ်ရှင်နေ့ အခမ်းအနားနှင့် ရုပ်ရှင်သက်ကြီးပူဇော်ပွဲကို ယခင်ကာလများက ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် ဗိုလ်ချုပ်ကွက် ဝင်္ကဘာလမ်းရှိ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး (ဗဟို)တွင် ကျင်းပခဲ့ရာမှ ခန်းမနေရာအခက်အခဲများရှိသည့်အတွက် ယခုနှစ်တွင် ရန်ကုန်တိုင်းဒေသကြီး ကျောက်တံတားမြို့နယ်ရှိ ဝဇီရာကဇာတ်ရုံတွင် ပြောင်းလဲကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

"ကျွန်တော်တို့ ရုပ်ရှင်အစည်းအရုံးအနေနဲ့ ဒီနှစ် ရုပ်ရှင်သက်ကြီးပူဇော်ပွဲကိုတော့ ရုပ်ရှင်အစည်းအရုံးရဲ့ နေရာအခက်အခဲကြောင့် ဝဇီရာကဇာတ်ရုံမှာ ကျင်းပသွားမှာပါ။ ယခင်နှစ်တွေကဆိုရင် နေရာအခက်အခဲကြောင့် တက်ရောက်နိုင်ခြင်းမရှိတဲ့ ရုပ်ရှင်မိဘများကို အိမ်တိုင်ရာရောက် လိုက်လံကန်တော့ရတာ ရှိပါတယ်။ ဒီနှစ်ကတော့ အားလုံးကိုဖိတ်ကြားမှာဖြစ်ပါတယ်"ဟု ဦးအေးကြူလေးက ပြောပြသည်။

ပြီးခဲ့သည့် ၂၀၂၅ ခုနှစ်က ရုပ်ရှင်မိဘ သက်ကြီးကန်တော့ခံပုဂ္ဂိုလ်တစ်ဦးလျှင် ပူဇော်ကန်တော့ငွေကျပ် လေးသိန်းရှစ်သောင်းကျော်နှင့် လူသုံးကုန်၊ ဆေးဝါးပစ္စည်း အမျိုးအစား ၆၀ ကျော် လှူဒါန်းခဲ့ကြောင်း သိရသည်။

ASH

# Commander-in-Chief of Defence Services General Ye Win Oo opens South Dagon Mall built near Myanma Thakaung Advanced War Veteran Housing (Laydauntkan) in Yangon




General Ye Win Oo watches the documentary video clip on construction of South Dagon Mall.

**Nay Pyi Taw September 26**

A ceremony to inaugurate the South Dagon Mall built near Yangon's Myanma Thakaung Advanced War Veteran Housing (Laydauntkan) at the corner of Bayintnaung Road and No 7 Highway took place this morning, attended by Commander-in-Chief of Defence Services General Ye Win Oo to inaugurate the facility.

Also present at the ceremony were Commander-in-Chief (Navy) Admiral Htein Win, the Yangon Region Chief Minister, senior military officers from the Office of the Commander-in-Chief, the commander of Yangon Command, the Chairman and central executive committee members of the Myanmar War Veterans Organization, departmental officials and guests.

First, the General and party arrived at the South Dagon Mall where officials welcomed them. The Yangon Region Chief Minister, the Yangon Command Commander, the MWVO CEC Chairman and officials formally cut the ribbon to open the mall.

The General pressed the button to inaugurate the mall and sprinked scented water on the plaque together with his entourage.

The second session of the ceremony followed in the mall. The General and attendees watched a documentary video clip on the mall.

The MWVO CEC Chairman explained the construction and inauguration of the South Dagon Mall and presented a commemorative gift to the General.

The MWVO CEC Chairman also presented a certificate of honour to an official from Thamadi Kaung Tha Company Limited which took responsibility for building the South Dagon Mall.

The General posed for documentary photos with the attendees and toured the shops operating at the South Dagon Mall.

The South Dagon Mall is located near Myanma Thakaung Advanced War Veteran Housing (Laydauntkan) at the junction of Bayintnaung Road and No 7 Highway in Dagon Myothit (South) Township. In accord with the guidance of the Head of State, the shopping mall was built with the aim of uplifting the living standard of residents from the war veteran housing and Dagon Myothit (South) Township and creating employment opportunities for them. The mall is a three-storey RC building where shops, minimarts and department stores sell furniture, foodstuffs and electronic equipment, garments, cosmetics, gold and silver wares and jewellery ornaments as well as banks for giving monetary services. Furthermore, the mall is facilitated with a cinema for public entertainment and escalators for the convenience of shoppers. Solar power generation systems have also been installed to reduce electricity consumption. 100



Officials formally cut the ribbon to open South Dagon Mall.

# More than 1,000 acres of green gram harvested in ChaungU Township



Green gram being harvested in a field.

**ChaungU September 26**

Local farmers have reaped more than 1,000 acres of green gram in ChaungU Township of Sagaing Region this year, according to the township Agriculture Department.

ChaungU Township has cultivated 10,950 acres of green gram during this year's monsoon crop season. Harvesting of the green gram fields began in September, and 1,584 acres had been harvested as of today, with an average yield of 18.44 baskets per acre.

"This year, we have cultivated 10,950 acres of green gram in ChaungU Township during the monsoon crop season. The green gram fields are currently being harvested, and more than 1,000 acres have been harvested as of today. We are providing farmers with agricultural knowledge to encourage them to expand green gram cultivation and to use quality and pure seeds to achieve good yields," said U Tint Swe, head of the ChaungU Township Department of Agriculture.

This year, the ChaungU Township Department of Agriculture has provided green gram growers with guidance on obtaining quality and pure seeds suitable for local conditions, using proper cultivation methods, preventing pest infestations, applying fertilizers systematically, and achieving good yields.

During this year's monsoon crop season, the department has also been working together with farmers to provide quality and pure seeds, necessary agricultural inputs, and post-harvest technology to improve the yield and quality of various pulse crops. 206

# Commander-in-Chief of Defence Services General Ye Win Oo meets officers, other ranks and families from Thanlyin and Dala stations at Thanlyin Station of Yangon Command HQ



**General Ye Win Oo meets officers, other ranks and families from Thanlyin and Dala stations at Thanlyin Station.**

**Nay Pyi Taw September 26**

Commander-in-Chief of Defence Services General Ye Win Oo met officers, other ranks and families from Thanlyin and Dala stations at Thanlyin Station of Yangon Command HQ this afternoon.

Also present at the meeting were Daw Nilar, wife of the Commander-in-Chief of Defence Services, Commander-in-Chief (Navy) Admiral Htein Win and wife, senior military officers from Office of the Commander-in-Chief and wives, and the Yangon Command commander.

In his speech, General Ye Win Oo said Thanlyin and Dala stations are the maritime gateways to Yangon city. Geographically, they are crucial places touching Bago Region. As they lie on the opposite bank of downtown Yangon, these areas are also highly important for security. The Tatmadaw (Navy) needs strength and power to defend Myanmar territorial waters. The Tatmadaw (Navy) has gained strength that is enough to win respect of the surrounding countries and make them aware of it, thanks to the vision and efforts of the leaders of the Tatmadaw to strengthen it throughout the successive eras. Anti-illicit trade and drug trafficking operations within the country's territorial seas should be carried out as a national task and with loyalty. The Navy must maintain its find achievements. The brilliant performances of the Navy in its joint operations with infantry troops are well acknowledged.

The Tatmadaw was founded during the independence struggle. It has safeguarded the nation and people in every critical moment of history, with strong patriotic spirit. Hence, all military personnel must always place in the fore Our Three Main National Cause, which is a national policy, in serving duties. The nature of the duties and functions of the Tatmadaw is different from other departments and organizations. As soldiers stay in the compound of a relevant unit with their families, the parental guidance and fair administration of the commander and his wife is of vital importance. Just as commanders and responsible officials need to govern uprightly and justly, the officers and soldiers under their command must also obey orders and maintain good discipline as good followers. As they are living in urban areas, soldiers must use their opportunities beneficially and properly. They must understand and adhere to the policies and rules of the Tatmadaw.

Cases related to treason, operational problems, and drug offenses in the military are absolutely unforgivable offenses. Treason and betrayal include not only betraying the state and the military but also betraying one's family, and effective actions will be taken against them.

He stated that all members of the Tatmadaw have a duty to uphold and preserve its noble traditions. He noted that the primary responsibility of the Tatmadaw is to defend the nation, which requires maintaining full combat capability and prowess. He emphasized that the Tatmadaw must possess three core capacities, military, organizational, and administrative, and that achieving these capacities requires training for physical fitness, technical proficiency, and bravery. He highlighted that military personnel must continuously study evolving military tactics and arms technology to effectively apply them on the battlefield, urging them to strive constantly toward building capable units that earn the trust and reliance of the public.

He also stated that the Tatmadaw is working to elevate the educational standards not only of service members' family members but also of the service members themselves, providing continuous support to foster academic advancement. He emphasized that responsible officials and parents must prioritize improving the education of soldiers and children alike, noting that those in leadership must actively manage and create opportunities to achieve these goals.

He then stated that reading and studying literature are essential for enhancing personal capabilities, urging officers and soldiers to engage in reading that benefits their self-development. He noted that service members must read, record valuable information, and effectively apply that knowledge when encountering real-world situations, highlighting that sharing acquired knowledge with others is a commendable practice. He emphasized that everyone must therefore engage in continuous reading and learning without fail.

He noted that if commanders at all levels lead with proper leadership, their subordinates will place their trust in them. He noted that strong leadership from battalion and unit commanders fosters trust among lower-ranking personnel and their family members, enabling the successful execution of duties. He emphasized that responsible officials within units must maintain close contact with subordinates to address and resolve their difficulties, highlighting that such engagement is essential for boosting morale and solidifying troop strength. He called on leaders to govern their subordinates with parental goodwill, without partiality or favoritism, stressing that only then will the overall capability of the Tatmadaw continue to advance.

He stated that threats to maritime security must be considered as national security issues. He emphasized the need to anticipate potential future conflicts and threats, including those in the maritime security sector, establish strategic goals, and continuously build a naval force capable of standing shoulder-to-shoulder with regional navies. He highlighted that preparations and training must be conducted with the goals of fully protecting sovereignty and maritime territory within the Exclusive Economic Zone, effectively performing maritime security duties to ensure safe and smooth seaborne trade, assisting in natural disaster relief, and safeguarding the national interest into offshore waters. He urged all personnel of the Tatmadaw (Navy) to continuously strive to become a modern, capable naval force that earns the trust and reliance of the State and the people, after which he inquired about the needs of officers, service members, and their families, coordinating with responsible officials to fulfill their requirements.

Following the meeting, the General, his wife, and members cordially greeted the officers, service members, and family members in attendance.

Furthermore, General Ye Win Oo and his wife planted a Gangaw tree as a commemoration at the Naval Training Command, according to reports. 100

# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# အမေရိကန် မရိန်းတပ်ဖွဲ့က အရှေ့အလယ်ပိုင်းဒေသတွင် LMADIS ဒရုန်းတန်ပြန်ရေးစနစ်ကို တပ်ဖြန့်အသုံးပြု



အမေရိကန်မရိန်းတပ်ဖွဲ့၏အမှတ်(၁၁) မရိန်းအထူးတပ်ဖွဲ့သည် အရှေ့အလယ်ပိုင်းဒေသတွင် ဒရုန်းတန်ပြန်ရေးစနစ် (LMADIS) ကို တပ်ဖြန့်အသုံးပြုလျက်ရှိကြောင်း Defence Blog သတင်းဌာနက စက်တင်ဘာ ၂၁ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

အမှတ်(၁၁) မရိန်းအထူးတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် အရှေ့အလယ်ပိုင်းရှိ အမေရိကန် ဗဟိုစစ်ဌာနချုပ်၏ စစ်ဆင်ရေးနယ်မြေအတွင်း ဒရုန်းတန်ပြန်ရေးစနစ် (LMADIS) ကို မောင်းနှင်အသုံးပြုခဲ့ကြောင်း သိရသည်။

LMADIS စနစ်သည် ရှေ့တန်းတပ်ဖွဲ့များကို ခြိမ်းခြောက်လာနိုင်သည့် အသေးစားဒရုန်းများကို ထောက်လှမ်းခြင်း၊ ခွဲခြားသတ်မှတ်ခြင်း၊ ခြေရာခံခြင်းနှင့် တန်ပြန်ခြင်း ပြုလုပ်နိုင်ရန် ရည်ရွယ်တည်ဆောက်ထားသည့် ရွှေ့လျားနိုင်သော ဒရုန်းတန်ပြန်ရေးစနစ်ဖြစ်သည်။

အဆိုပါစနစ်တွင် Polaris MRZR ဘက်စုံသုံး မြေပြင်ယာဉ်နှစ်စီးပါဝင်ပြီး ယာဉ်တစ်စီးတွင် ကွပ်ကဲထိန်းချုပ်မှုစနစ်များ တပ်ဆင်ထားကာ အခြားယာဉ်တစ်စီးတွင် အီလက်ထရွန်နစ် စစ်ဆင်ရေးစနစ်များ တပ်ဆင်ထားသည်။ စနစ်တစ်ခုလုံးတွင် ရေဒါ၊ အီလက်ထရွန်နစ်စစ်ဆင်ရေးနှင့် ကွပ်ကဲမှု၊ ထိန်းချုပ်မှုဆိုင်ရာ ပစ္စည်းများကို ပေါင်းစပ်အသုံးပြုထားသည်။

ရေဒါက ဒရုန်းကို ထောက်လှမ်းတွေ့ရှိပြီးနောက် ကင်မရာစနစ်ဖြင့် ပစ်မှတ်၏ အမျိုးအစားနှင့် ခြိမ်းခြောက်မှုအခြေအနေကို ထပ်မံအတည်ပြုနိုင်သည်။ ပစ်မှတ်သည် ရန်သူ့ဒရုန်းဖြစ်ပါက အီလက်ထရွန်နစ်စစ်ဆင်ရေးစနစ်က Jamming ပြုလုပ်၍ ဒရုန်းနှင့်မြေပြင်ရှိ ထိန်းချုပ်ရေးစခန်းကြား ဆက်သွယ်မှုကို နှောင့်ယှက်ဖြတ်တောက်နိုင်ပြီး ဒရုန်းပျက်ကျစေရန် တန်ပြန်နိုင်သည်။

ထို့ကြောင့် LMADIS စနစ်၏ အဓိကရည်ရွယ်ချက်မှာ ဒရုန်းသည် ကာကွယ်ထားသည့် စစ်စခန်း သို့မဟုတ် အရေးကြီးနေရာသို့ မရောက်ရှိမီ စောစီးစွာထောက်လှမ်းပြီး တန်ပြန်တားဆီးရန်ဖြစ်သည်။

LMADIS စနစ်သည် ပင်မ Marine Air Defense Integrated System (MADIS) လက်နက်စနစ်၏ အပေါ့စားဗားရှင်းတစ်မျိုးဖြစ်ပြီး MADIS လက်နက်စနစ်ကို နည်းဗျူဟာမြောက် စစ်သုံးယာဉ်(JLTV) များပေါ်တွင် တပ်ဆင်အသုံးပြုရန် ဒီဇိုင်းထုတ်ထားသည်။ LMADIS စနစ်သည် MADIS အပြည့်အဝ တပ်ဆင်အသုံးပြုခြင်းမပြုမီ စမ်းသပ်စနစ်နှင့်ကြားကာလ ဒရုန်းတန်ပြန်ရေးစနစ်အဖြစ် အသုံးပြုခဲ့ခြင်းဖြစ်ပြီး မရိန်းတပ်ဖွဲ့၏ အနိမ့်ပျံလေကြောင်းရန်ကာကွယ်ရေးတပ်ရင်းများက တပ်ဖြန့် အသုံးပြုလျက်ရှိကြသည်။

အမေရိကန် မရိန်းတပ်ဖွဲ့သည် ဈေးနှုန်းသက်သာသည့် စီးပွားဖြစ်ဒရုန်းများကို တန်ပြန်နိုင်ရေးအတွက် လိုအပ်ချက်တစ်ရပ်ကို ၂၀၁၃ ခုနှစ် ISIS အဖွဲ့ကို တိုက်ခိုက်သည့် စစ်ဆင်ရေးကာလတွင် စတင်တွေ့ရှိခဲ့သည်။ LMADIS စနစ်ကို စစ်မြေပြင်တွင် ပထမဆုံးအသုံးပြုခဲ့ခြင်းမှာ ၂၀၁၉ ခုနှစ် ဇူလိုင်လတွင်ဖြစ်ပြီး USS Boxer သင်္ဘောပေါ်မှ မရိန်းတပ်ဖွဲ့ဝင်များက Polaris MRZR ယာဉ်ပေါ်တပ်ဆင်ထားသည့် LMADIS စနစ်ကို အသုံးပြု၍ အီရန်နိုင်ငံထုတ် ဒရုန်းတစ်စင်းကို တန်ပြန်ပစ်ချပြခဲ့သည်။

အမေရိကန် မရိန်းတပ်ဖွဲ့က အရှေ့အလယ်ပိုင်းဒေသတွင် LMADIS စနစ်ကို တပ်ဖြန့်အသုံးပြုလာခြင်းသည် အသေးစားဒရုန်းများ၏ ခြိမ်းခြောက်မှုမြင့်တက်လာမှုနှင့်အတူ ရွေ့လျားတပ်ဖွဲ့များအတွက် မိုဘိုင်းတန်ပြန်ဒရုန်းစွမ်းရည်ကို ပိုမိုအလေးထားတည်ဆောက်လာမှုကိုဖော်ပြနေသည်။ အထူးသဖြင့် ရေဒါဖြင့် ထောက်လှမ်းခြင်း၊ ကင်မရာဖြင့် ပစ်မှတ်အတည်ပြုခြင်း၊ အီလက်ထရွန်နစ်စစ်ဆင်ရေးဖြင့် တန်ပြန်ခြင်းနှင့် ကွပ်ကဲထိန်းချုပ်မှုတို့ကို စနစ်တစ်ခုအတွင်း ပေါင်းစပ်ထားခြင်းသည် ယနေ့ခေတ် ဒရုန်းတန်ပြန်ရေးစနစ်များ၏ ပေါင်းစပ်စွမ်းရည်အပေါ် အလေးထားလာမှုကို ထင်ဟပ်စေကြောင်း သိရသည်။

**U.S. Marines field counter-drone vehicles in Middle East ကို ဘာသာပြန်ဆိုထားပါသည်။**

# အိုင်ယာလန်က လေပိုင်နက်စောင့်ကြည့်မှုစွမ်းရည်ကိုမြှင့်တင်ရန် ပြင်သစ် Thales ကုမ္ပဏီထံမှ ပင်မရေဒါစနစ်ငါးစုံ ဝယ်ယူမည်

အိုင်ယာလန်နိုင်ငံသည် လေပိုင်နက်စောင့်ကြည့်မှုစွမ်းရည်ကို မြှင့်တင်ရန်အတွက် ပြင်သစ်နိုင်ငံ Thales ကုမ္ပဏီထံမှ တာဝေးရှာဖွေထောက်လှမ်းရေး ပင်မရေဒါစနစ် (Long-Range Primary Radar) ငါးစုံ ဝယ်ယူသွားမည်ဖြစ်ကြောင်း အိုင်ယာလန် မီဒီယာများက စက်တင်ဘာ ၂၃ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

အိုင်ယာလန်အစိုးရသည် အဆိုပါရေဒါစနစ်များဝယ်ယူရန် ယခုနှစ် ဇူလိုင်လက အတည်ပြုခဲ့ခြင်းဖြစ်ပြီး ၂၀၂၇ ခုနှစ်တွင် စတင်ပေးပို့မည်ဖြစ်ကာ ၂၀၂၈ ခုနှစ်ကုန်ပိုင်းတွင် အပြည့်အဝ တပ်ဖြန့်အသုံးပြုနိုင်သည့် အခြေအနေရောက်ရှိရန် မျှော်မှန်းထားသည်။

အဆိုပါဝယ်ယူမှုသည် စုစုပေါင်း အမေရိကန်ဒေါ်လာ ၃၄၃ သန်းမှ ၅၇၂ သန်းခန့် တန်ဖိုးရှိသည့် ပိုမိုကျယ်ပြန့်သော ရေဒါစွမ်းရည် မြှင့်တင်ရေးအစီအစဉ်၏ တစ်စိတ်တစ်ပိုင်းဖြစ်သည်။ အဆိုပါအစီအစဉ်တွင် မြေပြင်အခြေစိုက် တာဝေးရှာဖွေထောက်လှမ်းရေး ပင်မရေဒါစနစ်၊ ဒရုန်းတန်ပြန် ကာကွယ်ရေးစွမ်းရည်ပါဝင်သည့် မြေပြင်အခြေစိုက် လေကြောင်းရန်ကာကွယ်ရေးစနစ်များနှင့် ရေတပ်သင်္ဘောများအတွက် ရေကြောင်းသုံးရေဒါစနစ်များဟူ၍ အပိုင်းသုံးပိုင်းပါဝင်ကြောင်း သိရသည်။

ပြင်သစ်နိုင်ငံ၏ အဆိုပြုချက်သည် အိုင်ယာလန်နိုင်ငံ၏ လိုအပ်ချက်များနှင့် ကိုက်ညီမှုရှိကြောင်း သုံးသပ်တွေ့ရှိရသဖြင့် ပြင်သစ်နိုင်ငံကို အစိုးရအချင်းချင်း ပူးပေါင်းဆောင်ရွက်သည့် မိတ်ဖက်နိုင်ငံအဖြစ် ရွေးချယ်ခဲ့ခြင်းဖြစ်သည်။

အိုင်ယာလန်အစိုးရက ဝယ်ယူမည့် Thales ရေဒါစနစ်၏ သီးခြားမော်ဒယ်အမည်ကို ထုတ်ဖော်ပြောကြားခြင်း မရှိသေးပေ။ Thales ကုမ္ပဏီသည် Ground Master ရေဒါအုပ်စု၊ SMART-L MM စီးရီး၊ Mobile Master T စီးရီးနှင့် Sea Fire ရေတပ်သုံးရေဒါများအပါအဝင် တာဝေးရှာဖွေထောက်လှမ်းရေး ပင်မရေဒါစနစ်အမျိုးအစားများစွာကို ထုတ်လုပ်လျက်ရှိကြောင်း သိရသည်။

အိုင်ယာလန်နိုင်ငံ ကာကွယ်ရေးဝန်ကြီး Helen McEntee က အဆိုပါ ရေဒါစနစ်များသည် အိုင်ယာလန်လေပိုင်နက်အတွင်းရှိ လေယာဉ်များကို ကာကွယ်ရေးတပ်ဖွဲ့များက စောင့်ကြည့်နိုင်စေရန် "Recognised Air Picture" ဟုခေါ်သည့် လေပိုင်နက်အတွင်း ပစ်မှတ်များ၏ ပေါင်းစပ်အခြေအနေပြ မြေပုံတစ်ရပ်ကို ဖန်တီးပေးနိုင်မည်ဖြစ်ကြောင်း၊ အိုင်ယာလန်နိုင်ငံအနေဖြင့် လေပိုင်နက်တစ်ခုလုံး၏ "Recognised Air Picture" ကို အပြည့်အဝထိန်းသိမ်းထားနိုင်ရန် အဓိကရေဒါစွမ်းရည်ကို ဦးစားပေးအကောင်အထည်ဖော် သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။



အဆိုပါ ရေဒါသစ်များသည် လေယာဉ်များက ထုတ်လွှင့်ပေးပို့သည့် အချက်အလက်များအပေါ် မှီခိုစရာမလိုဘဲ လေယာဉ်များကို ရှာဖွေထောက်လှမ်းခြင်းနှင့် ခြေရာခံခြင်းတို့ ဆောင်ရွက်နိုင်စေမည်ဖြစ်သောကြောင့် အိုင်ယာလန်၏ လေပိုင်နက်စောင့်ကြည့်ထောက်လှမ်းရေး ဖွဲ့စည်းပုံတွင် လိုအပ်နေသည့် စွမ်းရည်ကွက်လပ်တစ်ရပ်ကို ဖြည့်ဆည်းပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။

အရန်အသုံးပြုလေ့ရှိသည့် Secondary Surveillance Radar စနစ်များသည် လေယာဉ်များတွင် တပ်ဆင်ထားသည့် Transponder များမှ ပြန်လည်ပေးပို့သည့် အချက်အလက်များအပေါ် အခြေခံ၍ လေယာဉ်များကို စောင့်ကြည့်ခြင်းဖြစ်သည်။ ထိုသို့မဟုတ်ဘဲ ပင်မရေဒါ (Primary Radar) စနစ်သည် ရေဒီယိုလှိုင်းများကိုပစ်လွှတ်ပြီး ပစ်မှတ်မှ ပြန်လည်ရောင်ပြန်လာသည့် အချက်ပြမှုများကို လက်ခံခြင်းဖြင့် ပစ်မှတ်များကို ရှာဖွေထောက်လှမ်းခြင်းဖြစ်သည်။ ထို့ကြောင့် လေယာဉ်၏ Transponder အချက်ပြမှု မရရှိနိုင်သည့်အခြေအနေ သို့မဟုတ် Transponder ကို ပိတ်ထားသည့်အခြေအနေများတွင်ပင် လေယာဉ်များကို သီးခြားရှာဖွေ ခြေရာခံနိုင်မည်ဖြစ်သည်။

အိုင်ယာလန်အစိုးရက အဆိုပါ ရေဒါစွမ်းရည်မြှင့်တင်ရေးသည် နိုင်ငံတော်လုံခြုံရေးကို ပိုမိုမြှင့်တင်ရန်နှင့် အစိုးရ၏ လုပ်ငန်းစီမံချက်တွင် သတ်မှတ်ထားသည့် အတိုင်း နိုင်ငံ၏ကာကွယ်ရေးစွမ်းရည်များကို အစဉ်မပြတ်တိုးမြှင့်ရန် ဆောင်ရွက်သည့် အရေးကြီးသော ခြေလှမ်းတစ်ရပ်ဖြစ်ကြောင်း သိရသည်။

**Ireland Orders Five Thales Radars to Enhance Airspace Monitoring ကို ဘာသာပြန်ဆိုထားပါသည်။**

**မင်းမျိုး**

# ဒီပဲယင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော နှမ်းဧကအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီး



**ဒီပဲယင်း စက်တင်ဘာ ၂၆**

စစ်ကိုင်းတိုင်းဒေသကြီး ရေဦးခရိုင် ဒီပဲယင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော နှမ်းဧကအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီ ဖြစ်ကြောင်း ဒီပဲယင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဒီပဲယင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၂၈၄၁၃ ဧကထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါစိုက်ပျိုးထားသော နှမ်းစိုက်ခင်းများကို ဩဂုတ်လ ပထမပတ်မှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ဧကအားလုံးရာနှုန်း ပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၁၀ တင်း ထွက်ရှိကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ဒီပဲယင်းမြို့နယ်မှာ နှမ်း ၂၈၄၁၃ ဧကထိ စိုက်ပျိုးနိုင်ခဲ့ပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ နှမ်းစိုက်ခင်းတွေ လက်ရှိမှာ ဧကအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ နှမ်းစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက်တစ်နှစ် တိုးတက်လာပါတယ်။ နှမ်းစိုက်ဧက တိုးချဲ့စိုက်ပျိုးနိုင်ဖို့၊ အထွက်နှုန်းကောင်းမွန်ဖို့၊ GAP နည်းစနစ်နဲ့ စိုက်ပျိုးဖို့ ဆောင်ရွက်ပေးခဲ့ပါတယ်"ဟု ဒီပဲယင်းမြို့နယ် စိုက်ပျိုးရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အေးမြတ်မွန်က ပြောပြသည်။

ဒီပဲယင်းမြို့နယ်တွင် ယခုနှစ် နှမ်းစိုက်တောင်သူများကို မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက နှမ်းတိုးချဲ့ စိုက်ပျိုးနိုင်ရေး၊ GAPနည်းစနစ်ဖြင့် စိုက်ပျိုးနိုင်ရေး၊ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းကောင်းမွန်ရေးအတွက် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

နှမ်းကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်း ဆီစားသုံးမှု ဖူလုံစေမည့်အပြင် ပို၍လျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သောကြောင့် နှမ်းကိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း ဒီပဲယင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အေးမြတ်မွန်က ပြောပြ၍ သိရသည်။

(၂၀၆)

# မအူပင်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဩဂုတ်လအတွင်း ကွမ်းသီးအနုပိဿာချိန် အများအပြားတင်ပို့ရောင်းချနိုင်ခဲ့

**မအူပင် စက်တင်ဘာ ၂၆**

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဩဂုတ်လအတွင်း ကွမ်းသီးအနုပိဿာချိန် အများအပြား တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း မအူပင်မြို့နယ် ကွမ်းသီးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ကြည်ဌေးက ပြောပြသည်။

မအူပင်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်းက ကွမ်းသီးအနု ပိဿာချိန် ၄၀၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဩဂုတ်လအတွင်း ကွမ်းသီးအနုပိဿာချိန် ၅၆၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါ ကွမ်းသီးအနု တစ်ပိဿာလျှင် ငွေကျပ် ၁၅၈၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

"မအူပင်မြို့နယ်ကနေ ရန်ကုန်ဈေးကွက်ကို ဩဂုတ်လထဲမှာ ကွမ်းသီးအနုတွေ အများအပြား တင်ပို့ ရောင်းချခဲ့ရပါတယ်။ ကွမ်းသီးအနုတွေ ရန်ကုန်ဈေးကွက်က ဝယ်ယူတာများလာလို့ တင်ပို့အား ကောင်းခဲ့တာဖြစ်ပါတယ်။ မအူပင်မြို့နယ်ကနေ ထွက်ရှိတဲ့ ကွမ်းသီးအနုတွေကို ရန်ကုန်ဈေးကွက်အပြင် အခြားဒေသတွေကိုပါ တင်ပို့ရောင်းချနေပါတယ်"ဟု မအူပင်မြို့နယ် ကွမ်းသီးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ကြည်ဌေးက ပြောပြသည်။



မအူပင်မြို့နယ်မှ ထွက်ရှိသည့် ကွမ်းသီးအနုများ တင်ပို့အားကောင်းလာရခြင်းကြောင့် ပွဲရုံပိုင်ရှင်များ၊ ကွမ်းသီးပင်စိုက်တောင်သူများ၊ ကုန်တင်ကုန်ချလုပ်သားများ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ အလုပ်အကိုင်ရရှိပြီး အဆင်ပြေလျက်ရှိကြောင်း သိရသည်။ **ကျော်ကျော်လင်း**

# သရက်မြို့နယ် အုတ်သျှစ်ကုန်း-သပြေစမ်း ကျေးရွာချင်းဆက် မြေနီလမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှု စစ်ဆေး

**သရက် စက်တင်ဘာ ၂၆**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် သရက်မြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက တိုင်းဒေသကြီးအစိုးရအဖွဲ့ ငွေလုံးငွေရင်း ရန်ပုံငွေဖြင့် အုတ်သျှစ်ကုန်း-သပြေစမ်းကျေးရွာချင်းဆက် မြေနီလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို စက်တင်ဘာ ၂၅ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သရက်ခရိုင် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ) ဦးသက်အောင်သန့်၊ သရက်မြို့နယ်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ဦးစီးအရာရှိ(မြို့ပြ) ဒေါ်ဝတ်ရည်ဦးတို့က တာဝန်ရှိသူများနှင့်အတူ အုတ်သျှစ်ကုန်း- သပြေစမ်း ကျေးရွာချင်းဆက် မြေနီလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ) ဦးသက်အောင်သန့်က လိုအပ်သည်များ ဆွေးနွေးမှာကြားသည်။

အဆိုပါ အုတ်သျှစ်ကုန်း- သပြေစမ်း ကျေးရွာချင်းဆက်လမ်း အရှည် တစ်မိုင်၊ အကျယ် ၁၈ ပေ၊ အမြင့်ရှစ်လက်မရှိ မြေနီလမ်းခင်းခြင်းလုပ်ငန်းကို တိုင်းဒေသကြီး အစိုးရအဖွဲ့ ငွေလုံးငွေရင်းခွင့်ပြုရန်ပုံငွေကျပ် ၁၄၄ သန်းဖြင့် မြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေး ဦးစီးဌာနက ကြီးကြပ်၍ ကျေးရွာသူ၊ ကျေးရွာသားများ ကိုယ်တိုင် ဖွန်လဒုတိယပတ်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ ၇၀ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း သရက်ခရိုင် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ဦးသက်အောင်သန့်ထံမှ သိရသည်။ **သူသူ**


# လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ



နိုင်ငံတော်စီးပွားဖွံ့ဖြိုးရေးအတွက်

အဓိကအဖော်မွန်ဖြစ်သော လျှပ်စစ်မီးကို

- ဝန်နှင့်အား မျှတအောင် သုံးစွဲပါ။
- လေလွင့်ပျောက်ဆုံးမှုမရှိအောင် ဂရုစိုက်ပါ။
- အန္တရာယ်မဖြစ်အောင် သတိပြုပါ။
- နေ့စဉ် အကျိုးရှိစွာ ချွေတာသုံးစွဲပါ။


# ပုဗ္ဗသီရိမြို့နယ် ရွာသစ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး



**နေပြည်တော် စက်တင်ဘာ ၂၆**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဇေယျာသီရိခရိုင် ပုဗ္ဗသီရိမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မီးလောင်ကုန်းကျေးရွာအုပ်စု ရွာသစ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို စက်တင်ဘာ ၂၅ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ပုဗ္ဗသီရိမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကိုကိုက ကျေးလက်နေပြည်သူများအတွက် လိုအပ်သည့် ငွေကြေးအရင်းအနှီးများရရှိစေရန်၊ စီမံကိန်းမှ တိုးပွားလာသော အတိုးငွေများဖြင့် ကျေးရွာတွင်း ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ ရန်ပုံငွေများ ထုတ်ချေးပေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံ ဝန်ထမ်းက စီမံကိန်းအကြောင်းအရာများ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များ၊ အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၉၅ ဒသမ ၉ သန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များက ရွာသစ်ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၆၁ ဦးကို ငွေကျပ် ၃၆ ဒသမ ၃ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၁၈ ဦးကို ငွေကျပ် ၆ ဒသမ ၇ သန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၁၀၁ ဦးကို ငွေကျပ် ၄၆ ဒသမ ၅ သန်း၊ အခြားလုပ်ငန်းလုပ်ကိုင်သူ ၁၇ ဦးကို ငွေကျပ် ၆ ဒသမ ၄ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၉၇ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၉၅ ဒသမ ၉ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**နေဒ်လူး**


တီဗီ-၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်

ငရုတ်သီး၊ ငရုတ်ကောင်းတို့၏ အပူဓာတ်သည် သွေးလည်ပတ်စီးဆင်းမှုကိုအားကောင်းစေပြီး အသက်ရှူလမ်းကြောင်းအတွင်း ရောဂါပိုးများဝင်ရောက်ခြင်းကို တိုက်ထုတ်ပေးသည်။



# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး ရန်ကုန်တိုင်းစစ်ဌာနချုပ် သန်လျင်တပ်နယ်နှင့် ဒလတပ်နယ်တို့မှ အရာရှိ၊ စစ်သည်၊ မိသားစုများကို တွေ့ဆုံအမှာစကားပြောကြား





တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး ရန်ကုန်တိုင်းစစ်ဌာနချုပ် သန်လျင်တပ်နယ်နှင့် ဒလတပ်နယ်တို့မှ အရာရှိ၊ စစ်သည်၊ မိသားစုများကို တွေ့ဆုံအမှာစကားပြောကြားစဉ်။

**အနာဂတ်တွင်ဖြစ်ပေါ်လာနိုင်မည့် ရေကြောင်းလုံခြုံရေးကဏ္ဍအပါအဝင် ခြိမ်းခြောက်မှုများနှင့် ပဋိပက္ခများအပေါ် ကြိုတင်တွက်ဆပြီး မဟာဗျူဟာပန်းတိုင်များချမှတ်ကာ ဒေသတွင်းရေတပ်များနှင့် ရင်ပေါင်တန်းနိုင်သော ရေတပ်ဖွဲ့တစ်ခုအဖြစ် အစဉ်မျှော်မှန်းတည်ဆောက်သွားရန်လိုအပ် . . .**

**မိမိတို့၏ သီးသန့်စီးပွားရေးဇုန်အတွင်းရှိ အချုပ်အခြာအာဏာနှင့် ရေပြင်ပိုင်နက်ကို အကြွင်းမဲ့ကာကွယ်စောင့်ရှောက်ရန်၊ ရေကြောင်းကုန်သွယ်မှုလုံခြုံချောမွေ့စေရေးအတွက် ပင်လယ်ရေကြောင်းလုံခြုံရေးတာဝန်များကို ထိရောက်စွာထမ်းဆောင်ရန်၊ သဘာဝဘေးအန္တရာယ်ကယ်ဆယ်ရေးနှင့် နိုင်ငံတော်၏အမျိုးသားအကျိုးစီးပွားကို ကမ်းလွန်ပင်လယ်ပြင်ထိ အကာအကွယ်ပေးရန်တို့ကိုမျှော်မှန်း၍ ပြင်ဆင်လေ့ကျင့်နေရန်လို . . .**

နေပြည်တော် စက်တင်ဘာ ၂၆

တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦးသည် ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ် သန်လျင်တပ်နယ်နှင့် ဒလတပ်နယ်တို့မှ အရာရှိ၊ စစ်သည်၊ မိသားစုများကို သန်လျင်တပ်နယ်ခန်းမ၌တွေ့ဆုံ၍အမှာစကားပြောကြားသည်။

အဆိုပါတွေ့ဆုံပွဲသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ဇနီး ဒေါ်နီလာ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီးထိန်ဝင်းနှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့်ဇနီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့် တပ်နယ်များမှ အရာရှိ၊ စစ်သည်၊ မိသားစုများ တက်ရောက်



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး တွေ့ဆုံပွဲတက်ရောက်လာကြသည့် အရာရှိ၊ စစ်သည်၊ မိသားစုများကို ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်စဉ်။

ကြသည်။

တပ်မတော် ကာကွယ်ရေးဦးစီးချုပ်က အမှာစကားပြောကြားရာတွင် သန်လျင်နှင့် ဒလတပ်နယ်သည် ရန်ကုန်မြို့တော်၏ ပင်လယ်ထွက်ပေါက်ဖြစ်ပြီး ပထဝီအနေအထားအရ အရေးပါသောနယ်မြေများဖြစ်ကြောင်း၊ အလားတူ ပဲခူးတိုင်းဒေသကြီးနှင့် ဆက်စပ်လျက်ရှိပြီး ရန်ကုန်မြို့လယ်ဧရိယာ၏ တစ်ဖက်ကမ်းတွင်ရှိ၍ လုံခြုံရေးအရလည်း အရေးကြီးသော နယ်မြေများဖြစ်ကြောင်း၊ တပ်မတော်(ရေ)အနေဖြင့် မြန်မာ့ပင်လယ်ပြင်ရေပိုင်နက်ကို ကာကွယ်နိုင်ရန်အတွက် အင်အားတောင့်တင်းခိုင်မာနေရန်လိုအပ်ကြောင်း၊ တပ်မတော်အကြီးအကဲအဆက်ဆက်တွင် တပ်မတော်(ရေ)ကို အင်အားတောင့်တင်းခိုင်မာစေရန် အမြော်အမြင်ရှိစွာဖြင့် တည်ဆောက်ခဲ့သဖြင့် ပတ်ဝန်းကျင်နိုင်ငံများ၏ လေးစားစောင့်ကြည့်နေသည်ထိ တောင့်တင်းလာခဲ့ကြောင်း၊ နိုင်ငံတော်၏ရေပိုင်နက်အတွင်း တရားမဝင်ကုန်သွယ်မှုများ၊ မူးယစ်ဆေးဝါးရောင်းဝယ်သယ်ဆောင်မှုများနှင့်ပတ်သက်၍ တားဆီးနှိမ်နင်းနိုင်ရေးကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် သစ္စာရှိစွာဆောင်ရွက်သွားကြရန်လိုကြောင်း၊ တပ်မတော်(ရေ)သည် အရည်အသွေးကောင်းမွန်သော အစဉ်အလာကောင်းများရှိပြီးဖြစ်၍ ဆက်လက်ထိန်းသိမ်းသွားကြရန်လိုကြောင်း၊ တပ်မတော်(ရေ)အနေဖြင့် စစ်ဆင်ရေးတာဝန်များတွင် ခြေလျင်တပ်များနှင့်အတူ ပူးပေါင်းဆင်နွှဲ၍ စွမ်းစွမ်းတမံဆောင်ရွက်နေမှုများကိုလည်း အသိအမှတ်ပြုပါကြောင်း။

မိမိတို့တပ်မတော်သည် လွတ်လပ်ရေးကြိုးပမ်းမှုများနှင့်အတူ မွေးဖွားလာခဲ့သည့် တပ်မတော်ဖြစ်ပြီး တိုင်းပြည်၏ခက်ခဲနက်နဲသော သမိုင်းအကွေ့အကောက်တိုင်းတွင် နိုင်ငံတော်နှင့်ပြည်သူကို အမျိုးသားရေးအသိစိတ်ဓာတ်ဖြင့် ရှေ့တန်းကနေ မားမားမတ်မတ်ကာကွယ်စောင့်ရှောက်ခဲ့သည့် သမိုင်းကြောင်းများရှိကြောင်း၊ ထို့ကြောင့် မိမိတို့အားလုံးသည် အမျိုးသားရေး မူဝါဒဖြစ်သည့် ဒို့တာဝန်အရေးသုံးပါးကို အစဉ်အမြဲဦးထိပ်ပန်ဆင်ပြီး သစ္စာရှိစွာတာဝန်ထမ်းဆောင်ကြရမည်ဖြစ်ကြောင်း။

တပ်မတော်သည် အခြားသောဌာနဆိုင်ရာများနှင့်ဖွဲ့စည်းမှုအရ လုပ်ငန်းတာဝန်အရ ခြားနားသောသဘောသဘာဝရှိကြောင်း၊ တပ်တွင်းတွင် မိသားစုနှင့်အတူ နေထိုင်၍ လုပ်ငန်းတာဝန်များကို ထမ်းဆောင်နေကြရသည့်အတွက် တပ်မှူးနှင့်ဇနီးတို့၏ မိဘသဖွယ်မျှတသောအုပ်ချုပ်မှုသည် အရေးကြီးကြောင်း၊ တပ်မှူးနှင့် တာဝန်ရှိသူများသည် တော်တည့်မှန်ကန်စွာအုပ်ချုပ်နေရန် လိုအပ်သကဲ့သို့ ကွပ်ကဲမှုအောက်တွင်ရှိသော အရာရှိ၊ စစ်သည်များကလည်း နောက်လိုက်ကောင်းများအဖြစ်အမိန့်နာခံ၍ စည်းကမ်းကောင်းမွန်




တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး South Dagon Mall အတွင်း ဆိုင်ခန်းများဖွင့်လှစ်ရောင်းချလျက်ရှိမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစဉ်။

**ရှေ့ဖုံးမှအဆက်**

တက်ရောက်ကြသည်။

ဦးစွာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦးနှင့် အဖွဲ့ဝင်များသည် South Dagon Mall သို့ ရောက်ရှိကြရာ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။ ထို့နောက် South Dagon Mall ဖွင့်ပွဲ အခမ်းအနားကို ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်၊ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုအမှုဆောင်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က South Dagon Mall ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး အခမ်းအနားတက်ရောက်လာကြသည့် အဖွဲ့ဝင်များနှင့်အတူ ကမ္ပည်းမော်ကွန်းကို အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကြသည်။

၎င်းနောက် အခမ်းအနားအစီအစဉ် ဒုတိယပိုင်းကို South Dagon Mall အတွင်း ဆက်လက်ကျင်းပရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အခမ်းအနားတက်ရောက်လာကြသူများက South Dagon Mall ဆိုင်ရာ မှတ်တမ်း Video Clip ကို ကြည့်ရှုကြသည်။

ထို့နောက် မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုအမှုဆောင်ဥက္ကဋ္ဌက South Dagon Mall တည်ဆောက်ဖွင့်လှစ်ခြင်းဆိုင်ရာများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။ ယင်းနောက် မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုအမှုဆောင်ဥက္ကဋ္ဌက South Dagon Mall အဆောက်အအုံသစ် ဖွင့်ပွဲအထိမ်းအမှတ်အမှတ်တရလက်ဆောင်ကိုတပ်မတော်ကာကွယ်ရေးဦးစီးချုပ်ထံသို့ ပေးအပ်သည်။

ဆက်လက်၍ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ဗဟိုအမှုဆောင်ဥက္ကဋ္ဌက South Dagon Mall အဆင့်မြင့်ဈေးသစ်ကြီး တည်ဆောက်ခဲ့သော သမာဓိကောင်းသာ ကုမ္ပဏီလီမိတက်မှ တာဝန်ရှိသူတစ်ဦးကို ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်သည်။

၎င်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် အခမ်းအနားတက်ရောက်လာကြသူများနှင့်အတူ အမှတ်တရစုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြပြီး South Dagon Mall အတွင်း ဆိုင်ခန်းများဖွင့်လှစ်ရောင်းချလျက်ရှိမှု အခြေအနေများကို လှည့်လည်ကြည့်ရှုကြသည်။

အဆိုပါ South Dagon Mall သည် ရန်ကုန်မြို့ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် မြန်မာ့သားကောင်း အဆင့်မြင့်စစ်မှုထမ်းဟောင်းအိမ်ရာ(လေးထောင့်ကန်)အနီး ဘုရင့်နောင်လမ်းနှင့် အမှတ်(၇)လမ်းထောင့်၌တည်ရှိပြီး နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ စစ်မှုထမ်းဟောင်းအိမ်ရာတွင်နေထိုင်သူများ၊ဒဂုံမြို့သစ်(တောင်ပိုင်း)နေ ဒေသခံပြည်သူများ၏ လူနေမှုအဆင့်အတန်းမြှင့်တင်နိုင်ရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများရရှိစေရေးအတွက် ခေတ်မီ Shopping Mall တစ်ခုအဖြစ် တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း၊ South Dagon Mall သည် RC အမျိုးအစား သုံးထပ်အဆောက်အအုံဖြစ်ပြီး ပရိဘောဂဆိုင်များ၊ စားသောက်ဆိုင်များ၊ လျှပ်စစ်ပစ္စည်းအရောင်းဆိုင်များ၊ မီနီမတ်ဆိုင်များ၊ စတိုးဆိုင်များ၊ အဝတ်အထည်နှင့်အလှကုန်ဆိုင်များ၊ ရွှေငွေလက်ဝတ်ရတနာဆိုင်များနှင့် ငွေကြေးဝန်ဆောင်မှုလုပ်ငန်းများအတွက် Bank များ ဖွင့်လှစ်ထားရှိသည့်အပြင် အများပြည်သူများအပန်းဖြေနိုင်ရေးအတွက် ရုပ်ရှင်ရုံနှင့် ဈေးဝယ်သူများအဆင်ပြေစွာ သွားလာနိုင်စေရန်အတွက် စက်လှေကားများ ထည့်သွင်းတည်ဆောက်ထားပြီး လျှပ်စစ်ဓာတ်အားသုံးစွဲမှုကို လျှော့ချနိုင်ရန်အတွက် နေရောင်ခြည်စွမ်းအင်သုံးဆိုလာလျှပ်စစ်ဓာတ်အားပေးစနစ်များ ထည့်သွင်းတည်ဆောက်ထားခြင်းဖြစ်ကြောင်း သတင်းရရှိသည်။ (၅၀၁)

နေရန်လိုကြောင်း၊ မြို့ပြတွင်နေထိုင်သူများဖြစ်၍ ကောင်းမွန်သောအခွင့်အလမ်းများကို မှန်မှန်ကန်ကန်အသုံးချရန် လိုအပ်ပြီး တပ်မတော်၏မူဝါဒနှင့် စည်းကမ်းများကို သိရှိပြီးလိုက်နာစောင့်ထိန်းကြရန်လိုကြောင်း။

တပ်မတော်တွင် သစ္စာဖောက်မှု၊ စစ်ဆင်ရေးမှု၊ မူးယစ်ဆေးဝါးမှုများနှင့် ပတ်သက်၍ လုံးဝခွင့်လွှတ်၍မရသည့် အမှုကိစ္စများဖြစ်ကြောင်း၊ သစ္စာဖောက်မှုဆိုရာတွင် နိုင်ငံတော်နှင့် တပ်မတော်အပေါ် သစ္စာဖောက်ခြင်းအပြင် မိသားစုအပေါ်သစ္စာဖောက်ခြင်းလည်း ပါဝင်၍ ထိရောက်စွာအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

တပ်မတော်၏ ကောင်းမွန်သည့် အစဉ်အလာကောင်းများကို ဆက်လက်ထိန်းသိမ်းကာကွယ်ရန်မှာ တပ်မတော်သားအားလုံးတွင် တာဝန်ရှိကြောင်း၊တပ်မတော်အနေဖြင့် နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို ထမ်းဆောင်ရန် အဓိကတာဝန်ရှိပြီး ထိုသို့တာဝန်ထမ်းဆောင်နိုင်ရေးအတွက် တိုက်စွမ်းရည်၊ တိုက်စွမ်းအားများ ပြည့်ဝရမည်ဖြစ်ကြောင်း၊ တပ်မတော်အနေဖြင့် စွမ်းရည်သုံးရပ်နှင့် ပြည့်စုံနေရန်လိုအပ်ပြီး စွမ်းရည်ရှိရန်ကျန်းမာကြံ့ခိုင်မှု၊ ကျွမ်းကျင်မှုနှင့် ရဲစွမ်းသတ္တိများရှိအောင် လေ့ကျင့်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ပြောင်းလဲလာသည့် စစ်အတတ်ပညာနှင့် စစ်လက်နက်ပစ္စည်းများကို အမြဲလေ့လာနေရမည်ဖြစ်ပြီး စစ်မြေပြင်တွင် လက်တွေ့အသုံးချနိုင်ရန် လိုကြောင်းနှင့် ပြည်သူကယုံကြည်အားကိုးရသည့် စွမ်းရည်ပြည့်ဝသောတပ်များဖြစ်အောင် အမြဲကြိုးပမ်းဆောင်ရွက်သွားကြရန်လိုကြောင်း။



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦးနှင့် ဇနီး ဒေါ်နီလာ ရေတပ်လေ့ကျင့်ရေးဌာနချုပ်၌ ကံ့ကော်ပင်ကို အမှတ်တရစိုက်ပျိုးစဉ်။

တပ်မတော်အနေဖြင့် တပ်မတော်သားမိသားစုဝင်များ၏ သားသမီးများသာမက တပ်မတော်သားများ၏ ပညာရည်မြင့်မားစေရေးအတွက်လည်း ဆောင်ရွက်ပေးလျက်ရှိပြီး ပညာရည်မြင့်မားစေရေးအတွက် လိုအပ်သည်များ စဉ်ဆက်မပြတ်ပံ့ပိုးဆောင်ရွက်ပေးလျက်ရှိသဖြင့် သက်ဆိုင်ရာတာဝန်ရှိသူများ၊ မိဘများအနေဖြင့်လည်း စစ်သည်များ၊ ကလေးငယ်များ၏ ပညာရည်မြင့်မားရေးကို အလေးပေးဆောင်ရွက်ကြရန်နှင့် တာဝန်ရှိသူများအနေဖြင့် အခွင့်အလမ်းများရရှိအောင် စီမံဆောင်ရွက်ပေးကြရန်လိုကြောင်း။

တစ်ဦးချင်းစီ၏ အရည်အသွေးတိုးတက်စေရေးအတွက် စာပေဖတ်မှတ်လေ့လာသွားရန် မဖြစ်မနေလိုအပ်မည်ဖြစ်သဖြင့် အရာရှိ၊ စစ်သည်များအနေဖြင့် မိမိကိုယ်ကို အကျိုးဖြစ်စေနိုင်မည့် စာပေဗဟုသုတလေ့လာခြင်းများကိုဆောင်ရွက်ကြရန်လိုကြောင်း၊ စာပေဖတ်ရှုခြင်း၊အကြောင်းအရာများကို မှတ်သားခြင်း၊ လက်တွေ့ကြုံတွေ့လာရသည့်အခြေအနေတွင် ၎င်းအကြောင်းအရာကို အကျိုးရှိရှိအသုံးချခြင်းတို့ကို ဆောင်ရွက်သွားရမည်ဖြစ်ပြီး မိမိတို့သိရှိထားသည့် အကြောင်းအရာများကို အခြားသူများကို မျှဝေပေးခြင်းသည်လည်း ကောင်းမွန်သည့်အမူအကျင့်ကောင်းတစ်ခုပင်ဖြစ်ကြောင်း၊ ထို့ကြောင့် စာပေဖတ်မှတ်လေ့လာခြင်းကို အမြဲမပြတ်ဆောင်ရွက်သွားကြရန်လိုကြောင်း။

ခေါင်းဆောင်မှုနှင့် ပတ်သက်ပါက တပ်မှူးအသီးသီးသည် မှန်ကန်သည့် ဦးဆောင်မှုနှင့်လုပ်ဆောင်ပါက လက်အောက်ငယ်သားများက တပ်မှူးအပေါ် ယုံကြည်မှုရှိလာမည်ဖြစ်ကြောင်း၊ တပ်ရင်း၊တပ်ဖွဲ့မှူးများ ခေါင်းဆောင်မှုကောင်းမွန်ပါက လက်အောက်စစ်သည်၊ မိသားစုဝင်များက ယုံကြည်မှုရှိ၍ လုပ်ငန်းတာဝန်များကို အောင်မြင်အောင် ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ တပ်ရင်း၊တပ်ဖွဲ့များရှိ တာဝန်ရှိသူများအနေဖြင့် လက်အောက်၏ အခက်အခဲများကိုဖြေရှင်းဆောင်ရွက်ပေးရန်လိုသဖြင့် ၎င်းတို့နှင့် ထိတွေ့မှုများစွာရှိရမည်ဖြစ်ကြောင်း၊ ထိုသို့ ထိတွေ့မှုများပြုလုပ်ခြင်းသည် စစ်သည်များစိတ်ဓာတ်မြင့်မားရေးနှင့် တပ်အင်အားတောင့်တင်းခိုင်မာရေးအတွက် လုပ်ဆောင်ရမည့် အချက်ပင်ဖြစ်ကြောင်း၊ ခေါင်းဆောင်သည် လက်အောက်ငယ်သားအပေါ် ကျောသား၊ရင်သားမခွဲခြားဘဲ အမိအဖစိတ်ထားဖြင့် အုပ်ချုပ်ကွပ်ကဲရန်လိုကြောင်း၊ သို့မှသာမိမိတို့တပ်မတော်၏ အရည်အသွေးတိုးတက်လာမည်ဖြစ်ကြောင်း။

ရေကြောင်းလုံခြုံရေးအပေါ် ခြိမ်းခြောက်မှုများကိုလည်း အမျိုးသားလုံခြုံရေးပြဿနာအဖြစ်ထည့်သွင်းစဉ်းစားရမည်ဖြစ်ကြောင်း၊ အနာဂတ်တွင်ဖြစ်ပေါ်လာနိုင်မည့် ရေကြောင်းလုံခြုံရေးကဏ္ဍအပါအဝင် ခြိမ်းခြောက်မှုများနှင့်ပဋိပက္ခများအပေါ် ကြိုတင်တွက်ဆပြီး မဟာဗျူဟာပန်းတိုင်များချမှတ်ကာ ဒေသတွင်းရေတပ်များနှင့် ရင်ပေါင်တန်းနိုင်သော ရေတပ်ဖွဲ့တစ်ခုအဖြစ် အစဉ်မျှော်မှန်းတည်ဆောက်သွားရန်လိုအပ်ကြောင်း၊ မိမိတို့၏ သီးသန့်စီးပွားရေးဇုန်အတွင်းရှိ အချုပ်အခြာအာဏာနှင့် ရေပြင်ပိုင်နက်ကို အကြွင်းမဲ့ ကာကွယ်စောင့်ရှောက်ရန်၊ ရေကြောင်းကုန်သွယ်မှု လုံခြုံချောမွေ့စေရေးအတွက် ပင်လယ်ရေကြောင်းလုံခြုံရေးတာဝန်များကို ထိရောက်စွာထမ်းဆောင်ရန်၊ သဘာဝဘေးအန္တရာယ်ကယ်ဆယ်ရေးနှင့် နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို ကမ်းလွန်ပင်လယ်ပြင်ထိ အကာအကွယ်ပေးရန်တို့ကို မျှော်မှန်း၍ ပြင်ဆင်လေ့ကျင့်နေရန်လိုကြောင်း၊ တပ်မတော်(ရေ)မှ ရဲဘော်ရဲဘက်အားလုံးအနေဖြင့် စွမ်းရည်များပြည့်ဝကာ နိုင်ငံတော်နှင့်ပြည်သူက အားကိုးရသည့် ခေတ်မီတပ်မတော်(ရေ)အဖြစ် အစဉ်အမြဲကြိုးပမ်းဆောင်ရွက်သွားရန်လိုကြောင်းဖြင့် ပြောကြားပြီး အရာရှိ၊ စစ်သည်၊ မိသားစုများ၏ လိုအပ်ချက်များမေးမြန်းကာ လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။

တွေ့ဆုံပွဲအပြီးတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်ဇနီး၊ အဖွဲ့ဝင်များသည် တက်ရောက်လာကြသည့် အရာရှိ၊ စစ်သည်မိသားစုများကို ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ခဲ့သည်။

ထို့ပြင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦးနှင့် ဇနီးတို့သည် ရေတပ်လေ့ကျင့်ရေးဌာနချုပ်၌ ကံ့ကော်ပင်ကို အမှတ်တရစိုက်ပျိုးခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)

# ညီညွတ်ရေးက အရေးကြီး

**တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကတော့ အရေးကြီးတဲ့အချက်ပဲ။ လွတ်လပ်ရေးမဆုံးရှုံးခင်က တိုင်းရင်းသားတွေအားလုံး စုစုစည်းစည်း နေခဲ့ကြတယ်။ လွတ်လပ်ရေးဆုံးရှုံးခဲ့ပြီးနောက်ပိုင်း အမျိုးမျိုးသောသွေးခွဲမှုတွေကြောင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှု ပျက်ပြားခဲ့ကြတယ်။ လွတ်လပ်ရေးရပြီးတဲ့အချိန်မှာလည်း အမျိုးမျိုးသောသွေးခွဲမှုတွေကြောင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှုတွေ ပျက်ယွင်းခဲ့ရတယ်။ ဒါကို ကျွန်တော်တို့ ပြန်ပြီးစုစည်းညီညွတ်တဲ့ ပြည်ထောင်စုတည်ဆောက်ဖို့လိုတာပေါ့။ မတည်ဆောက်နိုင်ရင်တော့ ပဋိပက္ခတွေဖြစ်နေမှာပဲ။ ဒါကြောင့် ညီညွတ်ရေးကအရေးကြီးပါတယ်။**

**(နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ၁၉-၇-၂၀၂၆ ရက်နေ့ အာဇာနည်နေ့အခမ်းအနားသို့ လာရောက်ဂါရဝပြုရခြင်းနှင့် ပစ္စုပ္ပန္နကာလတွင်တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေး၊ တိုင်းရင်းသားစည်းလုံး ညီညွတ်ရေးတို့နှင့်စပ်လျဉ်း၍ မီဒီယာများ၏ မေးမြန်းမှုများ ဖြေကြားချက်မှ ကောက်နုတ်ချက်)**

**✱ ရေမျှောပူဇော်ခြင်းမှ**

ချမ်းမြေ့ရိပ်သာ ဝေယျာဝစ္စအဖွဲ့နှင့် ဒါယကာ၊ ဒါယိကာမများ တက်ရောက်ကြည်ညိုကြသည်။

ဦးစွာ ဆရာတော်၊ သံဃာတော်များ၊ ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ ချမ်းမြေ့ရိပ်သာ ယောဂီအဖွဲ့များအပါအဝင် ပရိသတ်အားလုံးက "သဗ္ဗေသင်္ခါရာ အနိစ္စာတိ" အစချီသော သံဝေဂ သုံးဂါထာကို ရွတ်ဆိုပွားများ၍ အခမ်းအနားကို ဖွင့်လှစ်ကာ အခမ်းအနားမှူးက သရီရဓာတ်ပြာတော်တို့ကို ဓာတုပဝါဟန ပူဇာသဘင် ဆင်ယင်ကျင်းပပူဇော်ခွင့်ပြုရန် အဘိယာစန နိမန္တနဂါထာဖြင့် တောင်းပန်လျှောက်ထားသည်။

ထို့နောက် ဆရာတော်ကြီးများ၊ ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီးဝန်ကြီးများသည် လောင်တိုက်ပေါ်သို့ တက်ရောက်ကြပြီး ချမ်းမြေ့ရိပ်သာ ဆရာတော် ဘဒ္ဒန္တဇနကာဘိဝံသ မဟာထေရ်မြတ်ကြီး၏ သရီရဓာတ်ပြာတော် အရိုးတော်များကို အုန်းစိမ်းရည်ဖြင့် ပက်ဖျန်းပူဇော်ခြင်း၊ သရီရဓာတ်ပြာတော်အရိုးတော်များကို ရတနာရွှေအိုး၊ ငွေအိုးများတွင် ထည့်သွင်းပူဇော်ခြင်း၊ ကျန်ရှိသော သရီရဓာတ်ပြာတော်၊ အရိုးအစအနအားလုံးကို ရွှေအိတ်များဖြင့် ထည့်သွင်းခြင်းတို့ ဆောင်ရွက်ကြပြီး သရီရဓာတ်ပြာတော် ရတနာရွှေအိုးများကို ကရဝိက်ယာဉ်ပေါ်သို့ အစီအစဉ်အတိုင်း ပင့်ဆောင်ပူဇော်ကြသည်။



ယင်းနောက် ကရဝိက်ယာဉ်ဖြင့် ချမ်းမြေ့ရိပ်သာဆရာတော်ကြီး၏ သရီရဓာတ်ပြာတော် ရတနာရွှေအိုးများကို သဃ်္ဃန်းကျွန်းမြို့နယ်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ပုဇွန်တောင်မြို့နယ်၊ ဗိုလ်တထောင်မြို့နယ်၊ ကျောက်တံတားမြို့နယ်တို့ကို ဖြတ်သန်းပင့်ဆောင်လာရာ လမ်းတစ်လျှောက်တွင် ဒါယိကာ၊ ဒါယိကာမများက ဖူးမြော်ကြည်ညိုကြသည်။

ဆက်လက်၍ မြန်မာ့ဆိပ်ကမ်းအာဏာပိုင် ကျန်းမာရေးဆိပ်ကမ်းတံတား၌ ဆရာတော်၊ သံဃာတော်များက ဦးဆောင်၍ ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီးဝန်ကြီးများ၊ တာဝန်ရှိသူများနှင့် ချမ်းမြေ့ရိပ်သာကျောင်းတိုက်ဝေယျာဝစ္စအဖွဲ့ဝင်များက ချမ်းမြေ့ရိပ်သာ ဆရာတော်ကြီး၏ သရီရအရိုးပြာဓာတ်တော်များ ထည့်သွင်းပူဇော်ထားသည့် ရတနာရွှေအိုးများနှင့် ရတနာရွှေအိတ်များကို Royal Green River သင်္ဘောပေါ်ရှိ အပူဇော်ခံပလ္လင်ပေါ်သို့ ပင့်ဆောင်ထားရှိကြသည်။

အဆိုပါသင်္ဘောဖြင့် ပုဇွန်တောင်ချောင်းနှင့် ရန်ကုန်မြစ်၊ ပဲခူးမြစ်ဆုံရာနေရာသို့ရောက်ရှိပြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် ဗဟန်းမြို့နယ် မဟာဝိသုဒ္ဓါရုံ ရွှေကျင်တိုက်သစ် တိုက်အုပ်ဆရာတော် ဘဒ္ဒန္တသိရိကဥ္စနာဘိဝံသက ချမ်းမြေ့ဆရာတော်ကြီးအား နောက်ဆုံးပူဇော်သည့်အနေဖြင့် ချမ်းမြေ့ဆရာတော်ဘုရားကြီး၏ သာသနာပြုဂုဏ်ဖြင့် ပရိယတ္တိစွမ်းရည်၊ ပဋိပတ္တိစွမ်းရည်တို့ကိုဟောကြားဂုဏ်ပြုပူဇော်ပြီး ချမ်းမြေ့ဆရာတော်ကြီးအား ကုသိုလ်အမျှပေးဝေကြသည်။

ထို့နောက် အခမ်းအနားမှူးက ချမ်းမြေ့ဆရာတော်ဘုရားကြီး၏ သရီရအရိုးပြာဓာတ်တော်များကို သရီရဓာတုပဝါဟနပူဇာသဘင် ဆင်ယင်သည့်အနေဖြင့် ရေမျှောပူဇော်တော့မည်ဖြစ်ကြောင်း သုံးကြိမ်တိုင်တိုင် လျှောက်ထားကြေညာပြီး သံဃာတော်များ ဦးဆောင်သည့် ပရိသတ်အားလုံးက "အနိစ္စာဝတ သင်္ခါရာ" "ဒုက္ခာဝတ သင်္ခါရာ" "အနတ္တာဝတ သင်္ခါရာ" အစချီရွတ်ဆို ပွားများကာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့က ချမ်းမြေ့ဆရာတော်ကြီး၏ သရီရအရိုးပြာဓာတ်တော်များကို ထည့်သွင်းပူဇော်ထားသည့် ရတနာရွှေအိုးတော်များ၊ ရတနာရွှေအိတ်တော်များကို ရေမျှောပူဇော်ကြသည်။

အခမ်းအနားအပြီးတွင် အဆိုပါသင်္ဘောပေါ်၌ ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# မော်ဘီမြို့နယ်နှင့် အောင်မြေသာစံမြို့နယ်တို့ရှိ သံဃာတော်များ၊ သာသနာ့နွယ်ဝင်သီလရှင်များ၊ ပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်



**မန်းတောင်ခြေဘိုးဘွားရိပ်သာရှိ အဘိုး၊ အဘွားများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုကို အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက ကြည့်ရှုအားပေးစဉ်။**



**ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။**

**နေပြည်တော် စက်တင်ဘာ ၂၆**

တပ်မတော်အနေဖြင့် ပြည်သူလူထု၏ ကျန်းမာရေးကဏ္ဍ တိုးတက်မြင့်မားစေရန်အတွက် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းက ကူညီစောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ရန်ကုန်တိုင်းဒေသကြီး မော်ဘီမြို့နယ် လိပ်ပုတ်ကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ သံဃာတော်များ၊ ဒေသခံပြည်သူများကို အဆိုပါကျေးရွာရှိ ကျက်သရေကျောင်းတိုက်၌ အခြေပြု၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က သံဃာတော် ငါးပါး၊ သာသနာ့နွယ်ဝင်သီလရှင် ငါးပါး၊ ဒေသခံပြည်သူ ၁၁၉ ဦးတို့ကို အရိုးအကြောရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ ကလေးရောဂါ၊ မျက်စိရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးသည်။

အလားတူ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် ဥပုသ်တော်ရပ်ကွက် မန်းတောင်ခြေဘိုးဘွားရိပ်သာရှိ အဘိုး၊ အဘွား ၅၅ ဦးကို အဆိုပါရိပ်သာရှိ ခန်းမဆောင်၌ သွေးတိုးရောဂါ၊ အဆစ်အမျက်ရောင်ရောဂါ၊ ဆီးချိုရောဂါ၊ မီးယပ်ရောဂါ၊ အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ ခွဲစိတ်ရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းနှင့် ကျန်းမာရေးဆိုင်ရာ အသိပညာပေးခြင်းများဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန် လိုအပ်သည့်လူနာများကို နယ်မြေခံတပ်မတော်ဆေးရုံသို့ တက်ရောက်ဆေးကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်နေမှုများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်နှင့် တပ်နယ်များမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)

# နေပြည်တော်ကောင်စီနယ်မြေအတွင်း မန္တလေးငလျင်ကြီးကြောင့် ပျက်စီးသွားသောဝန်ထမ်းအိမ်ရာများ အသစ်ပြန်လည်တည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ

**နေပြည်တော် စက်တင်ဘာ ၂၆**

နေပြည်တော်ကောင်စီ နယ်မြေအတွင်းရှိ မန္တလေးငလျင်ကြီးကြောင့် ပျက်စီးသွားသော ဝန်ထမ်းအိမ်ရာများ အသစ်ပြန်လည် တည်ဆောက်ခြင်း လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

ဝန်ထမ်းအိမ်ရာအသစ်များ တည်ဆောက်မှုအနေဖြင့် ဇေယျာသီရိမြို့နယ်သိဒ္ဓိရပ်ကွက်တွင် အရာထမ်းကြီးအိမ်ရာ အဆောက်အအုံ နှစ်လုံး ၁၂ ခန်း၊ အကွက်အမှတ်(၈-က)တွင် အဆောက်အအုံ ၆၁ လုံး ၉၇၆ ခန်း၊ အကွက်အမှတ် (၈-ခ)တွင် အဆောက်အအုံ အလုံး ၄၀ အခန်း ၆၄၀၊ အကွက်အမှတ်(၃)တွင် အဆောက်အအုံ ၇၈ လုံး ၁၂၄၈ ခန်း၊ အကွက်အမှတ်(၄)တွင် အဆောက်အအုံ ၁၁၂ လုံး ၁၇၉၂ ခန်း စုစုပေါင်းတိုက် ၂၉၃ လုံး အခန်း ၄၆၆၈ ခန်းကို အရှိန်အဟုန်ဖြင့်ဆောင်ရွက်လျက်ရှိပြီး လုပ်ငန်းများ အရည်အသွေးပြည့်မီစွာ သတ်မှတ်ချိန်အတွင်းပြီးစီးနိုင်ရေးကို ဆောက်လုပ်ရေးဝန်ကြီးဌာနက ကြပ်မတ်ဆောင်ရွက်လျက်ရှိသည်။

အဆိုပါလုပ်ငန်းများ ဆောင်ရွက်နေမှုကို အဆောက်အအုံများပြန်လည်ပြုပြင်အသုံးပြုရေးနှင့် အသစ်တည်ဆောက်ရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်သည် ကော်မတီအဖွဲ့ဝင် ဒုတိယဝန်ကြီး နေပြည်တော်ကောင်စီဝင် အမြဲတမ်းအတွင်းဝန်တို့နှင့်အတူ ယနေ့တွင် သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဝန်ထမ်းအိမ်ရာများ အသစ်ပြန်လည်တည်ဆောက်နေသည့် နေပြည်တော်ကောင်စီနယ်မြေ အကွက်အမှတ်(၈-က)ကို ကြည့်ရှုစဉ် ပြည်ထောင်စုဝန်ကြီးက ပွင့်လင်းရာသီရောက်ရှိပြီဖြစ်၍ လုပ်ငန်းများ သတ်မှတ်ချက်နှင့်အညီပြီးစီးရေး တွန်းအားပေးဆောင်ရွက်ရန်၊ Modular House များတွင် ယာယီနေထိုင်သည့် နိုင်ငံ့ဝန်ထမ်းများကို အမြန်ဆုံးနေရာချထားပေးနိုင်ရေးအတွက် ပြီးစီးနိုင်သည့် အိမ်ရာများကိုဦးစားပေးဆောင်ရွက်ပေးရန်၊ ငလျင်ဒဏ်ခံနိုင်သည့် အဆောက်အအုံများဖြစ်စေရေးအတွက် ပညာရှင်များ၏ အကြံပြုချက်များကိုရယူ၍ ကျွမ်းကျင်အင်ဂျင်နီယာများ၊ လုပ်ငန်းအတွေ့အကြုံရှိသည့် တည်ဆောက်ရေးကုမ္ပဏီများဖြင့် ဆောင်ရွက်လျက်ရှိသောကြောင့် တည်ဆောက်ရေးလုပ်ငန်းများ အရည်အသွေးပြည့်မီစေရေး၊ လက်ရာသေသပ်ကောင်းမွန်စေရေး၊ လုပ်ငန်းခွင်သန့်ရှင်းရေး၊ သတ်မှတ်ကာလအတွင်း ပြီးစီးရေး ပူးပေါင်းဆောင်ရွက်ရန်နှင့် ကွန်ကရစ်လမ်း၊ လျှပ်စစ်မီး၊ရေလိုင်းစနစ်နှင့်ရေနုတ်မြောင်းများစသည့် Infrastructure များပါ တစ်ပါတည်းပြီးစီးရေး တာဝန်ရှိသူများက ကြပ်မတ်ဆောင်ရွက်ပေးရန် မှာကြားသည်။



ဆက်လက်၍ တာဝန်ရှိသူများက အိမ်ရာစီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု၊ ဆောင်ရွက်ပြီးစီးမှုနှင့် သတ်မှတ်ကာလအတွင်း ပြီးစီးရေး တွန်းအားပေးကြပ်မတ်ဆောင်ရွက်နေမှုနှင့်ပတ်သက်၍ သက်ဆိုင်ရာကဏ္ဍအလိုက် ရှင်းလင်းတင်ပြမှုအပေါ် ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့က လုပ်ငန်းလိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းပေးပြီး စီမံကိန်းလုပ်ငန်းခွင်အတွင်း အသေးစိတ်လိုက်လံကြည့်ရှု စစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ဘားအံမြို့၌ ကရင်ပြည်နယ် ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဖိုရမ် ၂၀၂၆ ကျင်းပ



**ဘားအံ စက်တင်ဘာ ၂၆**

"ငြိမ်းချမ်းရေးကို လက်တွဲတည်ဆောက် ဖွံ့ဖြိုးရေးကို အတူတကွဖော်ဆောင်"ဆောင်ပုဒ်ဖြင့် အလွှာပေါင်းစုံ၊ အဖွဲ့အစည်းပေါင်းစုံပါဝင်သော ကရင်ပြည်နယ် ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဖိုရမ် ၂၀၂၆ ကို ယနေ့နံနက်ပိုင်းက ဘားအံမြို့ ဇွဲကပင်ခန်းမ၌ ကျင်းပသည်။

အဆိုပါဖိုရမ်ကို စက်တင်ဘာ ၂၆ ရက်နှင့် ၂၇ ရက် နှစ်ရက်တာကျင်းပသွားမည်ဖြစ်ပြီး ဖိုရမ်အတွင်း ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ စာတမ်းလေးစောင်ကို အဖွဲ့လိုက်ဆွေးနွေးခြင်း၊ ရှေ့လုပ်ငန်းစဉ်စီမံချက်များကို သုံးသပ်အကြံပြုဆွေးနွေးခြင်းတို့ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ဖိုရမ်သို့ ကရင်ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး၊ ပြည်ထောင်စုအတိုင်ပင်ခံ ကောင်စီအဖွဲ့ဝင်များ၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့်ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီ၏ အကြံပေးအဖွဲ့ခေါင်းဆောင်၊ ငြိမ်းချမ်းရေးတွင် ပါဝင်ဆောင်ရွက်ခဲ့သူများ၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး၊ ပြည်နယ်ဝန်ကြီးများ၊ နိုင်ငံရေးပါတီများ၊ ဌာနဆိုင်ရာများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ငြိမ်းချမ်းရေးအဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ ဘာသာရေးခေါင်းဆောင်များ၊ စက်မှုလက်မှုလုပ်ငန်းရှင်များ၊ မြို့မိမြို့ဖများ၊ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအသင်းများမှ တာဝန်ရှိသူများ၊ တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များ၊ ပါဝင်ဆွေးနွေးကြမည့် ပညာရှင်များ၊ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ သိပ္ပံများမှ ကျောင်းသား၊ ကျောင်းသူများ၊ ဆရာ၊ ဆရာမများ၊ လူမှုအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ လူငယ်မောင်မယ်များ တက်ရောက်ကြသည်။

ဖိုရမ်တွင် ပြည်နယ်ဝန်ကြီးချုပ်က ယနေ့ကျင်းပသောဖိုရမ်သည် ငြိမ်းချမ်းရေးကို ပိုမိုနက်ရှိုင်းစွာနားလည်ရန်၊ အပြန်အလှန်ယုံကြည်မှုကို တည်ဆောက်ရန်၊ တိုင်းရင်းသားများ၏ အမျိုးသားရေးလက္ခဏာနှင့် ယဉ်ကျေးမှုအမွေအနှစ်များကို ထိန်းသိမ်းမြှင့်တင်ရန်နှင့် ဒေသ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် လက်တွေ့ကျသောအမြင်များ ဖော်ထုတ်နိုင်ရန် အရေးကြီးသော အခွင့်အလမ်းကောင်းတစ်ရပ်ဖြစ်ပြီး ဖိုရမ်မှထွက်ပေါ်လာမည့် ဆွေးနွေးချက်များနှင့် အကြံပြုချက်များသည် ကရင်ပြည်နယ်၏ ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကျိုးရှိသောရလဒ်ကောင်းများ ဖြစ်ပေါ်စေကာ ပြည်သူများ၏လူမှုစီးပွားဘဝတိုးတက်ကောင်းမွန်စေရေးအတွက် အမှန်တကယ် အထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့အတူ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီ အကြံပေးအဖွဲ့ခေါင်းဆောင် ဦးအောင်မင်း၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် ပါဝင်ဆောင်ရွက်သူ ဦးသက်နိုင်ဝင်း၊ ပြည်ထောင်စုအတိုင်ပင်ခံ ကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင်၊ ပြည်ထောင်စုအတိုင်ပင်ခံ ကောင်စီအဖွဲ့ဝင် ဦးဇော်အေးမောင်၊ ငြိမ်းချမ်းရေးကိုယ်စားလှယ် NCA/EAO များဖြစ်သော ကရင်အမျိုးသားအစည်းအရုံး (KNU) ဥက္ကဋ္ဌဟောင်း စောမူတူးစေးဖိုး၊ ဒီမိုကရေစီအကျိုးပြု ကရင်တပ်မတော် (DKBA) စစ်ဦးစီးချုပ်စောရွှေဝ၊ ကရင်အမျိုးသားအစည်းအရုံး ကရင်အမျိုးသားတပ်မတော်-ငြိမ်းချမ်းရေး ကောင်စီ(KNU/KNLA-PC) ဒုတိယဥက္ကဋ္ဌ ဒေါက်တာနော်ကပေါ်ထူးတို့က ငြိမ်းချမ်းရေးဖြစ်စဉ်ဆိုင်ရာ အသိပညာများ၊ အတွေ့အကြုံများကို ဆွေးနွေးပြောကြားကြသည်။

အလားတူ ကြာအင်းဆိပ်ကြီးမြို့နယ်၊ ကော့ကရိတ်မြို့နယ်၊ ဖာပွန်မြို့နယ် ကိုယ်စားလှယ်တို့က ကရင်ပြည်နယ်အတွင်း ဒေသအလိုက် ပဋိပက္ခဒဏ်ခံရသူများ၏အသံနှင့် ပဋိပက္ခများလျော့ချရပ်တန့်စေရေးဆန္ဒများကိုလည်းကောင်း၊ အဖွဲ့(၁)ကိုယ်စားလှယ်ဘားအံတက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာစိုးစိုးအေးက ကရင်ပြည်နယ်အတွင်း လက်နက်ကိုင်ပဋိပက္ခများရပ်တန့်ရေးနှင့် ငြိမ်းချမ်းသောလူ့အဖွဲ့အစည်းတည်ဆောက်ရေးစာတမ်းကို လည်းကောင်း၊ အဖွဲ့(၂) ကိုယ်စားလှယ် ပြည်နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဝင်းနိုင်က ကရင်ပြည်နယ်အတွင်း ပဋိပက္ခဒဏ်ခံရသူများအတွက် ပြန်လည်ထူထောင်ရေး၊ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးစာတမ်းကိုလည်းကောင်း ဆွေးနွေးဖတ်ကြားခဲ့ကြကြောင်း သတင်းရရှိသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# အမျိုးသားပြတိုက်(ရန်ကုန်)သို့ တာမွေမြို့နယ်ရှိ အခြေခံပညာအဆင့် ကျောင်းသား၊ ကျောင်းသူများ သွားရောက်လေ့လာ

**တာမွေ စက်တင်ဘာ ၂၆**

ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းခရိုင် တာမွေမြို့နယ်ရှိ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူများသည် ဆရာ၊ ဆရာမများနှင့်အတူ ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့ ပြည်လမ်းရှိ အမျိုးသားပြတိုက် (ရန်ကုန်)သို့ သွားရောက်လေ့လာခဲ့ကြသည်။

ထိုကဲ့သို့ သွားရောက်လေ့လာရာတွင် ကျောင်းသား၊ ကျောင်းသူများသည် အမျိုးသားပြတိုက်(ရန်ကုန်)ရှိ မြန်မာအက္ခရာနှင့် လက်ရေးမူပြခန်း၊ သီဟာသနပလ္လင်ပြခန်း၊ ရတနာပုံခေတ်ပြခန်း၊ သဘာဝသမိုင်းနှင့် မြန်မာ့သမိုင်းမတင်မီခေတ်ပြခန်း၊ မြန်မာ့မြို့ပြယဉ်ကျေးမှုပြခန်း၊ မင်းခမ်းတော်ပစ္စည်းများပြခန်း၊ မြန်မာ့သုခုမအနုပညာပြခန်း၊ မြန်မာ့လက်မှုအနုပညာပြခန်း၊ မြန်မာ့ရှေးဟောင်းအဆင်တန်ဆာရတနာပြခန်း၊ မြန်မာပန်းချီခန်းမဆောင်၊ ဗုဒ္ဓအနုပညာပြခန်း၊ အာဆီယံနိုင်ငံများအကြောင်းပြခန်း၊ တိုင်းရင်းသားယဉ်ကျေးမှုပြခန်းများကို ကြည့်ရှုလေ့လာခဲ့ကြရာ အမျိုးသားပြတိုက်(ရန်ကုန်)မှ တာဝန်ရှိသူများက အသေးစိတ်လိုက်လံရှင်းလင်းပြသပေးခဲ့ပြီး ကျောင်းသား၊ ကျောင်းသူများက စနစ်တကျလိုက်လံမှတ်သားခဲ့ကြကြောင်းနှင့် မြန်မာလူမျိုးတို့၏ သမိုင်းအစဉ်အလာကြီးမားခဲ့ပုံများ၊ တန်ဖိုးမဖြတ်နိုင်သည့် မြန်မာ့ရိုးရာယဉ်ကျေးမှု အမွေအနှစ်များ၊ ကိုးကွယ်ယုံကြည်မှုဆိုင်ရာများနှင့် ရိုးရာဓလေ့ထုံးတမ်းများကို ကျောင်းသား၊ ကျောင်းသူ၊ လူငယ်လူရွယ်များအနေဖြင့် ကျယ်ကျယ်ပြန့်ပြန့် သိရှိပြီး နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်များ ရှင်သန်ပေါက်ဖွားလာစေရန်နှင့် အမိနိုင်ငံတော်ကြီးကို အမြတ်တနိုးတန်ဖိုးထားတတ်စေရန် စသည့်ရည်ရွယ်ချက်ကောင်းများဖြင့် လိုက်လံပြသပေးခြင်းဖြစ်ကြောင်း တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။

အမျိုးသားပြတိုက် (ရန်ကုန်)ကို တနင်္လာနေ့နှင့် ပြန်တမ်းဝင်ရုံးပိတ်ရက်များမှအပ နေ့စဉ် နံနက် ၉ နာရီခွဲမှ ညနေ ၄ နာရီခွဲထိ ဖွင့်လှစ်ပေးထားရာ ဝင်ကြေးအနေဖြင့် လူတစ်ဦးလျှင် ငွေကျပ်တစ်ထောင်သတ်မှတ်ထားပြီး သံဃာတော်၊ သီလရှင်၊ ကျောင်းသား၊ ကျောင်းသူများနှင့် အသက် ၁၂ နှစ်အောက်ကလေးငယ်များအနေဖြင့် အခမဲ့လာရောက်လေ့လာကြည့်ရှုနိုင်ကြောင်း၊ နိုင်ငံခြားသားဖြစ်ပါက တစ်ဦးလျှင် ဝင်ကြေးငွေကျပ်တစ်သောင်းဖြင့် လာရောက်ကြည့်ရှုနိုင်ကြောင်းနှင့် လက်မှတ်များကို ညနေ ၄ နာရီထိရောင်းချပေးထား၍ ဝယ်ယူနိုင်ကြောင်း သတင်းရရှိသည်။



**နိုင်လင်းအောင်(ပြန်/ဆက်)**

# စက်ရုံများ အော်ဒါကျဆင်းပြီး ပိတ်သိမ်းစေရေး၊ အလုပ်သမားများ အလုပ်လက်မဲ့ဖြစ်စေရေးတို့အတွက် ပြည်ပသို့ထွက်ပြေးတိမ်းရှောင်နေသူများ၏ မဟုတ်မမှန်သတင်းများဖြင့် ဖြန့်ဝေသွေးထိုးလှုံ့ဆော်မှုများကို သိရှိနားလည်ကြရန် လိုအပ်

**ရန်ကုန် စက်တင်ဘာ ၂၆**

စက်ရုံများ အော်ဒါကျဆင်းပြီး ပိတ်သိမ်းစေရေး၊ အလုပ်သမားများ အလုပ်လက်မဲ့ ဖြစ်စေရေးတို့အတွက် ပြည်ပသို့ ထွက်ပြေးတိမ်းရှောင်နေသူများ၏ မဟုတ်မမှန်သတင်းများဖြင့် ဖြန့်ဝေသွေးထိုးလှုံ့ဆော်မှုများကို သိရှိနားလည်ကြရန်လိုအပ်ကြောင်း အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးက ယနေ့နံနက်ပိုင်းတွင် လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်ရှိ ကနောင်ခန်းမ၌ကျင်းပသည့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ စက်ရုံများပုံမှန်လည်ပတ်၍ လုပ်ငန်းခွင်အေးချမ်းသာယာရေး၊ အလုပ်အကိုင်အခွင့်အလမ်းများ စဉ်ဆက်မပြတ်ရရှိစေရေးနှင့်ပတ်သက်၍ ညှိနှိုင်းဆွေးနွေးပွဲတွင် ပြောကြားသည်။

ထို့ပြင် အလုပ်သမားများ၏ အလုပ်အကိုင်အခွင့်အလမ်း တည်မြဲရေးနှင့် လုပ်ငန်းခွင်အေးချမ်းသာယာရေးအတွက် အလုပ်သမားဝန်ကြီးဌာနက မျက်ခြည်မပြတ် စောင့်ကြည့်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ အလုပ်ရှင်များကလည်း အလုပ်သမားများ၏ ရပိုင်ခွင့်နှင့်တင်ပြချက်များကို အလေးထားဖြေရှင်းပေးခြင်း၊ အလုပ်သမားများကလည်း အမှာစာများ မဆုံးရှုံးရအောင် စက်ရုံ၏စည်းကမ်းချက်များကိုလိုက်နာကာ လုပ်ငန်းခွင်အေးချမ်းသာယာရေးအတွက် တာဝန်သိစွာပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ကြောင်း၊ အလုပ်ရှင်၊ အလုပ်သမား နှစ်ဦးနှစ်ဖက် လိုအပ်ချက်များကို တွေ့ဆုံဆွေးနွေး အဖြေရှာပြီး လုပ်ကိုင်ဆောင်ရွက်သွားမည်ဆိုပါက လုပ်ငန်းခွင်အေးချမ်းသာယာမှုကို ရေရှည်ထိန်းသိမ်းနိုင်မည် ဖြစ်ပါကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ တက်ရောက်လာကြသော အလုပ်ရှင်ကိုယ်စားလှယ်များ၊ အလုပ်သမားကိုယ်စားလှယ်များ၊ စက်မှုဇုန်များမှ ကိုယ်စားလှယ်များက လတ်တလောတွေ့ကြုံနေရသည့် လုပ်ငန်းဆိုင်ရာအခက်အခဲများ ဆွေးနွေးတင်ပြမှုအပေါ် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။



အဆိုပါတွေ့ဆုံပွဲသို့ ရန်ကုန်တိုင်းဒေသကြီး ကရင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်(UMFCCI)၊ မြန်မာနိုင်ငံအထည်ချုပ် လုပ်ငန်းရှင်များအသင်း (MGMA)တို့မှ တာဝန်ရှိသူများ၊ စက်ရုံပိုင်ရှင်နှင့် မန်နေဂျာများ၊ ရန်ကုန်မြို့ရှိ စက်မှုဇုန်အားလုံးမှ ဥက္ကဋ္ဌ၊ အတွင်းရေးမှူးများ၊ မြန်မာနိုင်ငံလုံးဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့(CTUM)၊ သွေးစည်းညီညွတ်သော အလုပ်သမားသမဂ္ဂများအဖွဲ့ချုပ် (STUM)တို့မှ တာဝန်ရှိသူများနှင့်အလုပ်သမားကိုယ်စားလှယ်များ တက်ရောက်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



**အောင်ပန်းမြို့ရှိ တပ်မတော်ဆေးရုံတွင် ကျောက်ကပ်အစားထိုးခွဲစိတ်ကုသပြီး လူနာ၏ ကျန်းမာရေးအခြေအနေ တိုးတက်ကောင်းမွန်မှုကို တွေ့ရစဉ်။**

**❍ ကျောက်ကပ်အစားထိုးမှု**

တပ်မတော်ဆေးတပ်ဖွဲ့မှ ဆေးကုသရေးအဖွဲ့ ပါရဂူကြီးများက စိတ်ရင်းစေတနာပြည့်ဝစွာဖြင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည့် အောင်ပန်းမြို့ရှိ တပ်မတော်ဆေးရုံ၌ အကြိမ် ၄၀ မြောက်နှင့် အတွဲ ၁၀၀ ပြည့် ကျောက်ကပ်အစားထိုး ခွဲစိတ်ကုသမှုကို စက်တင်ဘာ ၂၅ ရက်နှင့် ယနေ့တို့တွင် အောင်မြင်စွာခွဲစိတ်ကုသပေးနိုင်ခဲ့သည်။ ခွဲစိတ်ကုသမှုအောင်မြင်ပြီး လူနာနှင့် ကျောက်ကပ်အလှူရှင်များ၏ ခွဲစိတ်ပြီး ကျန်းမာရေးအခြေအနေမှာ တိုးတက်ကောင်းမွန်လျက်ရှိပြီး လိုအပ်သည့် ဆေးဝါးကုသပြုစုမှုများကို အချိန်နှင့်တစ်ပြေးညီ ဆက်လက်ကုသပေးလျက်ရှိကြောင်း သိရသည်။

ကျောက်ကပ်အစားထိုးခွဲစိတ်ကုသမှုများကို နေပြည်တော်၊ ရန်ကုန်၊ ပြင်ဦးလွင်၊ အောင်ပန်းမြို့တို့ရှိ တပ်မတော်ဆေးရုံများတွင် တပ်မတော်သားများ၊ မိသားစုဝင်များနှင့် ပြည်သူများကို ခွဲစိတ်ကုသပေးခြင်း ဆောင်ရွက်လျက်ရှိရာ အောင်ပန်းမြို့ရှိ တပ်မတော်ဆေးရုံတွင် ကျောက်ကပ်ဝေဒနာရှင်များအတွက် ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၈ ရက်၌ ပထမအကြိမ် စတင်ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး ယခု လူနာလေးတွဲအပါအဝင် အတွဲ ၁၀၀ ပြည့် အောင်မြင်စွာ ခွဲစိတ်ကုသပေးနိုင်ခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။ **(၅၀၁)**

**☆ ကျောဖုံးမှအဆက်**

ခရီးသွားများ လာရောက်ခဲ့ကြပြီး ရွှေစည်းခုံစေတီတော်သို့ ခရီးသွား ဦးရေ ၁၂၀၀၀ ကျော်၊ ဖူးဘုရားသို့ ခရီးသွား ဦးရေ ၆၂၀၀ ကျော်၊ ထီးလိုမင်းလိုဘုရားသို့ ခရီးသွား ဦးရေ ၁၅၀၀ ကျော် ဝင်ရောက်ခဲ့ကြောင်း သိရသည်။

ပုဂံယဉ်ကျေးမှုနယ်မြေသို့ ခရီးသွားများ လာရောက်လည်ပတ်သည့်အခါ ဒေသခံများ၏ အလုပ်အကိုင်အခွင့်အလမ်းများ ပွင့်လန်းလာသည့်အတွက် လာမည့်ခရီးသွားရာသီတွင် ပြည်တွင်း၊ပြည်ပခရီးသွားများပိုမိုလာရောက်လည်ပတ်ရန် ဒေသခံများက နွေးထွေးစွာလှိုက်လှဲစွာဖိတ်ခေါ်လျက်ရှိကြောင်း သတင်းရရှိသည်။ **သစ္စာ(MNA)**

## ချေးငွေလျှောက်ထားရယူနိုင်ကြောင်း ဆီစက်လုပ်ငန်းရှင်များသို့ အသိပေးကြေညာ

၁။ နိုင်ငံတော်အစိုးရအဖွဲ့၏လမ်းညွှန်မှုဖြင့် ဆီစက်လုပ်ငန်းများဖွံ့ဖြိုးရေးချေးငွေ စီမံခန့်ခွဲမှုလုပ်ငန်းအဖွဲ့သည် ပြည်တွင်းရှိဆီစက်များ အဆင့်မီစက်ပစ္စည်းများ တိုးချဲ့တပ်ဆင်ခြင်း၊ အဆင့်မြှင့်တင်ခြင်း၊ ခေတ်မီဆီစက်အသစ်များ ထပ်မံတည်ဆောက်ခြင်းနှင့် လုပ်ငန်းသုံးရင်းနှီးလည်ပတ်ငွေအတွက် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ မတည်ထူထောင်ထားသည့် ဆီစက်လုပ်ငန်းများဖွံ့ဖြိုးရေးချေးငွေရန်ပုံငွေမှ အတိုးနှုန်းသက်သာသော ချေးငွေများကို မြန်မာ့စီးပွားရေးဘဏ်၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်နှင့် ပုဂ္ဂလိကဘဏ် ၁၄ ဘဏ်တို့မှ ထုတ်ချေးပေးလျက်ရှိပါသည်။

၂။ ဆီစက်လုပ်ငန်းများဖွံ့ဖြိုးရေးချေးငွေကို အောက်ပါအချက်များနှင့်ညီညွတ်ပါက လျှောက်ထားနိုင်ပါသည်-

(က) လက်ရှိလုပ်ငန်းလည်ပတ်လုပ်ကိုင်နေသော ဆီစက်ဖြစ်ရမည်၊

( ခ ) လုပ်ငန်းအမည်ပေါက် လိုင်စင် (သက်တမ်းရှိ) ရှိရမည်၊

( ဂ ) ချေးငွေအတွက် အာမခံအဖြစ် အမည်ပေါက်ပိုင်ဆိုင်သော မရွှေ့မပြောင်းနိုင်သည့် ပစ္စည်းများ၊ လယ်ယာမြေလုပ်ပိုင်ခွင့်လက်မှတ်(ပုံစံ-၇)များကို ပေးအပ်နိုင်ရမည်၊

(ဃ) နိုင်ငံပိုင်ဘဏ်များနှင့် ပုဂ္ဂလိကဘဏ်များတွင် လက်ရှိချေးငွေရယူထားသူများအနေဖြင့် ဆီစက်ဖွံ့ဖြိုးရေးချေးငွေရယူလိုပါက **သီးခြားအာမခံ**တင်သွင်းနိုင်မှသာ လျှောက်ထားနိုင်ပါသည်၊

( င ) FDA လက်မှတ်ရရှိပြီးသူ၊ အသေးစားစက်မှုလုပ်ငန်းမှတ်ပုံတင်လက်မှတ်ရရှိပြီးသူနှင့် သက်ဆိုင်ရာဒေသရှိဆီစက်ပိုင်ရှင်များအသင်း၊ ဆီကုန်သည်နှင့်ဆီလုပ်ငန်းရှင်များ အသင်းဝင်လုပ်ငန်းရှင်များကို ဦးစားပေးစဉ်းစားမည်။

၃။ ဆီစက်လုပ်ငန်းများ ဖွံ့ဖြိုးရေးချေးငွေအတွက် ချေးငွေဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

(က) **ချေးငွေပမာဏ**

(၁) **လုပ်ငန်းသုံးလှည့်ပတ်ရင်းနှီးငွေ** (Working Capital) အတွက်ချေးငွေ - အနည်းဆုံး ကျပ် **သိန်း ၁၀၀** မှ အများဆုံး ကျပ် **သိန်း ၅,၀၀၀** အထိ

(၂) မတည်ရင်းနှီးငွေ (Fixed Capital) အတွက် ချေးငွေ - အနည်းဆုံး ကျပ် **သိန်း ၂၀၀** မှ အများဆုံး ကျပ် **သိန်း ၅,၀၀၀** အထိ

( ခ ) **ချေးငွေသက်တမ်းနှင့် ပြန်ဆပ်ကာလ**

(၁) လုပ်ငန်းသုံးလှည့်ပတ်ရင်းနှီးငွေ (Working Capital) - ချေးငွေသက်တမ်း (၁)နှစ်

(၂) **မတည်ရင်းနှီးငွေ** (Fixed Capital) - ချေးငွေသက်တမ်း (၃) နှစ် ဆိုင်းငံ့ကာလ(၁)နှစ်၊ ပြန်ဆပ်ကာလ(၂) နှစ်၊ (၆) လတစ်ကြိမ် (၄) ရစ် ပေးဆပ်ရန်

( ဂ ) **ချေးငွေအတိုးနှုန်း** - (၁) နှစ်လျှင် (၅%)

၄။ ဆီစက်လုပ်ငန်းများဖွံ့ဖြိုးရေးချေးငွေလျှောက်ထားရယူလိုသော ဆီစက်လုပ်ငန်းရှင်များသည် အောက်ပါ ရုံး၊ ဌာန၊ ဘဏ်ခွဲများတွင် ချေးငွေအဆိုပြုလွှာများရယူ၍ လျှောက်ထားနိုင်ပါသည် -

(က) ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး၊ ပြည်နယ်ဆီစက်ပိုင်ရှင်များအသင်းရုံးများအားလုံး၊

( ခ ) ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး၊ ပြည်နယ်၊ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်းရုံးများအားလုံး၊

( ဂ ) ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး၊ ပြည်နယ်စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနရုံးခွဲများအားလုံး၊

(ဃ) ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ် မြန်မာ့စီးပွားရေးဘဏ်ခွဲများအားလုံး၊

( င ) ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲများအားလုံး၊

( စ ) ပုဂ္ဂလိကဘဏ် ၁၄ ဘဏ် [ကမ္ဘောဇဘဏ်လီမိတက်၊ ရောဝတီဘဏ်လီမိတက်၊ ယူအေဘီဘဏ်လီမိတက်၊ မြန်မာ့ရှေ့ဆောင်ဘဏ်လီမိတက်၊ မြန်မာနိုင်ငံသားများဘဏ်လီမိတက်၊ မြန်မာအရှေ့တိုင်းဘဏ်လီမိတက်၊ နေပြည်တော်ဖွံ့ဖြိုးရေးဘဏ်လီမိတက်၊ အသေးစားနှင့်အလတ်စားလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးဘဏ်လီမိတက်၊ ရောဝတီတောင်သူလယ်သမားများ ဖွံ့ဖြိုးတိုးတက်ရေးဘဏ်လီမိတက်၊ ရွှေ(ကျေးလက်နှင့်မြို့ပြ) ဖွံ့ဖြိုးတိုးတက်ရေးဘဏ်လီမိတက်၊ သတ္တုဖွံ့ဖြိုးတိုးတက်ရေးဘဏ်လီမိတက်၊ မြန်မာ့ခရီးသွားဘဏ်လီမိတက်၊ ဆောက်လုပ်ရေးအိမ်ရာနှင့်အခြေခံအဆောက်အအုံဖွံ့ဖြိုးရေးဘဏ်လီမိတက်၊ မြန်မာမက်ထရိုဘဏ်လီမိတက်]။

၅။ ဆီစက်ချေးငွေ အဆိုပြုလွှာပုံစံများကို ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန website www. mofr.gov.mm ၊ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန website https://msmewebportal. gov.mm ၊ မြန်မာနိုင်ငံဆီစက်ပိုင်ရှင်များအသင်း website http://www.meoma.org ၊ မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း website http://meoda.myanmarwebtraining.com ၊ MEB website www. meb.gov.mm ၊ MADB website www.madb.gov.mm တို့တွင် download ရယူနိုင်ပါကြောင်း လေးစားစွာဖြင့် အသိပေးကြေညာအပ်ပါသည်။

**ဆီစက်လုပ်ငန်းများဖွံ့ဖြိုးရေးချေးငွေစီမံခန့်ခွဲမှုလုပ်ငန်းအဖွဲ့**

# ရွှေတိဂုံစေတီတော်မြတ်ကြီး၌ တော်သလင်းလပြည့်(ဂရုဓမ္မအခါတော်နေ့) အခမ်းအနားကျင်းပ



**ရန်ကုန် စက်တင်ဘာ ၂၆**

ရွှေတိဂုံစေတီတော်ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့က ကြီးမှူးကျင်းပသည့် တော်သလင်းလပြည့် (ဂရုဓမ္မအခါတော်နေ့)အခမ်းအနားကို ယနေ့ နံနက် ၅ နာရီခွဲမှစတင်၍ စေတီတော်ရင်ပြင်ရှိ သတ်မှတ်နေရာများ၌ ကျင်းပသည်။

ဦးစွာ ဆွမ်းတော်ကြီးကပ်လှူပွဲ အခမ်းအနားကို စေတီရင်ပြင်တော် တောင်ဘက် ညှော့ခံတန်ဆောင်း၌ ကျင်းပရာ ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ဝင်များက ရွှေတိဂုံစေတီတော်မြတ်ကြီးအား ဆွမ်း၊ သစ်သီး၊ ပန်း၊ ရေချမ်း၊ ဆီမီး၊ အမွှေးနံ့သာများဖြင့် ဆွမ်းတော်ကြီးကပ်လှူပူဇော်ကြပြီး ဂရုဓမ္မအခါတော်နေ့အခမ်းအနားကို ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်များ တန်ဆောင်း၌ကျင်းပရာ ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ဝင်များ၊ ဗုဒ္ဓဝေယျာဝစ္စအသင်းများ၊ ဝန်ထမ်းများက ဘုရားဂုဏ်တော်၊ တရားဂုဏ်တော်၊ သံဃာ့ဂုဏ်တော်များ ရွတ်ဖတ်ပူဇော်ခြင်း၊ ဂရုဓမ္မငါးပါးသီလ အကျိုးအပြစ်လင်္ကာများ ရွတ်ဆိုပူဇော်ခြင်း၊ ဂရုဓမ္မအခါတော်နေ့ဆိုင်ရာ သိမှတ်ဖွယ်ရာများကို အမေးအဖြေပြုလုပ်ခြင်းတို့ကို ဆောင်ရွက်ကြသည်။

ထို့နောက် ဝါတွင်းသီလခံယူပွဲ၊ နေ့ဆွမ်းဆက်ကပ်လှူဒါန်းပွဲနှင့် ရေစက်ချ အနုမောဒနာအခမ်းအနားကို ရှေးဟောင်း ဗုဒ္ဓရုပ်ပွားတော်များ တန်ဆောင်း၌ ကျင်းပရာ ရွှေတိဂုံစေတီတော်ဘဏ္ဍာ တော်ထိန်းဂေါပကအဖွဲ့၏ ဩဝါဒါစရိယ တိပိဋကဩဝါဒါစရိယ တိပိဋကဓရ ဓမ္မ ဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ပါဠိပါရဂူ ဘဒ္ဒန္တဝါယာ မိန္ဒာဘိဝံသထံမှ ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ဝင်များ၊ ဗုဒ္ဓဝေယျာဝစ္စ အသင်းအဖွဲ့များ၊ ဝန်ထမ်းများ၊ ဘုရားဖူးပြည်သူများက နဝင်္ဂသီလ ခံယူဆောက်တည်ကြသည်။

ယင်းနောက် ဩဝါဒါစရိယဆရာတော် ကြီးနှင့် ပင့်သံဃာတော်များအား ဘဏ္ဍာ တော်ထိန်းဂေါပကအဖွဲ့ဝင်များ၊ ဗုဒ္ဓ ဝေယျာဝစ္စအသင်းများ၊ ဝန်ထမ်းများ၊ အလှူရှင် ဘုရားဖူးလာပြည်သူများက သင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့၏ ဩဝါဒါစရိယ ဘဒ္ဒန္တဝါယာမိန္ဒာဘိဝံသ ထံမှ အနုမောဒနာတရားနာကြား၍ ရေစက်သွန်းချအမျှပေးဝေကြသည်။

ထို့နောက် ဩဝါဒါစရိယဆရာတော် ကြီးနှင့် ပင့်သံဃာတော်များအား ရောင်တော်ဖွင့်တန်ဆောင်း၌ ဘဏ္ဍာတော် ထိန်း ဂေါပကအဖွဲ့ဝင်များက နေ့ဆွမ်း ဆက်ကပ်လှူဒါန်းကြသည်။ ယနေ့ တော်သလင်းလပြည့် (ဂရုဓမ္မအခါတော် နေ့)၌ ရွှေတိဂုံစေတီတော်မြတ်ကြီးတွင် အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးများ လာရောက်ဖူးမြော် ကြည်ညိုလျက်ရှိ ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# ကျိုင်းတုံမြို့ ဗုဒ္ဓဥယျာဉ်ဝတ္ထုကံတော်အတွင်း အသစ်ဆောက်လုပ်မည့် ဗုဒ္ဓဥယျာဉ်ပြတိုက်အဆောက်အအုံ ရတနာအုတ်မြစ်တော်စီ မဟာမင်္ဂလာအခမ်းအနားကျင်းပ

**နေပြည်တော် စက်တင်ဘာ ၂၆**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံ မြို့ ဗုဒ္ဓဥယျာဉ်ဝတ္ထုကံတော်အတွင်း အသစ်ဆောက်လုပ်မည့် ဗုဒ္ဓဥယျာဉ် ပြတိုက်အဆောက်အအုံ ရတနာအုတ်မြစ် တော်စီ မဟာမင်္ဂလာအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင်ကျင်းပရာ ကျိုင်းတုံ မြို့ သီလဓမ္မကုန်းသာတောရကျောင်း တိုက် ပဓာနနာယက အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိကဓဇ သီရိပျံချီ ဖခူးဝါး ဘဒ္ဒန္တ ကောဝိဒ ဝစီပိတ်ဆရာတော် အမှူးပြု သော သံဃာတော်များ ကြွရောက်တော် မူကြပြီး တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးမြတ်ထွဋ်နှင့် တာဝန် ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ အလှူရှင်များ၊ ဖိတ်ကြားထားသည့် ညှော့သည်တော်များနှင့် ဒေသခံတိုင်းရင်း သားပြည်သူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးနှင့် တက်ရောက်လာကြ သူများက နိုင်ငံတော်ဩဝါဒါစရိယ အဂ္ဂ မဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တပညာသာမိ ထံမှ ကိုးပါးသီလခံယူဆောက်တည် ကြပြီး ရတနာအုတ်မြစ်တော်များနှင့် လှူဖွယ်ပစ္စည်းများကို သံဃာတော်များထံ ဆက်ကပ်လှူဒါန်းကြသည်။ ထို့နောက် သံဃာတော်အရှင်သူမြတ်များ ရွတ်ပွား ချီးမြှင့်တော်မူသော ပရိတ်တရားတော် များကို နာယူကြည်ညိုကြသည်။

ယင်းနောက် တိုင်းမှူးနှင့် တက် ရောက်လာကြသူများက ရှမ်းပြည်နယ် ဗုဒ္ဓတက္ကသိုလ်မှ ဒုတိယပါမောက္ခချုပ် ဆရာတော် ဘဒ္ဒန္တဝိစိတ္တာဘိပါလထံမှ အနုမောဒနာ တရားနာယူကြပြီး လှူဒါန်း မှုအစုစုအတွက် ရေစက်သွန်းချအမျှ ပေးဝေကြပြီး တောင်းပန်လွှာစာတမ်း ဖတ်ကြားလျှောက်ထားသည်။

ဆက်လက်၍ မင်္ဂလာအချိန်တွင် သံဃာတော်များ၊ တိုင်းမှူးနှင့်တာဝန်ရှိသူ များ၊ အလှူရှင်များက ရတနာအုတ်မြစ် တော်များပင့်ဆောင်ကြသည်။ ထို့နောက် သံဃာတော်များဦးဆောင်၍ ရတနာ အုတ်မြစ်တော်များ စီသွင်းလှူဒါန်း ပူဇော်ကြပြီး ပရိတ်နံ့သာရည်များပက်ဖျန်း ကြသည်။ ယင်းနောက် သံဃာတော် အရှင်သူမြတ်များက မင်္ဂလာအောင်ဂါထာ တို့ကို ရွတ်ပွားချီးမြှင့်တော်မူကြပြီး ဗုဒ္ဓ ဥယျာဉ်ပြတိုက်အဆောက်အအုံ ရတနာ အုတ်မြစ်တော်စီ မဟာမင်္ဂလာအခမ်းအနား အောင်မြင်ခြင်း အထိမ်းအမှတ်အဖြစ် ရတနာ ရွှေမိုး၊ ငွေမိုးများ ရွာသွန်းဖြိုးကြ ကြောင်း သတင်းရရှိသည်။ (၅၀၁)



ကျိုင်းတုံမြို့ ဗုဒ္ဓဥယျာဉ်ဝတ္ထုကံတော်အတွင်း အသစ်ဆောက်လုပ်မည့် ဗုဒ္ဓဥယျာဉ်ပြတိုက်အဆောက်အအုံ ရတနာအုတ်မြစ်တော်စီ မဟာမင်္ဂလာ အခမ်းအနားကျင်းပစဉ်။

# မန္တလေးတိုင်းဒေသကြီး ကမ္ဘာ့နှလုံးကျန်းမာရေးနေ့ အခမ်းအနားကျင်းပ






**မန္တလေး စက်တင်ဘာ ၂၆**

မန္တလေးပြည်သူ့ဆေးရုံကြီး နှလုံး ရောဂါအထူးကုဌာနကကြီးမှူး၍ ၂၀၂၆ ခုနှစ် ကမ္ဘာ့နှလုံးကျန်းမာရေးနေ့ အထိမ်း အမှတ်အခမ်းအနားကို ယနေ့ နေ့လယ် ပိုင်းတွင် မန္တလေးမြို့ ချမ်းအေးသာစံ မြို့နယ်ရှိ မန္တလေးမြို့တော်စည်ပင် သာယာရေးကော်မတီရုံး မြို့တော်ခန်းမ၌ ကျင်းပသည်။

အဆိုပါအခမ်းအနားသို့ မန္တလေးတိုင်း ဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်း ဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီး ဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာမြင့်မိုရ်စိုး၊ မန္တလေးပြည်သူ့ ဆေးရုံအုပ်ကြီး ဒေါက်တာဆန်းလွင်ဦး၊ နှလုံးရောဂါအထူးကုဌာန ပါမောက္ခ ဌာနမှူး ဒေါက်တာကျော်စိုးဝင်းနှင့် ဆရာဝန်ကြီးများ၊ ဖိတ်ကြားထားသူ များနှင့် ပြည်သူများ တက်ရောက် ကြသည်။

အခမ်းအနားတွင် နှလုံးကျန်းမာရေး အသိပညာပေး ဟောပြောဆွေးနွေးပွဲ အစီအစဉ်များအပြင် တက်ရောက်လာသူ များကို BMI ညွှန်းကိန်းတိုင်းတာခြင်း၊ သွေးပေါင်ချိန်၊ သွေးတွင်းအဆီဓာတ် (Lipid Profile)၊ သွေးတွင်းသကြား ဓာတ်(RBS) နှင့် လာမည့် ၁၀ နှစ်အတွင်း နှလုံးရောဂါဖြစ်နိုင်ခြေ၊ နှလုံးညှစ်အား နည်းရောဂါဖြစ်နိုင်ခြေ၊ လေဖြတ်နိုင်ခြေ တွက်ချက်ပေးခြင်းတို့ကိုပါ ဆောင်ရွက် ပေးခဲ့ကြောင်း သိရသည်။

ထို့ပြင် နှလုံးကျန်းမာ ဉာဏ်ပဒေသာ မိသားစုန္တပျော်ပြိုင်ပွဲတော် ဉာဏ်စမ်း ပဟေဠိပြိုင်ပွဲတွင် ဖြေဆိုနိုင်သူများအတွက် ဂုဏ်ပြုဆုများ၊ တက်ရောက်လာကြသူ များကို ကံစမ်းမဲဖောက်၍ လက်ဆောင် ပစ္စည်းများပေးအပ်ခဲ့သည့်အပြင် နှလုံး ရောဂါအထူးကုဌာန ပါမောက္ခဌာနမှူး ဒေါက်တာကျော်စိုးဝင်းက လူတိုင်းသိသင့် လုပ်တတ်သင့်သည့် နှလုံးခုန်ရပ်တန့်သွား သူကို လက်နှင့်ရင်ဘတ်ကိုဖိပြီး ပြုလုပ် သော ရှေးဦးသူနာပြု နှလုံးနှိုးဆွနည်းကို သင်ထောက်ကူပစ္စည်းဖြင့် သရုပ်ပြသ ခြင်းကို ဆောင်ရွက်ခဲ့သည်။

ယနေ့နံနက်ပိုင်းကလည်း တိုင်းဒေသ ကြီးဝန်ကြီးချုပ်သည် ချမ်းအေးသာစံ မြို့နယ်ရှိ အမှတ်(၅)အခြေခံပညာအထက် တန်းကျောင်းတွင် နယ်မြေခံတပ်မတော် သားများနှင့် မိသားစုဝင်များ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ ဝန်ထမ်းများ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင် များ၊ ပြည်သူ့စစ်တပ်ဖွဲ့ဝင်များ၊ စေတနာ့ ဝန်ထမ်းများနှင့် ဒေသခံပြည်သူများက စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်နေမှုကို သွားရောက်ကြည့်ရှု အားပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်နေသည့် ဖလမ်းမြို့ မြို့အင်္ဂါရပ်နှင့်အညီ သန့်ရှင်းသာယာလှပရေး စုပေါင်းသန့်ရှင်းရေးဆောင်ရွက်



**ဖလမ်း စက်တင်ဘာ ၂၆**

ဖလမ်းမြို့အတွင်းပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နေသည့်နည်းတူ မြို့အင်္ဂါရပ်နှင့်အညီ သန့်ရှင်းသာယာလှပရေးအတွက် ဌာနဆိုင်ရာ စုပေါင်းအဖွဲ့များသည် အပတ်စဉ်စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ယနေ့နံနက်ပိုင်းက ဖလမ်းမြို့ ကျင်မွာလ်ရပ်ကွက် ဗန်ကာအိုလမ်းတစ်လျှောက် လမ်းဘေးဝဲယာရှိ ချုံနွယ်များခုတ်ထွင်ရှင်းလင်းနေမှု၊ တောင်ဇလပ်လမ်းတစ်လျှောက်ရှိ အမှိုက်သရိုက်များရှင်းလင်းနေမှု၊ ရန်ပြေမာန်ပြေနိုင်ငံအေး အောင်တော်မူခတ်ပေါင်းစုဆုတောင်းပြည့်စေတီတော် ပရိဝုဏ်အတွင်း စောင်းတန်းတစ်လျှောက်နှင့် စေတီရင်ပြင်တော်အတွင်း စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှုကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာသန့်ဇော်လွင်သည် ချင်းပြည်နယ် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီး ဦးဝင်းဇော်ဦး၊ ချင်းပြည်နယ်အတွင်း ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေး ကော်မတီဝင်များနှင့်အတူ ကြည့်ရှုစစ်ဆေးပြီး စုပေါင်းလုပ်အားပေးကြသည့် နယ်မြေခံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာ ၂၅၆ ဦးအတွက် ထောက်ပံ့ပစ္စည်းများ ပေးအပ်သည်။

ထို့အတူ ယမန်နေ့က ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ဖါရ်ထောက်ရပ်ကွက်ရှိ စိန်ဂျိုးဇက်ကိုယ့်အားကိုယ်ကိုးမူလတန်းကြိုကျောင်းသို့သွားရောက်ကာ မူလတန်းကြိုကျောင်းကလေးများကို အာဟာရတိုက်ကျွေးနေမှုကို ကြည့်ရှုအားပေးပြီး လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ကိုယ့်အားကိုယ်ကိုး မူလတန်းကြိုကျောင်းအတွက် ထောက်ပံ့သည့် အလှူငွေများနှင့် သင်ထောက်ကူပစ္စည်းများကို တာဝန်ရှိသူများထံ ပေးအပ်လှူဒါန်းသည်။

ထို့မှတစ်ဆင့် ငါးလုပ်ငန်းဦးစီးဌာန ခရိုင်ရုံးအဆောက်အအုံနှင့် ဝန်ထမ်းအိမ်ရာ ပြန်လည်ပြုပြင်ဆောင်ရွက်နေမှု၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန ခရိုင်ရုံးအဆောက်အအုံ ပြန်လည်ပြုပြင်ဆောင်ရွက်နေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များကို သက်ဆိုင်ရာတာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

---

**❒ ညောင်တုန်းကျွန်းတာမှ**

ညောင်တုန်းကျွန်းတာ (ဧရာဝတီမြစ်ခွဲ)တွင် ဩဂုတ် ၂၅ ရက် နံနက်ပိုင်းမှစ၍ အလျား ပေ ၃၀၀၊ အနံ ၄၅ ပေခန့် တာကိုယ်ထည်တိုက်စားကာ ဆည်မြောင်းတာပြိုကျမှုဖြစ်ပွားခဲ့သည့် နေရာနှင့် အဆိုပါနေရာအနီးတစ်ဝိုက် မြစ်ရေတိုက်စားမှုကြောင့် မြေသားထပ်မံပြိုကျမှုဖြစ်ပေါ်ခဲ့သည့်နေရာများတွင် ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ တာကိုယ်ထည်တိုက်စား၍ အိပဲ့ပြိုကျမှုဖြစ်ပေါ်လျက်ရှိသည့် နေရာများ၌ ရေတိုက်စားမှုကာကွယ်နိုင်ရန်အတွက် ရေလမ်းသောင်တူးလုပ်ငန်းဆောင်ရွက်ခြင်း၊ တာမိုင်အမှတ် (၁၁ / ၅ နှင့် ၁၁ / ၆)ကြားတွင် ယာယီပန်းတာတည်ဆောက်ပြီးစီးသည့်နေရာ၏ Upstream Slope နှင့် Downstream Slope နေရာများ၌ သဲအိတ်စီ၍ တာခြေထောက်ခြင်းလုပ်ငန်းများကို နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများပူးပေါင်း၍ လူအင်အား၊ စက်ယန္တရားများဖြင့် အင်တိုက်အားတိုက် အရှိန်အဟုန်မြှင့် ဆက်လက်ဆောင်ရွက်လျက်ရှိသည်။





ရန်ကုန်တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဒေသခံပြည်သူများက ရေဘေးတားဆီးကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ကြစဉ်။

အလားတူ ဧရာဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ်အတွင်း ဇူလိုင် ၃၀ ရက် ညပိုင်းတွင်မိုးသည်းထန်စွာရွာသွန်းမှုနှင့် မြစ်ရေတိုက်စားမှုများကြောင့် ငဝန်မြစ်ရေကာတာ၏အောက်ခံ မြစ်ကျိုးအင်းသဲကြောမှထူးပေါက်၍ ရပ်ကွက်၊ ကျေးရွာများအတွင်း ရေဖြတ်သန်းစီးဆင်းဝင်ရောက်မှုဖြစ်ပွားခဲ့သည်။ အဆိုပါရေဝင်ရောက်မှုကြောင့် လေးမျက်နှာမြို့ပေါ် ရပ်ကွက် ငါးခုနှင့် ကျေးရွာအချို့ အပြင် ဟင်္သာတ၊ ရေကြည်၊ ကျုံပျော်နှင့် ကျောင်းကုန်းမြို့နယ်တို့ရှိ ရပ်ကွက် ခုနစ်ခုနှင့် ကျေးရွာအချို့တွင် ရေဝင်ရောက်မှုများ ဖြစ်ပွားလျက်ရှိကြောင်း သိရသည်။

အဆိုပါ ငဝန်ပန်းတာရေဝင်ရောက်မှုကို ထိန်းချုပ်ကာကွယ်နိုင်ရန်အတွက် ငဝန်ပန်းတာရေဝင်လမ်းကို Geobags အိတ်များချခြင်း၊ မျောတုတ်တန်းများအတွင်း သဲအိတ်များဖြည့်၍ကာကွယ်ခြင်း၊ Steel Sheet Pile များတောင့်တင်းခိုင်မာစေရန်အတွက် Geobags အိတ်များချခြင်း၊ Jumbo Bag အိတ်များချခြင်း လုပ်ငန်းများကို လူအင်အား၊ စက်ယန္တရားများအသုံးပြု၍ အင်တိုက်အားတိုက် အရှိန်အဟုန်မြှင့် ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ရေပြန်လည်ကျဆင်းသွားခဲ့သည့် မြို့ရွာ၊ ရပ်ကွက်များရှိ ဘုန်းတော်ကြီးကျောင်းများ၊ စာသင်ကျောင်းများ၊ ဆေးရုံ၊ ဆေးခန်းများ၊ လမ်းတံတားများတွင် တင်ကျန်ခဲ့သည့်နုန်းများ၊ အမှိုက်များကို နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုကူညီရေးအဖွဲ့များ၊ ပရဟိတအသင်းအဖွဲ့များနှင့် ဒေသခံတိုင်းရင်းသားများ ပူးပေါင်း၍ ဖယ်ရှားရှင်းလင်းခြင်း၊ ရေဘေးကယ်ဆယ်ရေးစခန်းများရှိ ရေဘေးသင့်ပြည်သူများကို ထမင်းဘူးများ၊ စားသောက်ဖွယ်ရာများ လိုက်လံပို့ဆောင်ပေးခြင်း၊ အရေးပေါ်ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီဆောင်ရွက်ပေးခြင်းနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(၅၀၁)**

---

**● နေရာအနှံ့အပြားမိုးထစ်ချုန်းရွာမည်မှ**

မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်(တောင်ပိုင်းနှင့် အရှေ့ပိုင်း)တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။

မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်၊ မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်ထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၁၀ ပေမှ ၁၂ ပေခန့် ရှိနိုင်သည်။ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်၊မြေပြင်လေသည် တစ်နာရီလျှင် ၂၅ မိုင်မှ မိုင် ၃၀ ထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရှစ်ပေ မှ ၁၀ ပေခန့် ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ကပ္ပလီပင်လယ်ပြင်တွင် လေထုမငြိမ်သက်မှုများ ဖြစ်ပေါ်လာနိုင်ခြင်းကြောင့်လည်းကောင်း၊ ထိုင်းနိုင်ငံတွင် ဖြစ်ပေါ်နေသော လေဖိအားနည်းဆဲလ်မှ ပြတ်ထွက်လာသော တိမ်တိုက်များကြောင့်လည်းကောင်း၊ မိုးတိမ်တောင်များ ဖြစ်ထွန်းမှုအားကောင်းနေခြင်းကြောင့်လည်းကောင်း မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ ရုတ်တရက်ရေကြီးခြင်း၊ မြေပြိုခြင်း စသည့် သဘာဝဘေးအန္တရာယ်များဖြစ်ပေါ်နိုင်သဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်၊ မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုနိုင်ရန်နှင့် ပြည်တွင်းလေကြောင်းပျံသန်းရေး၊ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်၊ ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေးငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့် ကြိုတင်သတိပြုနိုင်ရန် အသိပေးနှိုးဆော်ထားသည်။ **(မိုး/ဇလ)**

---


## ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများကို ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း

၁။ ကာကွယ်ရေးဝန်ကြီးဌာန (https://www.mod.gov.mm)

၂။ ဥပဒေရေးရာဝန်ကြီးဌာန (https://www.mlis.gov.mm)

၃။ ပြန်ကြားရေးဝန်ကြီးဌာန (https://www.moi.gov.mm)

၄။ Myawady Webportal (https://myawady.net.mm)

၅။ Myanmar National Portal (https://myanmar.gov.mm)



❖ U-19 အမျိုးသမီး ဘောလုံးပြိုင်ပွဲမှ

အစိုးရအဖွဲ့များနှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသည့် ၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် U-19 အမျိုးသမီး ဘောလုံးပြိုင်ပွဲကို ယနေ့ မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ်ရှိ သီဟဒီပအားကစားကွင်း၌လည်းကောင်း၊ တောင်ဥက္ကလာပမြို့နယ် ပဒေသာအားကစားကွင်း၌လည်းကောင်း၊ စမ်းချောင်းမြို့နယ် ပဒုမ္မာကွင်း၌လည်းကောင်း၊ သဃ်္ဃန်းကျွန်းမြို့နယ် သုဝဏ္ဏ YTC လေ့ကျင့်ရေးကွင်း(၁)ရှိ (စက်ဘီးကွင်း)တို့၌လည်းကောင်း ကျင်းပခဲ့သည်။

တိုင်းဒေသကြီးနှင့် ပြည်နယ် U-19 အမျိုးသမီးဘောလုံးပြိုင်ပွဲ ယှဉ်ပြိုင်ကစားနေမှုများကို သက်ဆိုင်ရာအားကစားကွင်းများ၌ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များမှ တာဝန်ရှိသူများ၊ အားကစားနှင့် ကာယပညာဦးစီးဌာနမှ တာဝန်ရှိသူများနှင့် ပြိုင်ပွဲကျင်းပရေးအဖွဲ့မှ တာဝန်ရှိသူများ၊ အားကစားဝါသနာရှင်ပြည်သူများ တစ်ခဲနက်လာရောက်ကြည့်ရှုအားပေးသည်။

ယနေ့ ၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် U-19 အမျိုးသမီး ဘောလုံးပြိုင်ပွဲ ရှုံးထွက်ကွာတားဖိုင်နယ် ပွဲစဉ်များအဖြစ် သဃ်္ဃန်းကျွန်းမြို့နယ် သုဝဏ္ဏ YTC လေ့ကျင့်ရေးကွင်း(၁)ရှိ (စက်ဘီးကွင်း)၌ ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းနှင့် ဧရာဝတီတိုင်းဒေသကြီးအသင်းတို့ယှဉ်ပြိုင်ကစားခဲ့ရာ ဧရာဝတီတိုင်းဒေသကြီးအသင်းက ၁၄ ဂိုး ဂိုးမရှိဖြင့်လည်းကောင်း၊ တောင်ဥက္ကလာပမြို့နယ် ပဒေသာကွင်း၌ ပဲခူးတိုင်းဒေသကြီးအသင်းနှင့် မွန်ပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ မွန်ပြည်နယ်အသင်းက ငါးဂိုး ဂိုးမရှိဖြင့်လည်းကောင်း၊ သန်လျင်မြို့နယ် သီဟဒီပကွင်းတွင် ကရင်ပြည်နယ်အသင်းနှင့် ကချင်ပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ဒုတိယပိုင်းပွဲပြီးဆုံးချိန်တွင် နှစ်သင်းစလုံး တစ်ဖက် နှစ်ဂိုးစီ သရေ ရလဒ်ဖြစ်နေသည့်အတွက် အချိန်ပိုကစားခဲ့ရာ ကရင်ပြည်နယ်အသင်းက ကချင်ပြည်နယ်အသင်းကို လေးဂိုး သုံးဂိုးဖြင့်လည်းကောင်း၊ အလားတူ စမ်းချောင်းမြို့နယ် ပဒုမ္မာကွင်း၌ ရှမ်းပြည်နယ်အသင်းနှင့် မန္တလေးတိုင်းဒေသကြီးအသင်းတို့ယှဉ်ပြိုင်ကစားခဲ့ရာ ဒုတိယပိုင်းပြီးဆုံးချိန်အထိ တစ်ဖက် သုံးဂိုးစီ သရေဖြစ်နေ၍ အချိန်ပိုကစားခဲ့ရာ နှစ်သင်းစလုံး အနိုင်ဂိုးရရှိအောင် ထပ်မံသွင်းယူနိုင်ခြင်းမရှိသည့်အတွက် ပင်နယ်တီဂိုးရလဒ်အဆုံးအဖြတ်အရ ရှမ်းပြည်နယ်အသင်းက မန္တလေးတိုင်းဒေသကြီးအသင်းကို ခြောက်ဂိုး ငါးဂိုးဖြင့်လည်းကောင်း အကြိတ်အနယ် ယှဉ်ပြိုင်အနိုင်ရရှိခဲ့သည်။

၂၀၂၆ ခုနှစ် စက်တင်ဘာ ၂၇ ရက်တွင် ပြိုင်ပွဲ တစ်ရက်နားမည်ဖြစ်ပြီး စက်တင်ဘာ ၂၈ ရက် ညနေ ၃ နာရီမှစတင်၍ ၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် U-19 အမျိုးသမီး ဘောလုံးပြိုင်ပွဲ အကြိုဗိုလ်လုပွဲ ပွဲစဉ်အဖြစ် တောင်ဥက္ကလာပမြို့နယ် ပဒေသာကွင်း၌ မွန်ပြည်နယ်အသင်းနှင့် ကရင်ပြည်နယ်အသင်း၊ စမ်းချောင်းမြို့နယ် ပဒုမ္မာကွင်း၌ ရှမ်းပြည်နယ်အသင်းနှင့် ဧရာဝတီတိုင်းဒေသကြီးအသင်းတို့ ဆက်လက်ယှဉ်ပြိုင်သွားမည်ဖြစ်၍ အားကစားဝါသနာရှင်မိဘပြည်သူများအနေဖြင့် မည်သူမဆို အခမဲ့လာရောက်ကြည့်ရှု အားပေးနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အပြည်ပြည်ဆိုင်ရာ သက်ကြီးပုဂ္ဂိုလ်များနေ့

INTERNATIONAL DAY OF OLDER PERSONS

သက်ရှည်ကျန်းမာခေတ်သစ်ဆီ စနစ်သစ်များဖြင့် လျှောက်လှမ်းမည်

" The Age of Longevity: Rethinking Systems for Longer Lives"

၁.၁၀.၂၀၂၆ နေပြည်တော်

## ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်သူများအတွက် ဆေးတက္ကသိုလ်များ၊ သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်များနှင့် ဆေးပညာနှီးနွှယ်တက္ကသိုလ်များသို့ ဝင်ခွင့်လျှောက်ထားနိုင်ကြောင်း ကြေညာ

၁။ ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ပြီး ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာနအောက်ရှိ ဆေးတက္ကသိုလ်များ၊ သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်များနှင့် ဆေးပညာနှီးနွှယ်တက္ကသိုလ်တစ်ခုခုသို့ ပထမဦးစားပေး လျှောက်ထားလိုသူများအနေဖြင့် တက္ကသိုလ်ဝင်ခွင့်စိစစ်ရွေးချယ်ရေးအဖွဲ့ (အဆင့်မြင့်ပညာဦးစီးဌာန)က ထုတ်ပေးသည့် တက္ကသိုလ်ဝင်ခွင့်လျှောက်လွှာစာအိတ်ဖြင့် လျှောက်ထားရမည်ဖြစ်သည်။

၂။ **ဆေးဝါးတက္ကသိုလ်များ၊ ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ်များ၊ သူနာပြုတက္ကသိုလ်များနှင့် အခြေခံကျန်းမာရေးတက္ကသိုလ်သို့ ပထမဦးစားပေး လျှောက်ထားသူများသည်** တက္ကသိုလ်ဝင်ခွင့် လျှောက်လွှာစာအိတ်ကို ပညာရေးဝန်ကြီးဌာနအောက်ရှိ လျှောက်လွှာတင်သွင်းရန် သတ်မှတ်ထားသော တက္ကသိုလ်များသို့ ပေးပို့လျှောက်ထားရမည်ဖြစ်သည်။

၃။ **ဆေးတက္ကသိုလ်များနှင့် သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်များသို့** ပထမဦးစားပေး လျှောက်ထားသူများအတွက်မူ တက္ကသိုလ်ဝင်ခွင့်လျှောက်လွှာစာအိတ်ကို အောက်ဖော်ပြပါ လျှောက်လွှာလက်ခံမည့်နေရာ ရှစ်ခုအနက် တစ်ခုခုသို့ တိုက်ရိုက်ပေးပို့လျှောက်ထားရမည်ဖြစ်သည်-

(က) ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန(နေပြည်တော်)

(ခ) ဆေးတက္ကသိုလ်(၁) ရန်ကုန်

(ဂ) ဆေးတက္ကသိုလ်(၂) ရန်ကုန်

(ဃ) ဆေးတက္ကသိုလ်(မန္တလေး)

(င) ဆေးတက္ကသိုလ်(မကွေး)

(စ) ဆေးတက္ကသိုလ်(တောင်ကြီး)

(ဆ) သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်(ရန်ကုန်)

(ဇ) သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်(မန္တလေး)

၄။ ဆေးတက္ကသိုလ်များ၊ သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်များနှင့် ဆေးပညာနှီးနွှယ်တက္ကသိုလ်များ၏ ဝင်ခွင့်ရွေးချယ်ရေးကို တက္ကသိုလ်ဝင်ခွင့်လမ်းညွှန်စာအုပ်တွင် ဖော်ပြထားသည့်အတိုင်း ရွေးချယ်မည်ဖြစ်သဖြင့် **တက္ကသိုလ်ဝင်ခွင့်လမ်းညွှန်စာအုပ်ကို သေချာစွာဖတ်ရှုပြီးမှသာ ဝင်ခွင့်လျှောက်ထားရန်ဖြစ်ပါကြောင်း**နှင့် တက္ကသိုလ်ဝင်ခွင့်လျှောက်လွှာစာအိတ်ကို ၂၀၂၆ ခုနှစ် စက်တင်ဘာ ၂၈ ရက်မှ အောက်တိုဘာ ၁၆ ရက်ထိ စနေနေ့၊ တနင်္ဂနွေနေ့၊ ရုံးပိတ်ရက်များအပါအဝင်(ပိတ်ရက်မရှိ)လက်ခံမည်ဖြစ်ပါကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကိုအားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## ထူးခြားသည့် နေ့အပူချိန်များ ( ၂၆ - ၉ - ၂၀၂၆ )

| | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|
| ချောက် | ၃၈ | ဒသမ | ၄ | ဒီဂရီဆဲလ်စီးယပ် | မင်းဘူး | ၃၇ | ဒသမ | ၁ | ဒီဂရီဆဲလ်စီးယပ် |
| မြင်းမူ | ၃၈ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် | ပခုက္ကူ | ၃၇ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| မကွေး | ၃၇ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယပ် | ဆင်ဖြူကျွန်း | ၃၆ | ဒသမ | ၉ | ဒီဂရီဆဲလ်စီးယပ် |
| မိုင်းယန်း | ၃၇ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယပ် | အောင်လံ | ၃၆ | ဒသမ | ၈ | ဒီဂရီဆဲလ်စီးယပ် |
| စစ်ကိုင်း | ၃၇ | ဒသမ | ၄ | ဒီဂရီဆဲလ်စီးယပ် | ကျောက်ဆည် | ၃၆ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယပ် |

## ၂၀၂၆ ခုနှစ် စက်တင်ဘာ ၂၆ ရက် ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား(၁၆.၃၂၉၃၂၅ ဂရမ်) ၏ ဈေးနှုန်း ၇၁၃၀၀၀၀ ကျပ်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

## ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်ကာလ လျှော့ပေါ့ခွင့်ပြုသူများ

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့် ကာလလျှော့ပေါ့ခွင့်ပြုသူများ**

၁။ လျှော့ပေါ့ခွင့်ပြုသူများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) လျှောက်ထားသူ၏ မိဘနှစ်ပါးစလုံးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း ၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ တစ်ဝက်အထိ လျှော့ပေါ့ပေးနိုင်သည်။

(ခ) လျှောက်ထားသူ၏ မိဘနှစ်ပါးအနက် တစ်ဦးဦးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ သုံးပုံတစ်ပုံအထိ လျှော့ပေါ့ပေးနိုင်သည်။

(ဂ) ပြည်သူ့စစ်မှုထမ်းတစ်ဦးဦးသည် တာဝန်ထမ်းဆောင်နေသည့်ကာလအတွင်း ထိခိုက်ဒဏ်ရာရရှိခြင်းများရှိခဲ့ပါက ထိခိုက်ဒဏ်ရာရရှိသည့်နေ့နောက်ပိုင်း ဆက်လက်တာဝန်ထမ်းဆောင်ရန် ကျန်ရှိသည့်ကာလအား လျှော့ပေါ့ပေးနိုင်သည်။

# မိတ်အင် ပြည်ချစ်မောင်

**နွေကုံကျော်(မြို့လှ)**



စက်တင်ဘာ ၂၅ ရက်မှအဆက်

(၄)

သူတို့မြို့လေးက မြို့နယ်အဆင့်မို့ စာပေဝါသနာရှင်များရော၊ စာရေးဆရာ သုံးလေးယောက်မျှရှိလေသည်။ သူတို့ကမှတစ်ဆင့် ခင်မင်ရင်းနှီးရာလေးများ ချိတ်ဆက်ပြီး စာမူရှာဖွေစုဆောင်းရသည်။ ရုံးချုပ်မှရောက်လာသည့် စာမူများသည် တာဝန်အရရေးလာသူများပီပီ အစီရင်ခံစာသဘောမျိုးတွေသာ ဖြစ်နေသည်။ အချို့ဆောင်းပါးများ ကောင်းကြသော်လည်း အပြောဟန်တစ်လှည့် အရေးဟန်တစ်ခါဖြင့် ဖတ်ရတာ ကွေ့ကွေ့ကောက်ကောက်ဖြစ်နေသည်။

ဤသည်မှာလည်း သူတို့အပြစ်မဟုတ်၊ ရေးခိုင်း၍ ရေးကြရသည်ကိုး။ အဆိုးဆုံးသော ပြဿနာကတော့ ထိပ်သီးတက္ကသိုလ်များမှ ထိပ်တန်းဘွဲ့ရလာသူများ၏ မြန်မာစာအားနည်းမှုများမှာ မြင်၍ပင်မကောင်းပေ။

အဖွဲ့တွေခွဲ၊ တာဝန်များမျှဝေထားသော်ငြား စာမူထုပ်ကြီးပိုက်လျက် သောကပွားရသူက မိုးကျော်။ ဇန်နဝါရီ နောက်ဆုံးအပတ်ထဲရောက်လာသည်။

"ဆရာ လက်ရှိရသလောက်ကိုပဲ ရုံးချုပ်ကို ပို့လိုက်ပါမယ်။ အားလုံးစုံအောင်စောင့်နေရင် ရက်တွေ ထပ်နောက်ကျလိမ့်မယ်။ သူဌေးက စာမူတစ်ပုဒ်ပေးမယ်ပြောတာ အခုထိမရသေးဘူး"

"အေးကွာ ဘယ်တတ်နိုင်မလဲ သောကြာနေ့ ပို့လိုက်တော့"

ဆရာခွင့်ပြုသည်မို့ ပဏာမရွေးချယ်ပေးလိုက်သည့် စာမူများကို ရုံးချုပ်ဆီပို့ပေးလိုက်တော့သည်။ သူတို့လိုလားသည့် မဂ္ဂဇင်းစာမျက်နှာအရေအတွက်တိုင်း အနီးစပ်ဆုံးပို့လိုက်ခြင်းပင်။ ဖေဖော်ဝါရီ ပထမပတ်ထဲမှာပဲ ထွေဂျာဦးမြင့်သန်းဆီမှ ဖုန်းဝင်လာသည်။

"ကိုဝင်းအောင်ထွန်းရေ.. သူဌေးက ဝတ္ထုသုံးပုဒ်ပယ်တယ်ဗျ၊ ဆောင်းပါးကိုလဲ နှစ်ပုဒ်လျှော့တယ်၊ ကာတွန်းလဲလျှော့ထားတယ်၊ အားလုံးပြီးရင် ပယ်စာမူစာရင်းပို့လိုက်မယ်၊ စာမျက်နှာလိုရင် စာမူအသစ်ထပ်ရှာထားလို့ရအောင် သတိပေးတာပါ"

ခဏအကြာ ဆရာ့ဖုန်းထဲ ပယ်စာမူစာရင်းများရောက်လာသည်။ အားပါးပါး မိုးကျော်ခေါင်းပျားတုပ်လိုက်သလိုလို။ မဂ္ဂဇင်းတစ်အုပ်ကို သုတ၊ ရသမျှအောင် အပြင်ထုတ်လိုသူဆန္ဒရည်မှန်းချက်အတိုင်း ထုတ်ရမည်ကို မိမိတို့သိသည်ပေါ့လေ။ ဒါကြောင့်မို့လည်း မိမိတို့ကုမ္ပဏီအကြောင်း ရေးသားတင်ပြသည့်စာမူများကို ၆၅ ရာခိုင်နှုန်းထိ ဖော်ပြထားသည်ပေါ့။ ကျန်တာကိုတော့ ဆောက်လုပ်ရေးကုမ္ပဏီကြီးဟု တိုက်ရိုက်နာမည်မတပ်ဘဲ အကွေ့အကောက်ဇာတ်လမ်းလေးများ ကြားညှပ်ရေးသားကာ စာဖတ်သူအတွက် အပြောင်းအလဲ ရသဖန်တီးပေးသည်ကို ရုံးချုပ်က အဖွဲ့ခေါင်းဆောင်တွေနားလည်အောင် အကြိမ်ကြိမ်ရှင်းပြထားခဲ့သည်။

"ကျွန်တော်တို့က နားလည်တယ်ဗျ၊ သဘောလဲပေါက်တယ်။ ဒါပေမဲ့ သူဌေးက အဲဒီလိုမဟုတ်ဘူးဗျ။ မဖြစ်နိုင်ဘူး မဖြစ်သင့်ဘူးလို့ သွားမပြောရဲဘူး၊ သူခိုင်းတဲ့အတိုင်းပဲ ရေဘူးပေါက်ပေါက်မပေါက်ပေါက် ရေပါလာဖို့ပဲ သူခံယူကျင့်သုံးတာ"

အင်း... ဘယ်လိုနည်းနဲ့များ သူဌေးဘဝရောက်လာပါလိမ့်။ သူကိုယ်တိုင် ရေဘူးအပေါက်နှင့် ရေတကယ်ခပ်ဖူးခဲ့ပါလေစ။ သူတို့ရုံးချုပ်ကလူတွေ ညည်းကြညူကြသံတွေကို ကြားရုံဖြင့် သူဌေးမှာ အောက်ခြေဘဝက မဖြတ်သန်းခဲ့ဖူးကြောင်း ပေါ်လွင်နေသည်။ အဖေ့အမွေကို လမ်းခုလတ်မှ ယူခဲ့ရခြင်းအကျိုးက အောက်ခြေနှင့်လွတ်၍ အမြီးအမောက်မတည့် သည်များနှင့် ကြုံရလေတော့သည်။

သူဌေးပယ်လိုက်သည့်စာမူများသည် စာပေလမ်းပေါ်၌ ကလောင်တစ်ချောင်း ခိုင်မာသူများပါသလို စေတနာဖြင့် အားထည့်ရေးပေးထားသူတွေလည်းပါ၏။ သူတို့ကို ဘယ်လိုမျက်နှာပြရပေ့။ စာမူရေးပေးပါအုံးဆိုပြီး ကိုယ်က မေတ္တာရပ်ခံခဲ့ရသည်။ သူဌေးက မင်နီလေးဖြင့် အလွယ်တကူ ကြက်ခြေခတ်လိုက်သည်။

စာမူတစ်ပုဒ်ပယ်ခြင်းသည် သူ့ဝန်ထမ်းတစ်ယောက် အလုပ်ဖြုတ်သလို လွယ်သည်ထင်လွန်းပေ့။

(၅)

နောက်တစ်နေ့တွင် သူဌေး စာမူရောက်ရှိလာသည်။ စာလုံးပေါင်းသတ်ပုံပဲစစ်ကာ ပုံနှိပ်တိုက်သို့ ပို့လိုက်သည်။ သူ့စာကို ပေါ့သည်ငန်သည် လုပ်ခွင့်မရှိ။ ထပ်ရှာခိုင်းထားသည့် အစားထိုးစာမူများ ရုံးချုပ်ဆီ အမြန်ပို့ရပြန်သည်။ ဖေဖော်ဝါရီလဝက်ထဲရောက်လာသည်။

"လက်ရှိထပ်တိုးစာမူတွေပယ်ရင်တော့ အဆင်မပြေတော့ဘူးလို့ ပြောလိုက်ပါဆရာ"

"ထပ်ပို့တဲ့အထဲက နှစ်ပုဒ်တော့ပယ်တယ်ဗျ၊ ကျန်တဲ့လေးပုဒ်သုံးပါတဲ့" ပြောပြလည်း ထူးမည့်သူများမဟုတ်သောကြောင့် ဘာမှစောဒကမတက်တော့ဘဲ အားလုံးဖိုင်နယ်စာမူများ စုပေါင်းထုပ်ပိုးကာ ပုံနှိပ်တိုက်သို့အပ်ရလေသည်။

"ရက်ကတော့ကပ်နေပါပြီ ဆရာနေ၊ ကျွန်တော်တို့အနေနဲ့တတ်နိုင်သမျှကြိုးစားပေးပါမယ်"

ပုံနှိပ်တိုက်က လူရင်းတွေမို့ အဆင်ပြေအောင်လုပ်ပေးမည်ဆိုသဖြင့် အားနာမှုနှင့်ကျေးဇူးတင်ရသည်။ စရန်ငွေ သိန်းအစိတ် ဦးဆုံးလွှဲပေးခြင်းဖြင့် သက်ပြင်းတစ်ချက်ချလိုက်မိ၏။ သက်ပြင်းက ကြာကြာမခံပါချေ။

"သူဌေးက စာအုပ်မူကြမ်း ဘယ်တော့ရနိုင်မလဲတဲ့"

စလာချေပြီ။ သူတို့လက်က စာမူအချောသပ်ပေးပြီး သုံးရက်ပြည့်သည့်နောက် လိုလားချက်ကရောက်လာသည်။

"ကျွန်တော်တို့ပြောထားတဲ့အတိုင်း ဧပြီလလယ်မှရမှာပါ"

"ဟာဗျာ ဒုက္ခပဲ၊ သူဌေးက အကြမ်းကြည့်ချင်လို့တဲ့"

"နားလည်အောင်ရှင်းပြလိုက်လေ ဆရာတို့က"

"ခက်တယ်ဗျာ၊ ဘယ်သူမှ ဝင်တွေ့ပြီး မရှင်းပြရဲကြဘူး၊ စာအုပ်အကြမ်းပဲပြချင်ကြတာ"

ခက်လွန်းလှသည့် တစ်ဖက်ပိတ်လိုလားချက်များ။

"ပုံနှိပ်တိုက်ကလဲ ဒီဇိုင်းမပြီး၊ စာတွေသေသေချာချာ မချောရသေးဘဲ စာအုပ်တစ်အုပ်တည်း မထုတ်ပေးပါဘူး၊ ပုံနှိပ်လုပ်ငန်းသဘောသဘာဝကိုတော့ သူဌေးနားလည်အောင် တာဝန်ရှိသူတွေက ပြန်ရှင်းပြထားသင့်တာပါ"

"သူဌေးကတော့ပြောတယ်။ မဂ္ဂဇင်းက သိပ်ပြီးခံ့ဖို့မလိုဘူး။ ဖြစ်တယ်ဆိုရုံပါပဲ။ သူဌေးက သူများသူဌေးတွေရဲ့ ကုမ္ပဏီတွေက မဂ္ဂဇင်းတွေထုတ်တာမြင်ရင်း သူ့ကုမ္ပဏီလူသိခံချင်ရုံပါ။

ဩော်... သူတို့ရည်ရွယ်ချက်က ဤသို့ဤနှယ်ပါတကား။ အိပ်မက်ဆန်သော စကားကိုကြားလိုက်ရခြင်း။ စာပေတန်ဖိုးနှင့် အနုပညာစကားတစ်လုံးမျှမပါ။

"ကဲပါ အမြန်ဆုံးတစ်အုပ်ဖြစ်လာအောင် လုပ်ခိုင်းလိုက်ပါ့မယ်"

"ဟူး ..."

ဆရာဦးဝင်းအောင်ထွန်း ပြောနေတာတွေကို နားထောင်ရင်း မိုးကျော် သက်ပြင်းမောကို ချမိပြန်လေပြီ။ စာပေအကြောင်း ပုံနှိပ်လုပ်ငန်းအကြောင်း တစ်လုံးတစ်ပါဒမျှ နားမလည်သူများနှင့် သူအလုပ်လုပ်ရခြင်းဖြစ်နေသည်ကို လမ်းခုလတ်ရောက်မှသိရလေပြီ။ နောက်ဆုတ်လို့လည်းမရသည်မို့ ပုံနှိပ်တိုက်ပိုင်ရှင် ဆရာစိမ်းဆီ အကျိုးအကြောင်း ပြောရရုံမှတစ်ပါး ဘယ်နည်းရှိပါဦးမည်လဲ။ ဆရာစိမ်းခမျာ မူကြမ်းတစ်အုပ်ထွက်နိုင်ရေး အမြန်လုပ်ပေးရပြန်၏။

ပထမအကြိမ်ထွက်လာသည့်စာအုပ်ကို သူဌေးဖတ်ရှုပြီးသကာလ "သူ့စာမူမှာ စာတစ်ပိုဒ်ထပ်ဖြည့်မယ်၊ ပုံလေးတွေလဲ သင့်တော်သလို ထပ်ဖြည့်ပေးပါ" တဲ့။ လာပြန်ချေပြီ။ အစကတည်းက စာနှင့်ပုံတွဲပေးလျှင် ရလျက်နှင့်။ အခုတော့ ကွန်ပျူတာဆရာ အလုပ်ထပ်ပိုတော့မည်။ ပုံတွေထပ်ဖြည့်၊ စာတွေထပ်တိုးလျှင် စာမျက်နှာတွေ နေရာရွှေ့မည်။ တစ်ရွက်တိုးရုံနှင့် ပြီးမသွား။

"ဆရာနေ့ ဖုန်းကို လန့်နေပြီဗျာ"

ပုံနှိပ်တိုက်ပိုင်ရှင် ဆရာစိမ်း၏ ဖုန်းထဲကစကား။ တစ်ခါဆက်ဆံဆယ်ခါလန်ရပါပြီ။ ကြီးတော်နွားအလကားဝင်ကျောင်းရင်း လေးခွစာသင့်ရပြီလားမသိ။

"ဘာပဲဖြစ်ဖြစ် နီးလာပါပြီဗျာ"ဟု အားတင်းရင်း နောက်ဆုံးစာမူကိုပြင်ပြီးသကာလ ရုံးချုပ်ကို အချောသပ်စာမူ ပို့လိုက်လေတော့သည်။

ဤသို့ဖြင့် "ပြည်ချစ်မောင်" ကုမ္ပဏီကြီး၏ ၁၅ နှစ်ပြည့်နှစ်ပတ်လည်မဂ္ဂဇင်းကြီးက အခြားသော ကုမ္ပဏီကြီးများ၏ အထိမ်းအမှတ်မဂ္ဂဇင်းကြီးများကို တုပလျက်အချိန်ကိုက် ခံ့ခံ့ညားညား ပေါ်ထွက်လာခဲ့လေသည်။ ထိုအခါမှပဲ အကြွင်းအကျန်သက်ပြင်းအားလုံး မိုးကျော်တို့ဆရာတပည့်နှစ်ယောက်ပြိုင်တူချနိုင်သည်။

မဂ္ဂဇင်းထွက်ပြီး တစ်လအကြာမှာပဲ နယ်ရုံးသို့ သတင်းထူးတစ်ခု ရောက်လာသည်။

"ဗျာ ဘယ်လို ဘယ်လို"

"ဟုတ်တယ် ဦးဝင်းအောင်ထွန်းရေ၊ သူဌေးက နိုင်ငံခြားမှာဆွေးနွေးပွဲ တစ်ခုသွားတက်ရမယ်၊ ကိုမြင့်သန်းကြီးကိုလဲ ခေါ်သွားတယ်၊ အတွေ့အကြုံရအောင်လို့တဲ့၊ ဒါမှ နောက်ပိုင်းမှာ ဒီထက်ကြီးမားတဲ့ တာဝန်တွေကို ထမ်းဆောင်နိုင်အောင်လို့တဲ့၊ အဲဒီအစည်းအဝေးကပြန်ရင် သူဌေးတောင် ရာထူးတစ်ခုခုရဖို့များတယ်ဗျ"

"ဥုံဖွ ကောင်းလေစွ"ဟု မိုးကျော်တွေးနေတုန်း ဆရာက ခေါင်းကုတ်ကာ ရုံးနောက်အိမ်သာဘက် ခဏထွက်သွားလေသည်။ ထိုစဉ်မှာပဲ စားပွဲပေါ်ကျန်ခဲ့သည့် ဆရာ့ဖုန်းက အသံမြည်လာပြန်သည်။ မိုးကျော် ဖုန်းသွားမကိုင်ဖြစ်။ ဆရာ့ ဖုန်း ရင်းတုန်းက မြည်ကောင်းနေဆဲ...

ဘာတဲ့ "နည်းနည်းလေးတော့လွဲနေတယ်... လွဲလွဲလေးပဲကောင်းပါတယ်... စိတ်ကျေနပ်ရင်ပြီးတာပဲ နေတတ်ရင် အေးဆေးလေး..."

ထူးအိမ်သင်အသံကတော့ ဘယ်အချိန်ဖြစ်ဖြစ် နားထောင်လို့ ကောင်းနေသား။

# ပုလဲမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ဧက ၁၀၁၀ စိုက်ပျိုးမည်



ယခင်နှစ်က မြေပဲစိုက်ခင်းကို တွေ့ရစဉ်။

**ပုလဲ စက်တင်ဘာ ၂၆**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ပုလဲမြို့နယ်တွင် ယခုနှစ်ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ဧက ၁၀၁၀ စိုက်ပျိုးမည်ဖြစ်ကြောင်း ပုလဲမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပုလဲမြို့နယ်တွင် မြေပဲ ဧက ၁၀၁၀ စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးသွားမည် ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ ပုလဲမြို့နယ်မှာ မြေပဲ ဧက ၁၀၀၀ ကျော် စိုက်ပျိုးဖို့ လျာထားပါတယ်။ လျာထားဧကပြည့်မီအောင်စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးသွားပါမယ်။ မြေပဲစိုက်ပျိုးမှုအနေနဲ့ အောင်မြင်ဖြစ်ထွန်းလျက်ရှိပါတယ်။ ဆီထွက်သီးနှံအနေနဲ့ကတော့ အောင်မြင်တဲ့အနေအထားမှာ ရှိပါတယ်။ မြေပဲစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက်တစ်နှစ် တိုးတက်လာပါတယ်"ဟု ပုလဲမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်လေးနွယ်က ပြောပြသည်။

ယခုနှစ် ပုလဲမြို့နယ်တွင် မြေပဲစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းနိုင်ရေး၊ GAP နည်းစနစ်ဖြင့် စိုက်ပျိုးနိုင်ရေး၊ ဓာတ်မြေဩဇာ စနစ်တကျ သုံးစွဲတတ်စေရေး၊ ပိုးမွှားရောဂါကျရောက်မှု မရှိစေရေး၊ ပေါင်းမြက်ကင်းစင်စေရေးတို့အတွက် စိုက်ခင်းများအတွင်း ကွင်းဆင်းစစ်ဆေးပြီး ကင်းထောက်မှတ်တမ်းများ ရယူခြင်းတို့ကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနဝန်ထမ်းများက ကွင်းဆင်း၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

မြေပဲကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း ဆီစားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် မြေပဲကိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်း ဆောင်ရွက်သင့်ကြောင်း ပုလဲမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်လေးနွယ်က ပြောပြ၍ သိရသည်။

(၂၀၆)

# မြန်အောင်မြို့နယ်တွင် ရက် ၉၀ ဆန်များ ဝယ်ယူမှုအားကောင်းပြီး အရောင်းအဝယ်ကောင်းမွန်နေ

**မြန်အောင် စက်တင်ဘာ ၂၆**

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ်တွင် ရက် ၉၀ ဆန်များ ဝယ်ယူမှုအားကောင်းပြီး အရောင်းအဝယ်ကောင်းမွန်နေကြောင်း မြန်အောင်မြို့နယ် ဆန်စပါးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်လှလှမွှေးက ပြောပြသည်။

မြန်အောင်မြို့နယ် ဆန်စပါးရောင်းဝယ်ရေး ဈေးကွက်တွင် ယခုနှစ် စက်တင်ဘာလ ဒုတိယပတ်က စတင်ပြီး ယနေ့ထိ ရက် ၉၀ ဆန်များ ဝယ်ယူအားကောင်းနေပြီး အရောင်းအဝယ်ကောင်းမွန်နေခြင်းဖြစ်ကြောင်း၊ အဆိုပါ ရက် ၉၀ ဆန်များ ဝယ်ယူမှုအားကောင်းလာခြင်းသည် ဒေသဈေးကွက်မှ အဝယ်လိုက်လာခြင်းကြောင့်ဖြစ်ကြောင်း သိရသည်။



"အခု ဒေသဈေးကွက်မှာ အခြားဆန်တွေထက် ရက် ၉၀ ဆန်က ဝယ်ယူမှုအားကောင်းလာပါတယ်။ စက်တင်ဘာလ ဒုတိယပတ်လောက်ကနေ အဝယ်လိုက်လာတာ ဖြစ်ပါတယ်။ ပြည်တွင်းဈေးကွက်ကလဲ ရက် ၉၀ ဆန်တွေ အဝယ်လိုက်နေလို့ အရောင်းအဝယ် ကောင်းလာတာပါ။ တစ်ရက်ကို ရက် ၉၀ ဆန် ၂၄ ပြည်ဝင်အိတ်ရေ ၃၀၀ ကနေ ၁၀၀၀ ထိ အရောင်းအဝယ်ဖြစ်နေပါတယ်။ ရက် ၉၀ ဆန်များ အရောင်းအဝယ် ကောင်းမွန်လာတော့ ဆန်စပါးသိုလှောင်ထားသူတွေ အဓိကအဆင်ပြေလာပါတယ်"ဟု မြန်အောင်မြို့နယ် ဆန်စပါးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်လှလှမွှေးက ပြောပြသည်။

မြန်အောင်မြို့နယ် ဆန်စပါးရောင်းဝယ်ရေး ဈေးကွက်တွင် အရောင်းအဝယ် ကောင်းနေသည့် ရက် ၉၀ ဆန် ၂၄ ပြည်ဝင် တစ်အိတ်လျှင် ငွေကျပ် ၁၀၁၀၀၀ ထိ ပေါက်ဈေးရှိကြောင်း၊ သိရသည်။

ကျော်ကျော်လင်း

# မြိတ်မြို့နယ် စန္ဒဝတ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**မြိတ် စက်တင်ဘာ ၂၆**

တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် မြိတ်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက စန္ဒဝတ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေထုတ်ချေးခြင်းကို စက်တင်ဘာ ၂၅ ရက်က အဆိုပါကျေးရွာ ဓမ္မာရုံ၌ ကျင်းပပြုလုပ်ခဲ့သည်။

ရှေးဦးစွာ မြိတ်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်အေးက မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေ ထုတ်ချေးပေးရခြင်း၏ ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဥပဒေ၊ နည်းဥပဒေပါ အကြောင်းအရာများကို ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းက အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာ စီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ စီမံကိန်းရန်ပုံငွေကျပ် သိန်း ၃၀၀ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များက စန္ဒဝတ်ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း၊ ကုန်ထုတ်လုပ်ငန်း၊ အရောင်းအဝယ်လုပ်ငန်းနှင့် အခြားလုပ်ငန်းလုပ်ကိုင်မည့် စုစုပေါင်း အသင်းသား၊ အသင်းသူ ၅၁ ဦးကို စီမံကိန်းရန်ပုံငွေကျပ် သိန်း ၃၀၀ ထုတ်ချေးပေးခဲ့ကြောင်း မြိတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ သိရသည်။

**အထွေး**

## မာယာ

\- ပဉ္စလက်ဆန် စိတ်အတုနဲ့
သမုရှုပ် ဇာတ်အိမ်ထောင်၊
နှမျက်နှာ လိုသလိုသုံးလို့
ပြုံးမဲ့စွမ်းဆောင်၊
ဖုံးဖိထားတဲ့ စိတ်မိုက်မှောင်
အလင်းရောင်ဟန် ကောင်းရိပ်ပြ၊
ဖြတ်ထိုးဉာဏ် "သေသပ်"စနစ်ကြောင့်
အစစ်ထင်ရ။

\- ဝတ်ဆင်ပုံ လှလှပပ
ဝင့်ကြွကြွ နေထိုင်သည်၊
လှည့်ကွက်ပိုင် စကားအဆင်းနဲ့
ညွတ်ကွင်းကိုတည်၊
ခန္ဓာက ပြေပြစ်ညီ
စံချိန်မီ ကံပေးခဲ့၊
လာဘ်ရှင်ဖွယ် ကြံစည်တွေးလို့
နိမ့်သွေးတွေဖွဲ့။

\- ကြည့်လိုက်လျှင် ရွှန်းလဲ့လဲ့
မင်္ဂလာဘွဲ့ ယူထားသလို၊
စိတ်ဆိုင်ရာ ချို့ပျက်ယွင်း
စွန်းထင်း ညစ်ညို၊
မုသားထက် မာယာပို
ပြိုနေတဲ့ ဆိုးစရိုက်၊
စာမသိသမျှ *ထုံ
စာရိတ္တအမြဲ ဆောင်ယူမြင့်တော့
(သူ့တန်ဖိုးက..)
လေလွင့်အမှိုက်။ ။

ချမ်းမြေ့(ဇလွန်မြေ)

*ထုံ = ထုံအ/ထုံထိုင်း

## ကိုဗစ်-၁၉ ရောဂါကူးစက်မှုမှ ကာကွယ်နိုင်ရန်

- Home Stay နေထိုင်ပါ။ တစ်ကိုယ်ရေသန့်ရှင်းရေး၊ နေအိမ်နှင့် ပတ်ဝန်းကျင်သန့်ရှင်းရေးတို့ကို အလေးထား ဆောင်ရွက်ပါ။
- မကြာခဏ ထိတွေ့အသုံးပြုတဲ့ စားပွဲ၊ တံခါးလက်ကိုင်၊ ဖုန်း၊ လှေကားလက်ရန်း စသည်တို့ကို Alcohol ၇၀ ရာခိုင်နှုန်းပါဝင်သော ပိုးသန့်စင်ဆေးရည်ဖြင့် မကြာခဏ ဆေးကြောပါ။

# အင်ဒိုနီးရှားနိုင်ငံ အီဘူမီးတောင် ပေါက်ကွဲမှုဖြစ်ပွားပြီး ပြာမှုန်များ ကောင်းကင်ယံသို့လွင့်ပျံ့နေ



**ဂျကာတာ စက်တင်ဘာ ၂၆**

အင်ဒိုနီးရှားနိုင်ငံ မြောက်မိုလူကာပြည်နယ် ဟာလ်မာဟဲရာကျွန်းရှိ အီဘူမီးတောင်သည် စက်တင်ဘာ ၂၅ ရက်က ပေါက်ကွဲမှုဖြစ်ပွားပြီး ပြာမှုန်များ ကောင်းကင်ယံသို့ လွင့်ပျံ့နေကြောင်း ယနေ့သတင်းများအရ သိရသည်။

မီးတောင်သည် စက်တင်ဘာ ၂၅ ရက် ဒေသစံတော်ချိန် ၂ နာရီ ၄၈ မိနစ်က ပေါက်ကွဲမှုဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး ပြာမှုန်များ မြောက်ဘက်သို့ ရွေ့လျားခဲ့ကြောင်း၊ ပြာမှုန်များသည် တောင်ထိပ်မှ မီတာ ၂၀၀၀ ခန့်ထိ မြင့်တက်ခဲ့ကြောင်း မီးတောင်ပြာစောင့်ကြည့်အကြံပေးဌာန၏ ထုတ်ပြန်ချက်အရ သိရသည်။

အီဘူမီးတောင်သည် ဟာလ်မာဟဲရာကျွန်း၏ အနောက်မြောက်ပိုင်းတွင်တည်ရှိပြီး အဆိုပါမီးတောင်သည် မီးတောင်ပေါက်ကွဲမှုကြောင့် ပြာမှုန်များ၊ မီးခိုးငွေ့များ မကြာခဏ ထွက်ပေါ်လေ့ရှိသည့် မီးတောင်တစ်ခုဖြစ်ကြောင်း၊ ယခုကဲ့သို့ မီးတောင်လှုပ်ရှားမှုမြင့်တက်လာချိန်များတွင် အနီးပတ်ဝန်းကျင်ဒေသများ၌ မီးတောင်ပြာများ ကျရောက်နိုင်သည့်အပြင် လေယာဉ် အင်ဂျင်များအတွက် အန္တရာယ်ဖြစ်စေနိုင်သဖြင့် လေကြောင်း အာဏာပိုင်များနှင့် သက်ဆိုင်ရာ မီးတောင်စောင့်ကြည့်ရေးအဖွဲ့များက ပြာမှုန်ရွေ့လျားရာ လမ်းကြောင်းများကို အနီးကပ် စောင့်ကြည့်လျက်ရှိကြောင်း၊ လေထုအရည်အသွေး ကျဆင်းနိုင်သဖြင့် ဒေသခံများကိုလည်း သတိပြုနေထိုင်ကြရန် အာဏာပိုင်များက သတိပေးထားကြောင်း သိရသည်။

Ref : Russia Today

Trs : KZ

# ကင်ညာနိုင်ငံ မောင့်ကင်ညာတောင်တွင် တောမီးကြောင့် သစ်တောမြေ ဟက်တာ ၈၇၀၀ ခန့် မီးလောင်ပျက်စီးခဲ့

**နိုင်ရိုဘီ စက်တင်ဘာ ၂၆**

ကင်ညာနိုင်ငံ မောင့်ကင်ညာတောင်တွင် ယခုလအတွင်း လောင်ကျွမ်းခဲ့သည့် တောမီးကြောင့် သစ်တောမြေ ဟက်တာ ၈၇၀၀ ခန့် မီးလောင်ပျက်စီးခဲ့ကြောင်း ကုလသမဂ္ဂ ပတ်ဝန်းကျင်အစီအစဉ် (UNEP)၏ စက်တင်ဘာ ၂၅ ရက် အစီရင်ခံစာအရ သိရသည်။

အဆိုပါတောမီးသည် မောင့်ကင်ညာတောင်၏ မြင့်မားသော ဒေသရှိ သစ်တောမြေများနှင့် မြက်ခင်းပြင်များကို ဖြတ်သန်းလောင်ကျွမ်းခဲ့ခြင်းဖြစ်ပြီး လက်ရှိတွင် တောမီးအများစုကို ထိန်းချုပ်နိုင်ပြီဖြစ်သော်လည်း မီးလောင်ပျက်စီးမှုများကြောင့် သဘာဝဂေဟစနစ်အပေါ် သက်ရောက်မှုများ ဆက်လက်ရှိနေကြောင်း ကုလသမဂ္ဂ ပတ်ဝန်းကျင်အစီအစဉ် (UNEP) မှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

ယခုကဲ့သို့ တောမီးထိန်းချုပ်နိုင်ရေးအတွက် ကင်ညာသစ်တောဝန်ဆောင်မှု၊ ကင်ညာတောရိုင်းတိရစ္ဆာန်ဝန်ဆောင်မှု၊ မီးသတ်တပ်ဖွဲ့နှင့် အခြားပရဟိတအဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

မောင့်ကင်ညာတောင်သည် သစ်တောများ၊ သစ်ဆွေးမြေများ၊ စိုစွတ်မြေများ စသည့်ဂေဟစနစ်များတည်ရှိသော သဘာဝပတ်ဝန်းကျင်ဒေသတစ်ခုဖြစ်ပြီး ဒေသတွင်း ရေအရင်းအမြစ်များအတွက်လည်းအရေးပါသဖြင့် လက်ရှိတွင် သစ်တော ထိန်းသိမ်းကာကွယ်ရေးအတွက် မီးဘေးကြိုတင်ကာကွယ်ရေး၊ တောမီးစောင့်ကြည့်ရေးနှင့် သဘာဝဂေဟစနစ် ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို ဆက်လက်အလေးထားဆောင်ရွက်ရန် လိုအပ်လျက်ရှိကြောင်း သိရသည်။

Ref : Sputnik News

Trs : KZ

# အမေရိကန်နိုင်ငံ လင်ကွန်းကောင်တီတွင် မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးရေလျှံမှုဖြစ်နေသဖြင့် ဒေသခံများဘေးလွတ်ရာရွှေ့ပြောင်းရန် သတိပေးထား

**ဝါရှင်တန် စက်တင်ဘာ ၂၆**

အမေရိကန်နိုင်ငံ နယူးမက္ကဆီကိုပြည်နယ် လင်ကွန်းကောင်တီတွင် မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးရေလျှံမှုဖြစ်ပေါ်နေသဖြင့် ဒေသခံများကို ဘေးလွတ်ရာ ရွှေ့ပြောင်းရန် သတိပေးထားကြောင်း နယူးမက္ကဆီကိုပြည်နယ် အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု စက်တင်ဘာ ၂၅ ရက် သတင်းများတွင် ဖော်ပြထားသည်။

ဟွန်ဒိုရီယာတွင် ရေဘေးအန္တရာယ်ဖြင့် ဆိုးရွားစွာ ရင်ဆိုင်နေရပြီး ဟွန်ဒိုရီယာနှင့် ကပ်လျက်ရှိသော ဘိုနီတိုရီယာတွင်လည်း ရေကြီးရေလျှံမှုဖြစ်ပေါ်နေကြောင်း နယူးမက္ကဆီကိုပြည်နယ်သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲရေး အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်။

"နယူးမက္ကဆီကိုပြည်နယ်ရဲ့ ကုန်းနိမ့်ပိုင်း ဧရိယာတွေမှာ ရေကြီးရေလျှံမှုတွေ ဖြစ်ပေါ်နေပါတယ်။ မိုးရေချိန်ငါးလက်မထိ မြင့်တက်နေတဲ့အတွက် မိုးရွာသွန်းပြီး တစ်ရက်အတွင်း ရေကြီးရေလျှံမှုစတင်ခဲ့ပါတယ်။ ရေကြီးရေလျှံမှုပြဿနာနဲ့ ဆိုးရွားစွာ ရင်ဆိုင်နေရတဲ့ ဧရိယာတွေကတော့ ဟွန်ဒိုရီယာနဲ့ ဘိုနီတိုဧရိယာတွေဖြစ်ပါတယ်။ ကုန်းနိမ့်ပိုင်းမှာတည်ရှိတဲ့ ဧရိယာတွေဖြစ်တဲ့အတွက် ရေကြီးရေလျှံမှုအန္တရာယ်နဲ့ ရင်ဆိုင်နေရပါတယ်။ ဒေသခံတွေကိုလဲ ဘေးလွတ်ရာ ရွှေ့ပြောင်းဖို့ သတိပေးထားပါတယ်။ ကုန်းမြင့်ပိုင်းတွေမှာ ယာယီကယ်ဆယ်ရေးစခန်းတွေ တည်ဆောက်ပေးထားပါတယ်"ဟု နယူးမက္ကဆီကိုပြည်နယ် သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲရေး အာဏာပိုင်အဖွဲ့အစည်းမှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။



Ref : Sputnik News

Trs : Sai Sat

# ဂျာမနီနိုင်ငံတွင် နွေရာသီကာလအတွင်း အပူလှိုင်းဖြတ်သန်းသဖြင့် ပျက်စီးဆုံးရှုံးမှုပမာဏ ယူရို ၂၅ ဘီလီယံထိရှိ

**ဘာလင် စက်တင်ဘာ ၂၆**

ဂျာမနီနိုင်ငံတွင် နွေရာသီကာလအတွင်း အပူလှိုင်းဖြတ်သန်းသဖြင့် အပူချိန်မြင့်တက်ခဲ့ပြီး ပျက်စီးဆုံးရှုံးမှုပမာဏသည် ယူရို ၂၅ ဘီလီယံထိရှိခဲ့ကြောင်း Allianz and Allianz Trade ကုမ္ပဏီမှ သုတေသီများက ထုတ်ပြန်ခဲ့သည်ဟု စက်တင်ဘာ ၂၅ ရက် သတင်းများတွင် ဖော်ပြထားသည်။

အပူချိန်မြင့်မားလွန်းသည့်အတွက် ကုန်ထုတ်လုပ်မှုအပိုင်း သိသိသာသာ လျော့ကျခဲ့သကဲ့သို့ ကာယလုပ်သားများအနေဖြင့်လည်း ကျန်းမာရေးလုံခြုံမှုအရ လုပ်ငန်းခွင် မဝင်နိုင်တော့သည့်အတွက် လုပ်ငန်းများလည်းပတ်မှု ရပ်နားခဲ့ရကြောင်း၊ စီးပွားရေးကဏ္ဍတွင် ကြီးမားသည့်ပျက်စီးဆုံးရှုံးမှုများဖြင့် ရင်ဆိုင်ခဲ့ရပြီး ကျန်းမာရေးကဏ္ဍကိုလည်း ကြီးကြီးမားမား ထိခိုက်စေခဲ့ကြောင်း၊ ဂျာမနီနိုင်ငံတွင် ဇူလိုင်လနောက်ဆုံးပတ်မှ စတင်၍ အပူလှိုင်း ဆက်တိုက်ဖြတ်သန်းခဲ့ပြီး အပူချိန်များလည်း ဆက်တိုက်မြင့်တက်ခဲ့ကြောင်း သိရသည်။

"နွေရာသီ ကာလအတွင်း အပူလှိုင်းဖြတ်သန်းမှုကြောင့် အပူချိန်မြင့်တက်မှုတွေ ဖြစ်ပေါ်ခဲ့ပါတယ်။ ရလဒ်အနေနဲ့ ကဏ္ဍအသီးသီးမှာ ကြီးမားတဲ့ ရိုက်ခတ်မှုတွေဖြစ်ပေါ်ခဲ့ပါတယ်။ အထူးသဖြင့် ကုန်ထုတ်လုပ်မှုအပိုင်းမှာ ကြီးမားတဲ့ ပျက်စီးဆုံးရှုံးမှုဖြစ်ပေါ်ခဲ့ပါတယ်။ စစ်တမ်းတွေအရ ပျက်စီးဆုံးရှုံးမှုနှုန်းက တော်တော်လေးကို မြင့်မားခဲ့ပါတယ်။ ယူရို ၂၅ ဘီလီယံထိ ပျက်စီးဆုံးရှုံးမှုနဲ့ ရင်ဆိုင်ခဲ့ရပါတယ်။ ဒါ့ပြင် ကျန်းမာရေးကဏ္ဍမှာလဲ ကြီးမားတဲ့ ရိုက်ခတ်မှုတွေ ဖြစ်ပေါ်ခဲ့ပါတယ်။ သေဆုံးသူတွေရှိသလို ကျန်းမာရေးစောင့်ရှောက်မှုတွေနဲ့ ရင်ဆိုင်ခဲ့ရတဲ့သူတွေလဲ များခဲ့ပါတယ်"ဟု Allianz and Allianz Trade ကုမ္ပဏီမှ သုတေသီတစ်ဦးက ပြောကြားခဲ့သည်။

Ref : Russia Today

Trs : Sai Sat

# ကိုလံဘီယာနိုင်ငံတွင် ငလျင်ပြန်လည်ထူထောင်ရေးလုပ်ငန်းများအတွက် ကမ္ဘာ့ဘဏ်က ကန်ဒေါ်လာ သန်း ၂၀၀ ကူညီရန် အတည်ပြု

**ဘိုဂိုတာ စက်တင်ဘာ ၂၆**

ကိုလံဘီယာနိုင်ငံတွင် ဩဂုတ် ၁၀ ရက်က ပြင်းအား ၇ ဒသမ ၄ မဂ္ဂနီကျူရှိ ငလျင်လှုပ်ခတ်ခဲ့ပြီးနောက် ငလျင်ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အမြန်ပြီးစီးအောင် ဆောင်ရွက်သွားနိုင်ရေးအတွက် ကမ္ဘာ့ဘဏ်က အမေရိကန်ဒေါ်လာသန်း ၂၀၀ ကူညီရန်အတည်ပြုခဲ့ကြောင်း စက်တင်ဘာ ၂၅ ရက် သတင်းများတွင် ဖော်ပြထားသည်။

အဆိုပါ ငလျင်လှုပ်ခတ်မှုကြောင့် လူနေအိမ်၊ အဆောက်အအုံ ၃၂ လုံးထက်မနည်း ပျက်စီးခဲ့ပြီး ရှင်းလင်းရေး လုပ်ငန်းများကို ဆောင်ရွက်နေသော်လည်း ပြန်လည် ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်သွားရန် အခက်အခဲရှိနေကြောင်း၊ ကမ္ဘာ့ဘဏ်က ကူညီပေးရန် အတည်ပြုချက်ထွက်ပေါ်လာခဲ့ပြီးနောက် ကမ္ဘာ့ဘဏ်၏ ဆုံးဖြတ်ချက်သည် ကိုလံဘီယာနိုင်ငံအပေါ် ယုံကြည်မှုရှိနေခြင်းကို ပြသခြင်းဖြစ်ကြောင်း ကိုလံဘီယာ ဘဏ္ဍာရေးဝန်ကြီးဌာနက ထုတ်ပြန်ခဲ့သည်။

"ဩဂုတ် ၁၀ ရက်က ပြင်းအား ၇ ဒသမ ၄ မဂ္ဂနီကျူရှိတဲ့ ငလျင်လှုပ်ခတ်ခဲ့ပြီးတဲ့နောက် သေဆုံးသူ ၃၃၁ ယောက်ထက်မနည်းရှိခဲ့ပြီး အယောက် ၄၅၀၀ ကျော် ထိခိုက်ဒဏ်ရာရရှိခဲ့ပါတယ်။ အခြေခံအဆောက်အအုံတွေနဲ့ လူနေအိမ်တော်တော်များများလဲ ပျက်စီးခဲ့ပါတယ်။ ပြန်လည်ထူထောင်ရေးလုပ်ငန်းတွေမှာ အသုံးပြုဖို့အတွက် ကမ္ဘာ့ဘဏ်အနေနဲ့ အမေရိကန်ဒေါ်လာ သန်း ၂၀၀ ကူညီပေးသွားမှာဖြစ်ပြီး ဘုတ်အဖွဲ့ကလဲ အတည်ပြုပြီးဖြစ်ပါတယ်" ဟု ကမ္ဘာ့ဘဏ်မှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

Ref : Russia Today

Trs : Sai Sat

**သစ်ပင်စိုက်ပါ တို့ကမ္ဘာ သာယာလှပ စိမ်းမြမြ**

# ကျောက်မြောင်းမြို့နယ်ခွဲတွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပြောင်း ၂၁၀၆ ဧက စိုက်ပျိုးမည်


ယခင်နှစ်က ပြောင်းစိုက်ခင်းကို တွေ့ရစဉ်။

ကျောက်မြောင်း စက်တင်ဘာ ၂၆

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ကျောက်မြောင်းမြို့နယ်ခွဲတွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပြောင်းသီးနှံ ၂၁၀၆ ဧက စိုက်ပျိုးသွားမည် ဖြစ်ကြောင်း ကျောက်မြောင်းမြို့နယ်ခွဲ စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကျောက်မြောင်းမြို့နယ်ခွဲတွင် အစေ့ထုတ်ပြောင်း ၁၀ ဧကနှင့် ဖူးစားပြောင်း ၂၀၉၆ ဧက စုစုပေါင်း ၂၁၀၆ ဧက စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးမည်ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ ကျောက်မြောင်းမြို့နယ်ခွဲမှာ အစေ့ထုတ်ပြောင်းနဲ့ ဖူးစားပြောင်း ဧက ၂၁၀၀ ကျော် စိုက်ပျိုးဖို့ လျာထားပါတယ်။ လျာထားဧက ပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်သွားပါမယ်။ ပြောင်းသီးနှံတွေ အောင်မြင်ဖြစ်ထွန်းဖို့ အသိပညာပေးတာတွေ၊ ပိုးမွှားရောဂါ ကျရောက်မှုမရှိအောင် အသိပညာပေးလုပ်ငန်းတွေ ဆောင်ရွက်ပေးသွားပါမယ်"ဟု ကျောက်မြောင်းမြို့နယ်ခွဲ စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ပိုက ပြောပြသည်။

ယခုနှစ် ကျောက်မြောင်းမြို့နယ်ခွဲတွင် အစေ့ထုတ်ပြောင်းနှင့် ဖူးစားပြောင်းစိုက် တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက သင်တန်းပေးခြင်း၊ ကွင်းသရုပ်ပြပွဲများ ဆောင်ရွက်ခြင်း၊ ဖောင်မြောင်တောင်ပိုး ကြိုတင်ကာကွယ်ရေး စသည့်စိုက်ပျိုးရေးဆိုင်ရာလုပ်ငန်းများ အသိပညာပေးသွားမည် ဖြစ်ကြောင်း သိရသည်။

ပြောင်းကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သောကြောင့် ပြောင်းကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းသင့်ကြောင်း ဦးစီးမှူး ဒေါ်ပိုက ပြောပြ၍ သိရသည်။ (၂၀၆)

# စလင်းမြို့နယ် မင်းကန်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း စစ်ဆေး

စလင်း စက်တင်ဘာ ၂၆

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ မိသားစုဝင်ငွေတိုးပွားလာစေရန်၊ အလုပ်အကိုင် အခွင့်အလမ်းများ ပေါ်များလာစေရန်၊ မြို့ပြနှင့် ကျေးလက်ကွာဟမှုကို လျှော့ချနိုင်စေရန်ရည်ရွယ်၍ ရုံးပင်ကန်ကျေးရွာအုပ်စု မင်းကန်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေဖြင့် စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေကို စက်တင်ဘာ ၂၅ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမောင်မောင်သွင်နှင့် ဝန်ထမ်းများသည် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ မင်းကန်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ် လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများ၊ လအလိုက်ဖြည့်သွင်းရမည့် စာရင်းဇယားပုံစံများ ပြည့်စုံမှုရှိ/မရှိ ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါ မင်းကန်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်ကြသော စုစုပေါင်း အသင်းသား၊ အသင်းသူ ၈၃ ဦးကို ရန်ပုံငွေကျပ်သိန်း ၃၀ ထုတ်ချေးပေးထားပြီး စီမံကိန်းလုပ်ငန်းများ လည်ပတ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သန်းသန်းစိုး

# ရေကြည်မြို့နယ် ကျေးရွာနှစ်ရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

ရေကြည် စက်တင်ဘာ ၂၆

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်ခရိုင် ရေကြည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဆပ်ကွင်းကျေးရွာနှင့် ရွာသစ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို စက်တင်ဘာ ၂၅ ရက် နံနက်ပိုင်းက ဆပ်ကွင်းကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ကျုံပျော်ခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးတင်မောင်ဌေးက ကျေးရွာရပ်မိ၊ ရပ်ဖများ၊ တာဝန်ရှိသူများ၊ အသင်းသား၊ အသင်းသူများနှင့် တွေ့ဆုံပြီး မြစိမ်းရောင်ကျေးရွာ စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၏ ရည်ရွယ်ချက်များ၊ ရရှိလာမည့် အကျိုးကျေးဇူးများ၊ မြစိမ်းရောင်ကျေးရွာ စီမံကိန်း လက်စွဲစာစောင်ပါ စည်းမျဉ်းစည်းကမ်းများ၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဥပဒေ၊ နည်းဥပဒေပါ အကြောင်းအရာများ၊ ကျေးလက်နေ ပြည်သူများ၏ တာဝန်နှင့် ရပိုင်ခွင့်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ရေကြည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန စီမံကိန်းတာဝန်ခံဝန်ထမ်းက စီမံကိန်း စက်ဝန်းကာလနှင့် အတိုးနှုန်း သတ်မှတ်ချက်များ၊ စည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းပြောကြားပြီး မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များထံ စီမံကိန်းရန်ပုံငွေ ကျပ် ၅၁ ဒသမ ၉ သန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များက ဆပ်ကွင်းကျေးရွာနှင့် ရွာသစ်ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၇၆ ဦးကို ငွေကျပ် ၃၈ ဒသမ ၇၅ သန်း၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၈၄ ဦးကို ငွေကျပ် ၁၃ ဒသမ ၁၅ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ဦးရေ ၁၆၀ ကို မြစိမ်းရောင်ကျေးရွာ စီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် ၅၁ ဒသမ ၉ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

သံသာ

# ဖျာပုံမြို့နယ်တွင် နေလှန်းဆားပိဿာချိန်အများအပြား အရောင်းအဝယ်ကောင်းမွန်နေ

ဖျာပုံ စက်တင်ဘာ ၂၆

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ်တွင် ဒေသထွက် နေလှန်းဆားများ ဝယ်လိုအားကောင်းမွန်ပြီး အရောင်းအဝယ် ကောင်းမွန်နေကြောင်း ဖျာပုံမြို့နယ် ဆားထုတ်လုပ်ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ကေခိုင်က ပြောပြသည်။

ဖျာပုံမြို့နယ်တွင် ယခုနှစ် စက်တင်ဘာလ ဒုတိယပတ်မှ စတင်ပြီး ယနေ့ထိ နေလှန်းဆားများ အရောင်းအဝယ်ကောင်းမွန်နေကြောင်း၊ အဆိုပါ နေလှန်းဆား တစ်ပိဿာလျှင် ငွေကျပ် ၅၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

"နေလှန်းဆားတွေ အရောင်းအဝယ်ကောင်းနေပါတယ်။ ငါးပိ ငါးခြောက်လုပ်တဲ့ အချိန်ဆိုတော့ ဆားအရောင်းအဝယ် ကောင်းလာတာပါ။ ဆားတွေကတော့ ဒေသထွက် နေလှန်းဆားတွေပါပဲ။ လတ်တလောအနေနဲ့ တစ်ရက်တာ နေလှန်းဆားပိဿာချိန် ၃၅၀၀ ကနေ ၅၅၀၀ ထိ အရောင်းအဝယ်ဖြစ်နေပါတယ်။ အခုလို ဆားအရောင်းအဝယ် ကောင်းလာတော့ ဆားထုတ်လုပ်တဲ့ လုပ်ငန်းနဲ့ ဆက်စပ်တဲ့သူတွေ အလုပ်အကိုင် အခွင့်အလမ်းရရှိပြီး အဆင်ပြေလာပါတယ်"ဟု ဖျာပုံမြို့နယ် ဆားထုတ်လုပ်ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ကေခိုင်က ပြောပြသည်။



ဖျာပုံမြို့နယ်တွင် ဒေသထွက် နေလှန်းဆားများကို ဆားလုပ်ငန်းရှင်များက စနစ်တကျထုတ်လုပ်ပြီး ရန်ကုန်ဈေးကွက်သို့ အဓိကထား တင်ပို့ရောင်းချလျက်ရှိပြီး နေလှန်းဆားများကို ငါးပိ၊ ငါးခြောက်၊ ငံပြာရည် စသည့်လုပ်ငန်းများတွင် အဓိကအသုံးပြုကြကြောင်း၊ အဆိုပါနေလှန်းဆားများ အရောင်းအဝယ်ကောင်းလာသည့်အတွက် ပွဲရုံပိုင်ရှင်များ၊ ကုန်တင်ကုန်ချ လုပ်သားများ အလုပ်အကိုင် အဆင်ပြေလျက်ရှိကြောင်း သိရသည်။

ကျော်ကျော်လင်း

# ကော့မှူးမြို့နယ် မျက်ဆံနီကျေးရွာ၌ VDP စီမံကိန်းမိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်း ပြုလုပ်

ကော့မှူး စက်တင်ဘာ ၂၆

ရန်ကုန်တိုင်းဒေသကြီး တွံတေးခရိုင် ကော့မှူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း (VDP) အကောင်အထည်ဖော် ဆောင်ရွက်မည့် မျက်ဆံနီကျေးရွာ၌ စီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို ယနေ့ နံနက်ပိုင်းက အဆိုပါကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ကော့မှူးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးတင်ကိုလတ်က ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း (VDP) ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများနှင့် လုပ်ငန်းစဉ်များ၊ စီမံကိန်း လက်စွဲစာစောင်ပါ ကော်မတီ ရွေးချယ်ရာတွင် လိုက်နာရန် စည်းကမ်း သတ်မှတ်ချက်များ၊ ကော်မတီဝင်များ၏ တာဝန်များနှင့် အကျုံးဝင်သော စီမံကိန်းလုပ်ငန်းများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် အခမ်းအနားသို့ တက်ရောက်လာကြသော ကျေးရွာတာဝန်ရှိသူများက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများနှင့်ပတ်သက်၍ သိရှိလိုသည်များ မေးမြန်းရာ မြို့နယ်ဦးစီးမှူး ဦးတင်ကိုလတ်က ပြန်လည်ရှင်းလင်းဖြေကြားပြီး ကျေးရွာသူ၊ ကျေးရွာသားများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင် ခုနစ်ဦးကို အများသဘောဆန္ဒနှင့်အညီ ရွေးချယ်ဖွဲ့စည်းပေးခဲ့ကြောင်း သိရသည်။

အိပိုးပိုး

ကိုဗစ်-၁၉ ရောဂါကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်နိုင်ရန်



ကိုဗစ်-၁၉ ရောဂါပိုးရှိသူထံမှ အခြားသူတစ်ဦးထံ အလွယ်တကူ ပိုးမကူးစက်နိုင်စေရန် အိမ်အပြင်ထွက်လျှင် နှာခေါင်းစည်း(Mask) တပ်ပါ။

# ခရီးသွားကဏ္ဍ ဆန်းသစ်ဖို့ ဒစ်ဂျစ်တယ်နှင့် ဉာဏ်ရည်တုနည်းပညာ သုံးကြစို့

စိုးကျော်ခ

ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့သည် ခရီးသွားလုပ်ငန်း၏ ကြီးမားသော စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုဆိုင်ရာသက်ရောက်မှုများကို မီးမောင်းထိုးပြရန်အတွက် အလွန်အရေးပါသော နေ့တစ်နေ့ဖြစ်သည်။ ခရီးသွားလုပ်ငန်း၏အရေးပါမှုနှင့် ခရီးသွားလုပ်ငန်းနှင့်ဆက်စပ်ပြီးရရှိနိုင်သည့် လူမှုရေး၊ ယဉ်ကျေးမှု၊ နိုင်ငံရေးနှင့်စီးပွားရေးဆိုင်ရာ အကျိုးကျေးဇူးများကို ပိုမိုသိရှိနားလည်နိုင်စေရန်ရည်ရွယ်ပြီး ကုလသမဂ္ဂခရီးသွားလုပ်ငန်းအဖွဲ့ ဖွဲ့စည်းတည်ထောင်မှုဆိုင်ရာပဋိညာဉ်ကို အတည်ပြုခဲ့သည့် ၁၉၇၀ ပြည့်နှစ် စက်တင်ဘာ ၂၇ ရက်ကို ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့အဖြစ် သတ်မှတ်ခဲ့ခြင်းဖြစ်သည်။

ခရီးသွားလုပ်ငန်းသည် နိုင်ငံများ၏ စီးပွားရေးစဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်စေခြင်း၊ လူမျိုးအချင်းချင်းယဉ်ကျေးမှုဆိုင်ရာနားလည်မှုကို တိုးပွားစေခြင်း၊ အလုပ်အကိုင်များဖန်တီးပေးခြင်း၊ ရပ်ရွာဒေသများရှိ ယဉ်ကျေးမှုအမွေအနှစ်များကို အသုံးချကာ အဆိုပါဒေသရှိပြည်သူများအတွက် အကျိုးဖြစ်ထွန်းစေခြင်း စသည့်မီးခိုးမထွက်သည့် ကမ္ဘာလုံးဆိုင်ရာကွန်ရက် စီးပွားရေးလုပ်ငန်းကြီးတစ်ခုဖြစ်သည်။ ခရီးသွားလုပ်ငန်းသည်နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို တိုက်ရိုက်အထောက်အကူပြုခြင်း၊ နိုင်ငံခြားဝင်ငွေရှာဖွေပေးနိုင်ခြင်း၊ အလုပ်အကိုင်အခွင့်အလမ်းများဖန်တီးပေးနိုင်ခြင်း၊ လူထုလူတန်းစားအသီးသီးထံသို့ ဝင်ငွေများတိုက်ရိုက်နှင့် သွယ်ဝိုက်သောနည်းလမ်းများဖြင့် စီးဝင်စေခြင်း စသည့်အကျိုးကျေးဇူးများစွာရရှိစေနိုင်သည့် မီးခိုးမထွက်သည့်စက်ရုံဖြစ်သည်ဟုလည်း ဆိုသည်။ ကုလသမဂ္ဂခရီးသွားလုပ်ငန်းအဖွဲ့၏ ထုတ်ပြန်ချက်စာရင်းဇယားများအရ ၂၀၂၅ ခုနှစ်တွင် ကမ္ဘာတစ်ဝန်း ခရီးသွားအရေအတွက်သည် ၁ ဒသမ ၅ ဘီလီယံထိရောက်ရှိလာခဲ့ပြီဖြစ်ရာ သယ်ယူပို့ဆောင်ရေး၊ အစားအစာနှင့်ထုတ်လုပ်မှုကဏ္ဍ၊ တည်းခိုနေထိုင်ရေးနှင့်ဖျော်ဖြေရေးအပါအဝင် အခြားသောဆက်စပ်ကဏ္ဍများသည်လည်း တစ်ပြိုင်တည်းဖွံ့ဖြိုးတိုးတက်လာသည်ကိုတွေ့ရသည်။

ယနေ့ခေတ်တွင် နိုင်ငံအသီးသီးမှ ပြည်သူများသည် ၎င်းတို့ဒေသ၏ ရိုးရာယဉ်ကျေးမှုဓလေ့များ၊ ယဉ်ကျေးမှုနယ်မြေများ၊ သဘာဝပတ်ဝန်းကျင်ဂေဟစနစ်များကို ကာကွယ်စောင့်ရှောက်ရန်နှင့် ၎င်းတို့၏ထူးခြားသောယဉ်ကျေးမှုဓလေ့များကိုပြသခြင်းဖြင့် ခရီးသွားကဏ္ဍတွင် အခွင့်အလမ်းသစ်များကိုရှာဖွေရန် သိရှိနားလည်လာကြသည်။ လက်ရှိတွင် ဒစ်ဂျစ်တယ်ကိရိယာများ၊ AI နည်းပညာများနှင့် ခရီးသွားလုပ်ငန်းလည်ပတ်မှုကို စောင့်ကြည့်ရန်၊ ခရီးသွားဧည့်သည်များဝင်ရောက်မှုကို ထိရောက်စွာစီမံခန့်ခွဲနိုင်ရန်နှင့် လူသားအရင်းအမြစ်အသုံးပြုခြင်းကို လျှော့ချနိုင်ရန်အတွက် အသုံးပြုလျက်ရှိသည်။ ခရီးသွားမည့်နေရာကို Search Engine ဖြင့် ရှာဖွေခြင်း၊ ဆိုရှယ်မီဒီယာမှ အခြားခရီးသွားများ၏ အတွေ့အကြုံများကိုကြည့်ရှုခြင်း၊ အွန်လိုင်းမှ လေယာဉ်ခရီးစဉ်လက်မှတ်နှင့် ဟိုတယ်ကြိုတင်မှာယူခြင်း၊ Digital Payment ဖြင့် ငွေပေးချေခြင်း၊ Mobile Map ဖြင့် လမ်းညွှန်ရှာဖွေခြင်း စသည့်ကိစ္စများတွင် နည်းပညာကို အသုံးပြုလာကြသည်။ ယခုနှစ်တွင် AI နည်းပညာကို ခရီးသွားများ၏ အကြံပြုသုံးသပ်ချက်များကိုရယူနိုင်ရန်၊ ခရီးစဉ်များကို အဆင်ပြေချောမွေ့စေရန်စီစဉ်ပေးခြင်း၊ ခရီးသွားလုပ်ငန်းနယ်ပယ်ရှိ ဝန်ထမ်းများ၏ ဒစ်ဂျစ်တယ်နည်းပညာတတ်မြောက်မှုကို မြှင့်တင်ပေးနိုင်ခြင်း၊ အသုံးပြုသူဒေတာကိုအခြေခံကာ ခရီးစဉ်များကို အံဝင်ခွင်ကျဖြစ်စေရန် အချိန်နှင့်တစ်ပြေးညီစီမံခန့်ခွဲပေးခြင်း၊ Smart Chatbot များမှတစ်ဆင့် ဘာသာပြန်ဆိုပေးခြင်းနှင့် ဘာသာစကားမျိုးစုံဖြင့် ခရီးသွားတစ်ဦးချင်းစီ၏ အခက်အခဲများကို ကူညီဖြေရှင်းပေးခြင်းနှင့် အကြံဉာဏ်ပေးခြင်း၊ အပလီကေးရှင်းမှတစ်ဆင့် သဘာဝပတ်ဝန်းကျင်ကိုထိခိုက်မှုမရှိသော လမ်းကြောင်းများ၊ နေရာဒေသများကို အကြံပြုခြင်းနှင့် သဘာဝပတ်ဝန်းကျင် ထိခိုက်စေသည့်အပြုအမူများကို ရှောင်ရှားနိုင်ရန်သတိပေးခြင်း စသည့်ခရီးသွားဝန်ဆောင်မှုလုပ်ငန်းများ မြှင့်တင်ခြင်းတို့တွင် အသုံးပြုဖွယ်ရှိသည်။




မြန်မာနိုင်ငံသည် သဘာဝအလှများ၊ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များနှင့် တိုင်းရင်းသားမျိုးနွယ်စုများ၏ စိတ်ဝင်စားဖွယ်ဓလေ့ထုံးတမ်းများ ကြွယ်ဝစွာပိုင်ဆိုင်ထားသော နိုင်ငံတစ်နိုင်ငံဖြစ်သည်။ ပုဂံရှေးဟောင်းဘုရားပုထိုးများ၊ အင်းလေးဒေသ သဘာဝအလှများ၊ ငပလီနှင့် ငွေဆောင်ကမ်းခြေများ၊ မြန်မာနိုင်ငံ မြောက်ပိုင်းရှိ ဆီးနှင်းဖုံးတောင်တန်းများ စသည့်ခရီးသွားများကို ဆွဲဆောင်မှုရှိသည့် နေရာဒေသများသည် ခရီးသွားလုပ်ငန်းကို အရှိန်အဟုန်ဖြင့်တိုးတက်စေနိုင်သည့် ခိုင်မာသောအခြေခံကောင်းများဖြစ်သည်။ ခရီးသွားလုပ်ငန်းများကို အမျိုးအစားအားဖြင့် ခွဲခြားကြည့်ပါက အပန်းဖြေခရီးစဉ်၊ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များလေ့လာခြင်းခရီးစဉ်၊ သဘာဝအခြေခံခရီးစဉ်၊ အဏ္ဏဝါခရီးစဉ်၊ ခြေလျင်တောင်တက်နှင့် စွန့်စားမှုခရီးစဉ်၊ တောလမ်းကားမောင်းပြိုင်ပွဲနှင့် ကားအပျော်စီးခရီးစဉ်၊ စက်ဘီးစီးခရီးစဉ်၊ မိုးပျံပူဖောင်းခရီးစဉ်၊ ဘာသာရေးဆိုင်ရာခရီးစဉ်၊ အပျော်စီးသင်္ဘောခရီးစဉ်၊ စင်းလုံးငှားလေယာဉ်ခရီးစဉ်၊ အားကစားအခြေပြုခရီးသွားလုပ်ငန်းများ၊ ကျန်းမာရေးအခြေပြုခရီးသွားလုပ်ငန်းများနှင့် အခြားခရီးသွားအခြေပြုလုပ်ငန်းများဟူ၍ရှိရာ မိမိတို့နိုင်ငံသည် ဖော်ပြပါခရီးသွားလုပ်ငန်းအားလုံး ကောင်းမွန်စွာလုပ်ကိုင်ဆောင်ရွက်နိုင်သည့် အရင်းအမြစ်များပြည့်စုံသော နိုင်ငံဖြစ်သည်။

ခရီးသွားလုပ်ငန်းများသည် နိုင်ငံ့စီးပွားရေးအတွက် နိုင်ငံခြားဝင်ငွေရှာဖွေပေးနိုင်ရုံမျှမက ဒေသခံပြည်သူများအတွက် အလုပ်အကိုင်အခွင့်အလမ်းများစွာကိုလည်းဖန်တီးပေးနိုင်သည့် အဓိကမောင်းနှင်အားတစ်ခုဖြစ်သည်။ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် သယ်ယူပို့ဆောင်ရေးကဏ္ဍဖြစ်သည့် လေကြောင်း၊ ရေကြောင်းနှင့် ကုန်းလမ်းသယ်ယူပို့ဆောင်ရေးစနစ်များကို ပိုမိုဘေးကင်းလုံခြုံပြီး အဆင်ပြေချောမွေ့အောင် အဆင့်မြှင့်တင်ခြင်း၊ နိုင်ငံတကာအဆင့်မီဟိုတယ်များအဖြစ်လည်းကောင်း၊ သန့်ရှင်းသပ်ရပ်သောတည်းခိုခန်းများအဖြစ်လည်းကောင်း အဆင့်မြှင့်တင်ဆောင်ရွက်ပေးခြင်း၊ ဒစ်ဂျစ်တယ်နည်းပညာနှင့်ဈေးကွက်မြှင့်တင်ခြင်း၊ ဆိုရှယ်မီဒီယာများ၊ ခရီးသွားဝက်ဘ်ဆိုက်များမှတစ်ဆင့် မြန်မာနိုင်ငံ၏ လှပ၍ဆွဲဆောင်မှုရှိသောခရီးစဉ်များကို ကမ္ဘာတစ်ဝန်းသိရှိစေရန် ထိရောက်စွာမိတ်ဆက်ပေးခြင်း၊ E-Visa စနစ်များကို ပိုမိုလွယ်ကူလျင်မြန်အောင်ဆောင်ရွက်ပေးခြင်းဖြင့် ကမ္ဘာလှည့်ခရီးသွားများကိုဆွဲဆောင်စေခြင်း၊ ဒေသအခြေပြုခရီးသွားလုပ်ငန်းကိုတိုးချဲ့ခြင်းဖြင့် ဒေသခံများ၏ လူနေမှုဘဝနှင့် ဝင်ငွေဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ခြင်း၊ သဘာဝပတ်ဝန်းကျင်နှင့်ရှေးဟောင်းအမွေအနှစ်များကိုမပျက်စီးစေဘဲ ရေရှည်တည်တံ့စေမည့် ခရီးသွားမူဝါဒများကျင့်သုံးခြင်း၊ ဧည့်လမ်းညွှန်နှင့်ဝန်ထမ်းများကို ဘာသာစကားကျွမ်းကျင်မှု၊ ဧည့်ဝတ်ကျေပွန်မှုနှင့် ဘေးအန္တရာယ်ကင်းရှင်းရေးအသိပညာပေးလေ့ကျင့်ပေးရေး၊ ခရီးစဉ်ဒေသများအလိုက် ခရီးသွားထုတ်ကုန်များဖွံ့ဖြိုးတိုးတက်ရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ ဖော်ထုတ်ပြသနိုင်သည့်နေရာများ၊ ထင်ရှားသည့် ဆယ့်နှစ်လရာသီပွဲတော်များ၊ တိုင်းရင်းသားများ၏ နှစ်သစ်ကူးပွဲတော်များနှင့် ရိုးရာယဉ်ကျေးမှုဓလေ့ပွဲများ၊ ခရီးသွားများစိတ်ဝင်စားမှုရှိသည့်ခရီးစဉ်များကို စနစ်တကျဖော်ထုတ်ခြင်းစသည်တို့ကို အရှိန်အဟုန်မြှင့် ဆောင်ရွက်သွားရမည်ဖြစ်သည်။

"အိမ်သာလျှင် ဧည့်လာသည်"ဟူသော စကားနှင့်အညီ မိမိတို့ဒေသ သန့်ရှင်းသာယာလှပပြီး အရသာရှိသည့် ဒေသအစားအစာများနှင့် ရင်းနှီးဖော်ရွေသောဒေသခံများကသာ ခရီးသွားဧည့်သည်တို့ကို ဆွဲဆောင်နိုင်မည်ဖြစ်သည်။ ထို့ကြောင့် မိမိတို့၏ ရပ်ရွာဒေသများကို သန့်ရှင်း၍သာယာလှပအောင် ဒေသခံများက ဖန်တီးကြရမည်ဖြစ်သည်။ မိမိတို့ဒေသအတွင်းရှိ သမိုင်းဝင်အမွေအနှစ်များ၊ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များကို ဝိုင်းဝန်းဖော်ထုတ်ကြရန်နှင့် မပျောက်ပျက်မပျက်စီးစေရန် ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ကြရန်လိုအပ်သည့်အပြင် ဒေသအေးချမ်းသာယာရေး၊ တရားဥပဒေစိုးမိုးရေးတို့အတွက် ဝိုင်းဝန်းဆောင်ရွက်ကြရန်လည်း လိုအပ်ပေသည်။

ခရီးသွားလုပ်ငန်းသည် ကမ္ဘာ့အကြီးဆုံးစီးပွားရေးလုပ်ငန်းတွင်ပါဝင်သည့်အလျောက် နိုင်ငံအသီးသီးရှိ အစိုးရများ၊ ခရီးသွားလုပ်ငန်းဖြင့် စီးပွားရှာဖွေသောလုပ်ငန်းရှင်များက ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။ မိမိတို့နိုင်ငံအနေဖြင့် မကြာမီ ပွင့်လင်းရာသီရောက်ရှိလာတော့မည်ဖြစ်၍ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒေသအလိုက် ခရီးသွားအရင်းအမြစ်များကို ဝိုင်းဝန်းမြှင့်တင်ဆောင်ရွက်ကြရမည်ဖြစ်သည်။ သို့ဖြစ်ရာ ခရီးသွားလုပ်ငန်းအမျိုးမျိုးတို့အတွက် အရင်းအမြစ်များကြွယ်ဝစွာပိုင်ဆိုင်ထားကြသည့် မိမိတို့နိုင်ငံအနေဖြင့် နည်းပညာနှင့် ဝန်ဆောင်မှုအရည်အသွေးများကို ယခုထက်ပို၍မြှင့်တင်သွားမည်ဆိုလျှင် အရှေ့တောင်အာရှတွင် မြန်မာနိုင်ငံသည် ခရီးသွားကဏ္ဍ၌ အဆွဲဆောင်နိုင်ဆုံးနိုင်ငံအဖြစ် အောင်မြင်စွာရပ်တည်နိုင်မည်ဖြစ်ကြောင်း ရေးသားလိုက်ရပါသည်။

**ကိုးကား**

- ၂၄-၇-၂၀၂၆၊ ၁၇-၉-၂၀၂၆ ထုတ် **သတင်းစာများ။**



## ပြည်ပတွင် သွားရောက်အလုပ်လုပ်ကိုင်မည့်သူများအနေဖြင့် မလိုလားအပ်သော ဆုံးရှုံးမှုများမဖြစ်ပေါ်စေရေး သတ်မှတ်ချက်များနှင့်အညီဆောင်ရွက်ရန် တိုက်တွန်းနှိုးဆော်ခြင်း

၁။ ပြည်ပတွင် သွားရောက်လုပ်ကိုင်မည့်သူများအနေဖြင့် ဥပဒေနှင့်အညီမှတ်ပုံတင်ခြင်း၊ ပြည်ပအလုပ်အကိုင်အတွက် နိုင်ငံကူးလက်မှတ် (Passport for Job-PJ) လျှောက်ထားရယူခြင်း၊ ပြည်ပအလုပ်အကိုင်အလုပ်သမားသက်သေခံကတ်(OWIC) လျှောက်ထားရယူခြင်းတို့မရှိဘဲ ပြည်ပအလည်အပတ်နိုင်ငံကူးလက်မှတ်(Passport for Visit-PV)ကိုသာ လျှောက်ထားရယူထားပြီး ပြည်ပအလုပ်အကိုင်ဗီဇာများရယူကာ လေကြောင်းခရီးဖြင့် ပြည်ပထွက်ခွာရန်ဆောင်ရွက်လျက်ရှိကြသဖြင့် သက်ဆိုင်ရာက လေဆိပ်တွင်စိစစ်သည့်အခါ သတ်မှတ်ချက်များနှင့်မကိုက်ညီသည့်အတွက် ပြည်ပသို့ထွက်ခွာခွင့်မရခြင်းများကြောင့် လေယာဉ်လက်မှတ်ခအပါအဝင် အခြားသောကုန်ကျစရိတ်များ ဆုံးရှုံးရသည့်ဖြစ်စဉ်များ ဖြစ်ပေါ်လျက်ရှိပါသည်။

၂။ သို့ပါ၍ ပြည်ပတွင် သွားရောက်အလုပ်လုပ်ကိုင်လိုသူများအနေဖြင့် မလိုလားအပ်သည့် ဆုံးရှုံးနစ်နာမှုများမဖြစ်ပေါ်စေရေးအတွက် ဥပဒေနှင့်အညီမှတ်ပုံတင်ခြင်း၊ ပြည်ပအလုပ်အကိုင်အတွက် နိုင်ငံကူးလက်မှတ်(Passport for Job-PJ)လျှောက်ထားရယူခြင်း၊ ပြည်ပအလုပ်အကိုင်အလုပ်သမားသက်သေခံကတ်(OWIC)လျှောက်ထားရယူခြင်းတို့အား ဆောင်ရွက်ကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

**အလုပ်သမားဝန်ကြီးဌာန**

# ချစ်စရာ့အရွယ် စာဖတ်မယ်

## အစားမက်တဲ့ ဝက်ကလေး

သားသား မီးမီးတို့ရေ ဒီတစ်ပတ် ဦးဦးပြောပြမဲ့ ပုံပြင်လေးကတော့ **"အစားမက်တဲ့ ဝက်ကလေး"** ဆိုတဲ့ ပုံပြင်လေးပဲဖြစ်ပါတယ်ကွယ်။

တစ်ခါတုန်းကတောရွာ တစ်ရွာမှာလယ်ယာ စိုက်ပျိုးတဲ့ တောင်သူတစ်ယောက်ရဲ့အိမ်မှာ ရွှေနီနဲ့ ရွှေဝါဆိုတဲ့ နွားညီနောင်နှစ်ကောင်ရှိတယ်ကွဲ့။ သူတို့ ညီအစ်ကိုတစ်ရှဉ်းဟာ အားကောင်းမောင်းသန် ဖြစ်ကြပြီး ထမ်းပိုးကြီးလေးပေါက်ကိုလဲ မခို မကပ်ဘဲတာဝန်ကျေအောင် ထမ်းဆောင်ကြတယ်ကွဲ့။ ရွှေနီနဲ့ရွှေဝါ နွားညီအစ်ကိုတစ်ရှဉ်းဟာ သခင်ရဲ့ လုပ်ငန်းဟူသမျှတို့ကို နွေ၊ မိုး၊ ဆောင်းရာသီအလိုက် ခိုင်းသမျှတာဝန်မလစ်ဟင်းကြဘဲ လုပ်ပေးကြတာမို့ သူတို့ကိုတန်ဖိုးထားကာ အားကိုးအားထားပြုတာ ကို ခံကြရတယ်ကွဲ့။

တစ်နေ့မှာသူတို့သခင်ရဲ့အိမ်မှာချောမောလှပတဲ့ ဝက်ပေါက်လေးတစ်ကောင်ရောက်လာပါသတဲ့။အဲဒီ ဝက်ပေါက်လေးဟာ အစားကောင်းစားရတယ်၊ အနေ ကောင်းနေရတယ်ဆိုပြီးဘဝင်မြင့်ကာ နွားလေးရွှေဝါ ကိုပြိုင်ဆိုင်ပြီး ဝင့်ကြွားစွာပြောဆိုသတဲ့ကွယ်။

"ကိုရွှေဝါရာ ခင်ဗျားတို့ရဲ့ဘဝကြီးကလဲ စိတ်ပျက် စရာပဲဗျာ"လို့ပြောတော့ နွားလေးရွှေဝါက ဝက် ကလေးမဲပေကိုပြန်မေးလိုက်သတဲ့။

"ဟ ငါတို့ဘဝက ဘာလို့ စိတ်ပျက်စရာကောင်းတာ လဲမောင်မဲပေရပြောစမ်းပါအုံး"

ဝက်ကလေးမောင်မဲပေဟာ မျက်နှာကိုရှုံ့မဲ့ပြီးပြန် ပြောပါတယ်။ "စိတ်ပျက်စရာပေါ့ဗျာ၊ခင်ဗျားတို့ဟာ မိုးရွာရွာ၊ နေပူပူ၊ နှင်းကျကျ၊ နေ့နေ့ညည အချိန်မရွေး လူတွေခိုင်းတာကိုခံရတယ်။ လယ်ထွန်ရတယ်။ ထယ်ထိုးရတယ်။ စပါး၊ ပဲနဲ့အခြားပစ္စည်းတွေကို လှည်းပေါ်တင်ပြီး မနိုင်ဝန်ကိုလဲထမ်းရတယ်။ ပြီးတော့ ချာလပတ်လည်အောင်လှည့်ပတ်သွားရတဲ့ ဆီဆုံကြိတ်ရာမှာလဲ ခင်ဗျားတို့ပဲအခိုင်းခံရတာ လေဗျာ" လို့ပြောတော့ ရွှေဝါဟာ "မင်းပြောတာမှန် ပါတယ်ကွာ"လို့သာမျက်နှာငယ်လေးနဲ့ပြန်ပြောရှာ သတဲ့ကွယ်။

အဲဒီလိုပြောနေစဉ်မှာပဲ အိမ်ရှင်က လယ်တောကို သွားဖို့ ရွှေနီနဲ့ရွှေဝါကို စာကျင်းမှာချည်ထားတဲ့ကြိုး ကိုဖြုတ်ပြီးလှည်းကို တပ်လိုက်တာကြောင့်၊ သူတို့ နှစ်ဦးစကားပြတ်သွားပါတော့တယ်။

နောက်ရက်ရွှေဝါနဲ့ မဲပေလေးတို့ ဆုံကြတော့ အရင်ရက်ကစကားကို ဝက်ကလေးမဲပေက ဆက်ပြောပြန်တယ်ကွဲ့။

"ကိုရွှေဝါရာ ခင်ဗျားတို့ဘဝက ဟန်မကျပါဘူးဗျာ" ရွှေဝါက မဲပေရဲ့စကားကိုနားထောင်ပြီး အံ့သြစွာနဲ့ ပြန်မေးပါတယ်။

"ငါတို့ဘဝကို ဘာကြောင့်ဟန်မကျဘူးလို့ ပြောရ တာလဲကွာ" လို့ပြောတဲ့အခါ မဲပေလေးက ပြန်ပြော လိုက်ပါတယ်။

"ခင်ဗျားတို့မှာ အခိုင်းခံရလဲ မနားရဘူး။စားရ တော့ ကောက်ရိုးနဲ့ မြက်ခြောက်ပဲစားရတာလေ။



သူတို့ကျွေးတာနဲ့ သူတို့ခိုင်းတာက မတန်ပါဘူးဗျာ"

သူတို့ကိုဒီလိုပြောတော့ ရွှေဝါက " ဒါကတော့ ငါတို့ ဘာတတ်နိုင်မှာလဲ။ သူတို့ကျွေးတာစားရင် သူတို့ ခိုင်းတာကိုလဲ လုပ်ပေးရမှာပေါ့ကွာ"

ဝက်ကလေးမဲပေဟာသူရဲ့ဘဝကို ကျေနပ်ဝမ်းသာ ကြည်နူးစွာနဲ့ ပြန်ပြောလိုက်ပါတယ်။

"ခု ကျုပ်ဆိုရင် ခင်ဗျားမြင်တဲ့အတိုင်းပဲလေ၊ ပင်ပန်းဆင်းရဲတာဆို ဘာမှမလုပ်ရဘူး။ အစား အသောက်ဆိုရင်လဲ ကျုပ်ရဲ့သခင်က ကောင်းတာတွေ ကို ဝဝလင်လင်ကျွေးတာဗျ။ နေရတာကလဲသန့်ရှင်း နေတာပဲ။ နွေအခါနေပူရင်လဲ ရေထဲဆင်းပြီးလူးလိမ့် နေရတာ ဇိမ်ရှိလိုက်တာဗျာ"

နွားလေးရွှေဝါဟာ ဝက်ကလေးမဲပေပြောတာကို နားထောင်ပြီး နွားဘဝကိုစိတ်ပျက်ရှုံမုန်းလာကာ အစားကောင်းစားရပြီး ဇိမ်ကျလှတဲ့ဝက်ဘဝကို လိုချင်မက်မောလာကာ၊ အစ်ကိုကြီးရွှေနီကို သူတို့ ဘဝရဲ့ အနေဆင်းရဲ အစားဆင်းရဲပုံနဲ့ ဝက်လေး ရဲ့ဘဝနှိုင်းယှဉ်ပြောပြသတဲ့ကွယ်။

"အစ်ကိုရာ ကျုပ်တို့နွားဘဝဖြစ်ရတာကအဖြစ် ရှုံးလှတယ်ဗျာ" လို့ပြောတော့အစ်ကိုဖြစ်သူရွှေနီက ညီဖြစ်သူကိုကြည့်ရင်းပြန်မေးလိုက်ပါတယ်။

"ဟ ငါတို့က ဘာဖြစ်လို့ နွားဖြစ်တာရှုံးတာလဲ ပြောပြပါအုံးလေကွာ" လို့ရွှေနီကမေးတော့ ရွှေဝါက "ကျုပ်တို့သခင်က မတရားဘူးအစ်ကို ကျုပ်တို့ကို နေ့ညမရွေး နေပူမိုးရွာမရှောင် ခိုင်းကြတယ်။ ကျွေးတော့ ကောက်ရိုးမြက်ခြောက်ကိုကျွေးတယ်။ ပြောင်းဖူးပင်နဲ့မြေပဲရိုးကျတော့တစ်ခါတစ်ရံပဲကျွေး တယ်လို့ပြောသတဲ့။ ဒါ့သက်သက်ကျုပ်တို့ကိုမတရား အနိုင်ကျင့်တာပဲဗျ"လို့ပြောသတဲ့။

ရွှေနီကညီငယ်ရွှေဝါလေးကိုကြည့်ပြီးကရုဏာ သက်စွာနဲ့ ပြန်ပြောလိုက်ပါတယ်။

"ငါ့ညီရာ တစ်ယောက်ကျေးဇူးတစ်ဦးမေတ္တာတဲ့ ကွ။ ငါတို့ဘာမှအလုပ်မလုပ်နိုင်ခင်ထဲက တို့သခင်က ကျွေးမွေးခဲ့တာလေ။ ငါတို့အလုပ်လုပ်နိုင်တော့ ဒီကျွေး ကျေးဇူးကို ခွန်အားနဲ့ပြန်ပေးဆပ်ပြီး လူတွေကို အကျိုးပြုနိုင်တာကိုက ဝမ်းသာဂုဏ်ယူစရာပါကွာ"

ရွှေဝါလေးက ရွှေနီရဲ့စကားကိုနားထောင်ပြီး မကျေမနပ်နဲ့ပြန်ပြောတယ်ကွဲ့။

"ကျုပ်ကတော့လုပ်ရတာကပင်ပန်း၊ စားရတာ ကဆင်းရဲလွန်းလို့ဝမ်းလဲမသာဘူး။ ဂုဏ်လဲမယူဘူး ဗျ။ တစ်အိမ်ထဲမှာအတူနေတဲ့၊ ဝက်ကလေးမဲပေ ကျတော့ ဘာအလုပ်မှမခိုင်းတဲ့အပြင် နေရာကောင်း ပေး၊အစာကောင်းကျွေးထားတယ်။ သူ့မှာအိပ်လိုက် စားလိုက်နဲ့ဘယ်လောက်တောင်ဇိမ်ကျသလဲဗျာ"

ရွှေနီဟာ ညီဖြစ်သူကိုသေချာကြည့်ပြီး သက်ပြင်း ချကာ ညီသဘောပေါက်အောင်ပြောပြပါတယ်။

"ငါ့ညီရာ ငါတို့တိရစ္ဆာန်ဖြစ်ပေမဲ့ လူသား ကောင်းကျိုးမှန်သမျှကို လူတွေနဲ့အတူ ကူညီဆောင် ရွက်ကြတယ်။ ဒါကြောင့်လဲ လူတွေကငါတို့ကို သူတို့ရဲ့အသက်သခင်ကျေးဇူးရှင်လို့သတ်မှတ်ကြပြီး ငါတို့ရဲ့အသားကိုတောင် အမိနဲ့တူတဲ့ အသားလို့ ခေါ်ကြတယ်။ သူတော်ကောင်းသံဃာတော်ကြီးတွေ ကလဲ ငါတို့ရဲ့အသားကိုသတ်ပြီးမစားကြဖို့ မေတ္တာ ရပ်ခံထားတယ်ကွ။ ငါတို့တွေအသက်ကြီးလာရင် ငါတို့ကိုဘာမှမခိုင်းတော့ဘဲ သနားသက်ညှာကြပြီး လွတ်လပ်ခွင့် "ဘေးမဲ့" ပေးထားတယ်ကွ။ အေး မင်းကအားကျပြီး အစားကောင်းအနေကောင်းနဲ့ ဇိမ်ကျပါတယ်ဆိုတဲ့ ဝက်ကလေးမဲပေဟာ သူရဲ့ အသားပိဿာချိန် အချိန်ငါးဆယ်ဝန်းကျင်ထွက် လောက်ကိုရောက်ပြီဆိုရင် ဘာဆက်ဖြစ်လာမလဲ ဆိုတာ စောင့်ကြည့်လိုက်ပါကွာ"

ရွှေနီက စကားအရှည်ကြီးကို ညီသိအောင်ပြောပြီး ဆက်မပြောတော့ဘူးတဲ့ကွယ်။ ရွှေဝါကလဲ စဉ်းစား တွေးတောရင်းနဲ့သာ အစ်ကိုရွှေနီပြောသလိုဟုတ် မဟုတ်ဝက်မဲပေရဲ့အခြေအနေကို စောင့်ကြည့်နေ သတဲ့။ ရွှေနီပြောပြီးမကြာခင်မှာဘဲ ဟိုဘက်ရွာက မင်္ဂလာလက်ထပ်ပွဲမှာ ဝက်သားကျွေးဖို့အတွက် ဝက်ကလေးမဲပေကိုဝယ်ယူကာ ဖမ်းဆီးကြိုးတုပ်ပြီး လှည်းပေါ်တင်ခေါ်သွားတဲ့အခါ ဝက်ကလေးမဲပေဟာ ရုန်းကန်အော်ဟစ်ရင်း ဝက်သတ်သမားရဲ့လက်ထဲကို ပါသွားပါတော့တယ်။

သားသားမီးမီးတို့ရေ ပုံပြင်လေးကတော့ ဒါပါပဲ ကွယ်။ ဒီပုံပြင်ကလေးက ဝက်ကလေးဟာ လက်ရှိ အခြေအနေမှာ အစားကောင်းအသောက်ကောင်းစား သောက်နေရတာကို ဝမ်းသာကြည်နူးနေရပေမဲ့ နောင်တစ်ချိန်မှာ သူစားထားသမျှတွေဟာ အသား အတွက်ဆိုတာကိုသိထားကြရမယ်နော်။

**ကိုမောင်လှသိန်း(ညို့မြတို့ရွာ)**

## ဝါတွင်းကာလ

À မေမေ့ခေါင်းပေါ် ဗန်းလေးတင်
ပစ္စည်းအစုံလင်။

À ဥပုသ်ဝင်လို့ ဥပုသ်ထွက်
ဘုန်းကြီးကျောင်းကိုတက်။

À တရားရေစက် လက်မကွာ
ကြားနာပွားများကာ။

À ဝါတွင်းကာလ မြတ်သုံးလ
ကောင်းမှုကုသိုလ်ရ။ ။



**ကန်မြဲချစ်မင်းဝေ**

## ပီတိအပြုံး

À သစ်ပင်လေးများ စိမ်းစိုစို
အေးမြအရိပ်ပို။

À ဝင်ရောက်နားခို စိတ်မှာနွေး
ချမ်းမြေ့ရင်မှာအေး။

À တေးသံလေးများ တကြော်ကြော်
ငှက်ကလေးတို့ပျော်။

À သူတို့ပျော်လို့ ပီတိပြုံး
စိတ်ဝယ်ရွှင်မဆုံး။ ။



**မောင်ကြည်လင် (ရွှေကြိုးကြာ)**

## ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)
## ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး
## ကြော်ငြာစာအမှတ်(၁/၂၀၂၆)
## (၂၀၂၆ ခုနှစ် ဩဂုတ်လ ၂၅ ရက်)

၁။ ဤညွှန်ကြားရေးမှူးရုံးကွပ်ကဲမှုအောက် မြဝတီသတင်းစာတိုက်နှင့် ရတနာပုံသတင်းစာတိုက်တို့တွင် အောက်ပါရာထူးများ၌ စစ်သည်(အစားခန့်)ဝန်ထမ်းအဖြစ်ခန့်အပ်ရန်အလိုရှိပါသည်-

(က) စာတည်း(ဝိဇ္ဇာဘွဲ့(မြန်မာစာ)၊ ဝိဇ္ဇာဘွဲ့(သတင်းအတတ်ပညာ)ဦးစားပေးမည်)
(ခ) စာပြင်(ဝိဇ္ဇာဘွဲ့(မြန်မာစာ)၊ ဝိဇ္ဇာဘွဲ့(သတင်းအတတ်ပညာ)ဦးစားပေးမည်)
(ဂ) ကွန်ပျူတာ(ကွန်ပျူတာဘွဲ့ရဦးစားပေးမည်)

၂။ ရာထူးအားလုံးအတွက်လိုအပ်သောအရည်အချင်းများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) လျှောက်ထားသူသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားတိုင်းရင်းသားမိဘနှစ်ပါးမှမွေးဖွားသူဖြစ်ရမည်။
(ခ) ၂၀၂၆ ခုနှစ် စက်တင်ဘာလ(၃၀)ရက်နေ့တွင် အသက် ၃၀ နှစ်ထက်မကျော်လွန်စေရ။
(ဂ) တက္ကသိုလ်တစ်ခုခုမှဘွဲ့ရရှိပြီးသူဖြစ်ရမည်။
(ဃ) အနည်းဆုံး ၅ နှစ်အမှုထမ်းဆောင်နိုင်သူဖြစ်ရမည်။
(င) လျှောက်ထားသူသည် ပြစ်မှုနှင့်ပါတီနိုင်ငံရေးကင်းရှင်းသူဖြစ်ရမည်။

၃။ လျှောက်လွှာနှင့်ကိုယ်ရေးရာဇဝင်ပုံစံများကို အောက်ပါနေရာများတွင်ရယူနိုင်ပါသည်။

(က) မြဝတီသတင်းစာတိုက်(နေပြည်တော်)
(ခ) မြဝတီသတင်းစာတိုက်(ရန်ကုန်)
(ဂ) မြဝတီသတင်းစာတိုက်(မန္တလေး)

၄။ လျှောက်လွှာများကို ၂၇-၈-၂၀၂၆ ရက်မှ ၂၇-၉-၂၀၂၆ ရက်နေ့အတွင်း လာရောက်လျှောက်ထားနိုင်ပါသည်။

၅။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ်ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(မူရင်း)၊ ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၃)ပုံနှင့် တပ်မတော်ဆေးရုံ/ပြည်သူ့ဆေးရုံတို့မှ ပဏာမဆေးစစ်အောင်မြင်ကြောင်း ထောက်ခံချက် ပူးတွဲတင်ပြရမည်။

၆။ သတ်မှတ်ထားသည့်အချက်အလက်များ တိကျပြည့်စုံစွာရေးသားဖော်ပြခြင်းမရှိသောလျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြသောလျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသောလျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၇။ လူတွေ့စစ်ဆေးခြင်းအား မြဝတီသတင်းစာတိုက်(နေပြည်တော်)တွင် ၂၀၂၆ ခုနှစ် စက်တင်ဘာလ ၂၉ ရက်၊ ၃၀ ရက်တို့၌ပြုလုပ်သွားမည်ဖြစ်ပြီး အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

နေပြည်တော် ဖုန်း - ၀၉ -၄၃၀၂၉၈၂၀၊ ၀၉-၄၂၂၁၉၂၁၇၀၊ ၀၉- ၆၉၅၆၉၉၉၆၆
၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈
ရန်ကုန် ဖုန်း - ၀၉-၄၀၃၇၀၃၅၉၉
မန္တလေး ဖုန်း - ၀၉-၆၈၈၈၈၃၅၅၈

---

**လူကုန်ကူးခံရသူများအနေဖြင့် အကူအညီနှင့်အားပေးမှုများ**
**လိုအပ်သည်ဟု ခံစားနေရပါက**
**သတင်းအချက်အလက်မျှဝေရာစင်တာသို့**
**ဆက်သွယ်နိုင်ပါသည်။**

ဆက်သွယ်ရန်လိပ်စာ - လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
ပြန်လည်ထူထောင်ရေးဦးစီးဌာန
အမှတ်(၆၅)၊ကျိုက်ဝိုင်းဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး
ဆက်သွယ်ရမည့်ဖုန်း - ၀၁-၆၆၆၆၁၉ (ရုံးချိန်အတွင်း)

---

## ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)
## ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး
## စစ်သည်အစားခန့်ဝန်ထမ်းများ လျှောက်လွှာခေါ်ယူခြင်း

၁။ ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံးကွပ်ကဲမှုအောက် အမှတ်(၁၊၂)တပ်မတော်ရုပ်မြင်သံကြားထုတ်လွှင့်ရေးတပ်နှင့် အမှတ်(၁)တပ်မတော်အသံလွှင့်တပ်တို့တွင် အောက်ဖော်ပြပါရာထူးများ၌ စစ်သည်အစားခန့်ဝန်ထမ်းများအဖြစ် ခန့်အပ်တာဝန်ပေးအပ်ရန်အလိုရှိပါသည်-

(က) သတင်းကြေညာသူ(မြန်မာ/အင်္ဂလိပ်)(အမျိုးသား/အမျိုးသမီး)။
(ခ) သတင်းအယ်ဒီတာ(မြန်မာ/အင်္ဂလိပ်)(အမျိုးသား/အမျိုးသမီး)။
(ဂ) ဇာတ်လမ်း/ဇာတ်ညွှန်း(အမျိုးသား/အမျိုးသမီး)။
(ဃ) ထုတ်လုပ်ရေးမှူး(အမျိုးသား/အမျိုးသမီး)။
(င) အစီအစဉ်မှူး(အမျိုးသား/အမျိုးသမီး)။
(စ) ဂီတ(ခေတ်ပေါ်)အဆို/အတီး(အမျိုးသား/အမျိုးသမီး)။
(ဆ) ဂီတ(ဆိုင်းဝိုင်း)အဆို/အတီး(အမျိုးသား/အမျိုးသမီး)။
(ဇ) ကဇာတ် အဆို/အက(အမျိုးသား/အမျိုးသမီး)။

၂။ အထက်ဖော်ပြပါရာထူးအားလုံးအတွက် လိုအပ်သည့်အရည်အချင်းများမှာ အောက်ဖော်ပြပါအတိုင်းဖြစ်ပါသည်-

(က) လျှောက်ထားသူသည် ပြည်ထောင်စုမြန်မာနိုင်ငံသား တိုင်းရင်းသားမိဘနှစ်ပါးမှ မွေးဖွားသူဖြစ်ရမည်။
(ခ) ၂၀၂၆ ခုနှစ်၊ စက်တင်ဘာလ ၁ ရက်တွင် အသက် (၂၅)နှစ်ထက် မကျော်လွန်စေရ၊ အိမ်ထောင်မရှိဖူးသူ လူပျို/ အပျို ဖြစ်ရမည်။
(ဂ) အချို့ရာထူးများမှာ လုပ်ငန်းသဘောသဘာဝအရ အအေးခန်းတွင် လုပ်ကိုင်နိုင်သူ ဖြစ်ရမည်။
(ဃ) တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိပြီးသူဖြစ်ရမည်(ယာယီဘွဲ့ထောက်ခံစာမရပါ)။
(င) အနည်းဆုံးငါးနှစ် အမှုထမ်းဆောင်နိုင်သူဖြစ်ရမည်။
(စ) လျှောက်ထားသူနှင့် မိဘ၊ ညီအစ်ကို၊ မောင်နှမများအားလုံးအနေဖြင့် ပြစ်မှုကင်းရှင်းရမည့်အပြင် ပါတီနိုင်ငံရေးနှင့် ကင်းရှင်းရမည်။
(ဆ) ရေးဖြေနှင့် နှုတ်ဖြေစာမေးပွဲ ဖြေဆိုအောင်မြင်ရမည်။
(ဇ) ကျန်းမာရေးဆေးစစ်မှု အောင်မြင်ရမည်။

၃။ အောက်ဖော်ပြပါရာထူးအသီးသီးအတွက် လိုအပ်သည့်အရည်အချင်းများမှာ ဖော်ပြပါအတိုင်းဖြစ်ပါသည်-

(က) သတင်းကြေညာသူ လျှောက်ထားသူများသည် ရုပ်ရည်သင့်တင့်လှပပြီး အသံကြည်လင်ပီသရမည်။ မျက်စိကောင်းမွန်ရမည်(မျက်မှန်တပ်ဆင်ထားသူမဖြစ်စေရ)။
(ခ) အဆို/အက လျှောက်ထားသူများသည် မြန်မာသံ၊ ခေတ်ပေါ်တေးသီချင်းများအား ကောင်းမွန်စွာသီဆိုနိုင်ရမည်။ တစ်ဦးချင်း/စုပေါင်းယိမ်းအက ကပြနိုင်ရမည်။ ရုပ်ရည်သင့်တင့်ပြေပြစ်ရမည်။

၄။ ရွေးချယ်ခြင်းခံရပါက ရုပ်မြင်သံကြားထုတ်လုပ်မှုအခြေခံသင်တန်းသို့ တက်ရောက်ရမည်ဖြစ်ပြီး သင်တန်းတက်ရောက်အောင်မြင်ပြီး၍ ဝန်ထမ်းအဖြစ် စတင်ခန့်အပ်ခြင်းခံရပါက တပ်ကြပ်ကြီး(အစားခန့်) အဆင့် လစာနှုန်း ကျပ် ၁၉၈၀၀၀ -၂၀၀၀-၂၀၈၀၀၀ ဖြင့် ခန့်အပ်သွားမည်ဖြစ်ပါသည်။

၅။ လျှောက်လွှာနှင့် ကိုယ်ရေးရာဇဝင်ပုံစံများကို အောက်ပါတပ်များတွင် ၂၁-၉-၂၀၂၆ ရက်မှ ၈-၁၀-၂၀၂၆ ရက်အတွင်း လာရောက်ရယူလျှောက်ထားနိုင်ပါသည်-

(က) အမှတ်(၁)တပ်မတော်ရုပ်မြင်သံကြားထုတ်လွှင့်ရေးတပ်
မြဝတီရုပ်မြင်သံကြား(မှော်ဘီ)၊ ရန်ကုန်မြို့။(ဖုန်း ၀၃၁ – ၆၀၂၇၈)
(ခ) အမှတ်(၂)တပ်မတော်ရုပ်မြင်သံကြားထုတ်လွှင့်ရေးတပ်
မြဝတီရုပ်မြင်သံကြား(နေပြည်တော်)၊ နေပြည်တော်။(ဖုန်း ၀၃၁ – ၇၄၂၇၄)
(ဂ) အမှတ်(၁)တပ်မတော်အသံလွှင့်တပ်
သဇင် FM၊ ပြင်ဦးလွင်မြို့။ (ဖုန်း ၀၃၃– ၆၀၁၇၀)

၆။ လျှောက်လွှာနှင့်အတူ ကိုယ်ရေးလျှောက်လွှာ၊ ကိုယ်ရေးရာဇဝင်အကျဉ်း၊ ဘွဲ့လက်မှတ်မိတ္တူ၊ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ၊ အိမ်ထောင်စုစာရင်းမိတ္တူ၊ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာ ရပ်ကွက်/မြို့နယ်ရဲစခန်းတို့မှ ထောက်ခံစာမူရင်း၊ မိဘများသဘောတူညီကြောင်းထောက်ခံချက်၊ တစ်လအတွင်းရိုက်ကူးထားသော ပတ်စ်ပို့အရွယ် ဓာတ်ပုံ ၃ ပုံတို့အား ပူးတွဲတင်ပြရမည်။

၇။ ပဏာမလူတွေ့စစ်ဆေးခြင်းကို မြဝတီရုပ်မြင်သံကြား(မှော်ဘီ)၊ ရန်ကုန်မြို့တွင် ၂၀၂၆ ခုနှစ်၊ အောက်တိုဘာလအတွင်း ပြုလုပ်သွားမည်ဖြစ်ပြီး စစ်ဆေးမည့်ရက်အား သက်ဆိုင်ရာ လျှောက်လွှာတင်သွင်းသည့်တပ်များမှတစ်ဆင့် ထပ်မံအကြောင်းကြားပေးသွားပါမည်။

၈။ အသေးစိတ်သိရှိလိုပါက မြဝတီရုပ်မြင်သံကြား(မှော်ဘီ)(ဖုန်း ၀၃၁-၆၀၂၇၈)၊ မြဝတီရုပ်မြင်သံကြား(နေပြည်တော်) (ဖုန်း ၀၃၁-၇၄၂၇၄)နှင့် သဇင် FM၊ ပြင်ဦးလွင် (ဖုန်း ၀၃၃-၆၀၁၇၀) တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။







ပင်ရင်းအရောင်း-ဖုန်း - ၀၈၅ ၂၀၂၁၇၄၀၊ ၀၉ ၃၀၅၂၉၁၁၁
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART-မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART MANDALAY Wholesale-၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw-ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၃၉၀၇၇

## အမည်မှန်

ကျောက်ဆည်မြို့နယ်၊ အထက-ဟန်မြင့်မိုရ်ကျောင်း၊ Grade-12 တန်းတွင်ပညာသင်ကြားနေသော (ဘ) ဦးလှမိုး၏သား မောင်နေနေဦး၏အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ **မောင်နေဦး** ဖြစ်ပါကြောင်း။ **မောင်နေဦး(၉/ကဆန(နိုင်)၂၅၅၁၁၀)**

## ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ မတ္တရာမြို့နယ်၊ အထက(ခွဲ) နန်းတော်ကျွန်း၊ ၂၀၂၆-၂၀၂၇ ပညာသင်နှစ်တွင် Grade-12 ဖြေဆိုမည့် မအိမ့်ကြည်ဖြူ၏ဖခင်အမည်မှန်မှာ နိုင်ငံသားစိစစ်ရေးကတ်အရ **ဦးလွန်းမင်းစိုး** ဖြစ်ပါကြောင်း။

**ဦးလွန်းမင်းစိုး(၈/တတက(နိုင်)၁၀၂၄၈၅)**

## အများသိစေရန် ကြေညာခြင်း

အမရပူရမြို့နယ်၊ ရွှေကြက်ယက်ကျေးရွာအုပ်စု၊ ရွှေလေးကွက်သစ် အပိုင်း(ခ)၊ ကွင်းအမှတ်(၆၁၂)၊ ဦးပိုင်(၂၇-က) ဦးညွန့်မောင် အမည်ပေါက် မြေကွက် ဧရိယာ(၃၀x၄၀)ပေ အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ပေါက်ရောက်သစ်ပင် ဝင်းခြံအကာအရံနှင့်တကွ နေထိုင်ပိုင်ဆိုင် အသုံးချအကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင် လက်ရှိလက်ရောက်ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်၊ စီမံခန့်ခွဲပိုင်ခွင့် အပြည့်အဝရှိကြောင်း ပြောဆိုကမ်းလှမ်းသူ ဇနီးဖြစ်သူ ဒေါ်အိအိအောင် (ဘ) ဦးဝင်းဘို (၅/ဟမလ(နိုင်)၁၁၇၃၉၉)ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးစရံငွေများလည်း ပေးချေထားပြီးဖြစ်ပါသည်။ အထက်ပါအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော ပိုင်ဆိုင်မှုစာရွက်စာတမ်း၊ စာချုပ်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ
ဒေါ်ဖြိုးဝေလင်း(LL.M)
တရားလွှတ်တော်ရှေ့နေ
ထန်းတပင်ရပ်ကွက်၊ ဈေးချိုရပ်၊ အမရပူရမြို့။

## ပျောက်ဆုံးကြောင်း

ပန်ဆိုင်း(ကြူကုတ်)မြို့၊ အမှတ်(၂)ရပ်ကွက်နေ မအားဟုန် (ဘ) ဦးလောက်ဝူး(၁၃/မဆတ(နိုင်)၀၇၉၂၇၄)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **09-973612460**

## ဖခင်အမည်မှန်နှင့်မွေးသက္ကရာဇ်အမှန်

မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံခရိုင်၊ ပုသိမ်ကြီးမြို့နယ်၊ A+ Baby Bright ကိုယ်ပိုင်မူလတန်းကျောင်း၊ Grade-5 အတန်းတွင် ပညာသင်ကြားနေသော မအိန္ဒြေရှင်းသန့်၏ဖခင်အမည်မှန်မှာ **ဦးအောင်မျိုးမင်း** ဖြစ်ပါကြောင်းနှင့် မအိန္ဒြေရှင်းသန့်၏ မွေးသက္ကရာဇ်အမှန်မှာ ၄-၅-၂၀၁၆ ဖြစ်ပါကြောင်း။

**ဦးအောင်မျိုးမင်း(၉/တတဥ(နိုင်)၁၁၈၁၂၄)**
**မအိန္ဒြေရှင်းသန့်၊ ၄-၅-၂၀၁၆**

## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း အများသိစေရန် ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံမြို့နယ်၊ ပြည်ကြီးရန်လုံရပ်ကွက်၊ အကွက်အမှတ်(၆၉)နေ ဖခင်-ဦးသာအေး (ဘ) ဦးဘလှိုင်(၉/မနတ(နိုင်)၀၃၂၉၇၇)ကိုင်ဆောင်သူ၏ လွှဲအပ်ချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဖခင်-ဦးသာအေး နှင့် မိခင်- ဒေါ်အုန်းမြတို့၏ **သမီးဖြစ်သူ ဒေါ်စုလှိုင်လှိုင်နှင်း (ဘ) ဦးသာအေး(၉/အမဇ(နိုင်)၀၃၀၆၆၂)** ကိုင်ဆောင်သူသည် မိဘများ၏ဆိုဆုံးမမှုကို နာခံခြင်းမရှိဘဲ မိဘများစိတ်ဆင်းရဲစေသော ကိစ္စများအား အကြိမ်ကြိမ်အခါခါ ပြုလုပ်ခဲ့သည့်အပြင် နေအိမ်ပေါ်မှ ဆင်းသွားပါသဖြင့် ယနေ့မှစ၍ သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ သို့ဖြစ်ပါ၍ နောက်နောင်တွင် **ဒေါ်စုလှိုင်လှိုင်နှင်း**နှင့်ပတ်သက်သည့် မည်သည့်ကိစ္စအဝဝကိုမှ (လုံးဝ) တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း မိဘများအနေဖြင့် **ဒေါ်စုလှိုင်လှိုင်နှင်း** ကို သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပြီဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

ဖခင်-ဦးသာအေး၏ လွှဲအပ်ချက်အရ

ဒေါ်အေးငြိမ်းဝင်း(LL.B)
(တရားလွှတ်တော်ရှေ့နေ)(စဉ်-၁၇၇၃၄)
၈၉ လမ်း၊ ၂၄ x ၂၅ လမ်းကြား၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးမြို့။
ဖုန်း 09-440514440

## ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ မတ္တရာမြို့နယ်၊ အထက(ခွဲ) နန်းတော်ကျွန်း၊ ၂၀၂၆-၂၀၂၇ ပညာသင်နှစ်တွင် Grade-12 ဖြေဆိုမည့် မယွန်းပြည့်ပြည့်ဦး၏ဖခင်အမည်မှန်မှာ နိုင်ငံသားစိစစ်ရေးကတ်အရ **ဦးကျော်မင်းဦး** ဖြစ်ပါကြောင်း။ **ဦးကျော်မင်းဦး(၅/မရန(နိုင်)၁၉၆၇၃၃)**

**ကိုဗစ်-၁၉ ရောဂါကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်နိုင်ရန်**

နှာချေ၊ ချောင်းဆိုးရာတွင် ပါးစပ်နှင့် နှာခေါင်းတို့ကို ပဝါ၊ တစ်ရှူးတို့ဖြင့် လုံအောင်ဖုံးအုပ်ပါ (သို့မဟုတ်) တံတောင်ဆစ်ကွေးနှင့် ဖုံးအုပ်ပြီး နှာချေချောင်းဆိုးပါ။



**သစ်တောနဲ့ သစ်ပင် ချစ်ခင်တဲ့ လူမျိုး သစ်ပင်ကို နှစ်စဉ်စိုက် ရွှေတိုက် ကိုစိုး**

**အဖိုးတန်ရေချိုကို ချွေတာပါ**

❖ နိုင်ငံတော်ရွှေသီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

# ချမ်းမြေ့ရိပ်သာဆရာတော် ဘဒ္ဒန္တဇနကာဘိဝံသ မဟာထေရ်မြတ်ကြီး၏ သရီရဓာတုပဝါဟနပူဇာ ဓာတ်ပြာတော်များ ရေမျှောပူဇော်ခြင်းအခမ်းအနား ကျင်းပ

ရန်ကုန် စက်တင်ဘာ ၂၆

ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် ကမ္ဘာအေးဘုရားလမ်း ချမ်းမြေ့ရိပ်သာကျောင်းတိုက် ဦးစီးပဓာန မဟာနာယက နိုင်ငံတော်ဩဝါဒါစရိယ ရွှေကျင်နိကာယ ရတ္တညူမဟာနာယက အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဆဋ္ဌသင်္ဂီတိ ပါဠိပဋိဝိသောဓက သကျသီဟနှင့် အစိုးရသိရီပဝရဓမ္မာစရိယ သက်တော် ၉၉ နှစ် သိက္ခာတော် ၇၉ ဝါရှိ ချမ်းမြေ့ရိပ်သာဆရာတော် ဘဒ္ဒန္တဇနကာဘိဝံသ မဟာထေရ်မြတ်ကြီး၏ သရီရဓာတုပဝါဟနပူဇာ ဓာတ်ပြာတော်များရေမျှောပူဇော်ခြင်း အခမ်းအနားကို ယနေ့နံနက် ၇ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းမြို့နယ် သံသုမာလမ်း သုဝဏ္ဏဘူမိ EVENT PARK ၌ ကျင်းပသည်။

အခမ်းအနားသို့နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် ဗဟန်းမြို့နယ် မဟာဝိသုဒ္ဓါရုံရွှေကျင်တိုက်သစ်၏ တိုက်အုပ်ဆရာတော် ဘဒ္ဒန္တသိရီကဥ္စနာဘိဝံသ၊ အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓတက္ကသိုလ် ပါမောက္ခချုပ်ဆရာတော် ဒေါက်တာဘဒ္ဒန္တဆေကိန္ဒ၊ ချမ်းမြေ့ရိပ်သာကျောင်းဆရာတော် ဘဒ္ဒန္တသောဘိတာဘိဝံသတို့ အမှူးပြုသည့် ဆရာတော်၊ သံဃာတော်များ၊ ပြည်တွင်း၊ ပြည်ပမှ သီလရှင်ဆရာကြီးများကြွရောက်တော်မူကြပြီး သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ တာဝန်ရှိသူများ၊

စာမျက်နှာ ၁၈ ကော်လံ ၁ ❋




ချမ်းမြေ့ရိပ်သာ ဆရာတော် ဘဒ္ဒန္တဇနကာဘိဝံသ မဟာထေရ် မြတ်ကြီး၏ သရီရဓာတု ပဝါဟနပူဇာ ဓာတ်ပြာတော်များ ရေမျှောပူဇော်ခြင်း အခမ်းအနား ကျင်းပစဉ်။



# တော်သလင်းလပြည့်နေ့တွင် ပုဂံယဉ်ကျေးမှုနယ်မြေ၌ ခရီးသွားများဖြင့် စည်ကား

ရန်ကုန် စက်တင်ဘာ ၂၆

မြန်မာ့ယဉ်ကျေးမှု အမွေအနှစ်များ စုဝေးတည်ရှိရာ ပုဂံယဉ်ကျေးမှုနယ်မြေ၌ ယနေ့ တော်သလင်းလပြည့်နေ့တွင် ခရီးသွားများဖြင့် စည်ကားခဲ့ကြောင်း သိရသည်။

"ပုဂံကို ခရီးသွားတွေ အများအပြားလာကြတာမြင်တော့ ဒေသခံတွေအနေနဲ့ ဝမ်းသာကြည်နူးရပါတယ်။ သီတင်းကျွတ်ခရီးသွားရာသီလဲ ရောက်တော့မှာဆိုတော့ ပုဂံရဲ့ ခရီးသွားလုပ်ငန်း အသက်ဝင်လာပြီလို့ ပြောရမှာပါ။ ပုဂံမှာ အေးချမ်းပါတယ်။ရာသီဥတုလဲ ကောင်းမွန်တဲ့အတွက် ခရီးသွားတွေ လာရောက်လည်ပတ်ဖို့လဲ ဖိတ်ခေါ်ပါတယ်"ဟု ထီးလိုမင်းလိုဘုရားဂေါပကအဖွဲ့ အတွင်းရေးမှူး ဦးတင်လှဦးက ပြောသည်။

ယနေ့ တော်သလင်းလပြည့်နေ့တွင် မနူဟာဘုရားတွင်လည်း ဆွမ်း၊ ဆီမီး၊ သစ်သီးဆက်ကပ်ခြင်းဖြင့် ကုသိုလ်ပြုကြသူများဖြင့် စည်ကားခဲ့ပြီး ဒေသခံများကလည်း အရုပ်မျိုးစုံသရုပ်ဖော်ပြုလုပ်၍ အတီးအမှုတ်များဖြင့် ဘုရားတွင် ကုသိုလ်ပြုလှည့်လည်ခဲ့ကြကြောင်း သိရသည်။

ထို့အတူ အထင်ကရာဘုရား၊ စေတီများသို့

စာမျက်နှာ ၂၀ ကော်လံ ၁ ☆

# နေရာအနှံ့အပြား မိုးထစ်ချုန်းရွာမည်

နေပြည်တော် စက်တင်ဘာ ၂၆

ယနေ့နံနက် ၆ နာရီခွဲအချိန်တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်တွင် လေထုမငြိမ်သက်မှုများဖြစ်ပေါ်လာနိုင်ခြင်းကြောင့်လည်းကောင်း၊ ထိုင်းနိုင်ငံတွင် ဖြစ်ပေါ်နေသော လေဖိအားနည်းဆဲလ်မှ ပြတ်ထွက်လာသော တိမ်တိုက်များကြောင့်လည်းကောင်း၊ မိုးတိမ်တောင်များဖြစ်ထွန်းမှုအားကောင်းနေခြင်းကြောင့်လည်းကောင်း ယနေ့နံနက်မှ စက်တင်ဘာ ၃၀ ရက်အတွင်း ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ် (မြောက်ပိုင်း)တို့တွင် နေရာကျဲကျဲ၊ နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊

စာမျက်နှာ ၂၂ ကော်လံ ၁ ●




# ၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ် U-19 အမျိုးသမီး ဘောလုံးပြိုင်ပွဲ ရှုံးထွက်ကွာတားဖိုင်နယ်ပွဲစဉ်များ ကျင်းပ

ရန်ကုန် စက်တင်ဘာ ၂၆

မြန်မာ့ဘောလုံးအားကစား အဆင့်အတန်း ပိုမိုတိုးတက်မြင့်မားလာစေရေး၊ မျိုးဆက်သစ် အမျိုးသမီးဘောလုံးအားကစားသမားများပေါ်ထွက်လာစေရေးနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များ၏ အားကစားအဆင့်အတန်း ပိုမိုဖွံ့ဖြိုးတိုးတက်မြင့်မားလာစေရေးတို့အတွက် ရည်ရွယ်၍ အားကစားရေးရာဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာနက ကြီးမှူး၍ တိုင်းဒေသကြီးနှင့် ပြည်နယ်

စာမျက်နှာ ၂၃ ကော်လံ ၁ ❖



ကြာနာပုံ ယနေ့ ဖတ်စရာ

ခရီးသွားကဏ္ဍ ဆန်းသစ်ဖို့ ဒစ်ဂျစ်တယ်နှင့် ဉာဏ်ရည်တုနည်းပညာသုံးကြစို့ ဆောင်းပါး စာမျက်နှာ - ၂၈

၅၈ ကြိမ်မြောက် အာရှကာယဗလနှင့် ကာယကြံ့ခိုင်မှုပြိုင်ပွဲတွင် မြန်မာနိုင်ငံက ဒုတိယမြောက် ရွှေတံဆိပ် ဆွတ်ခူး စာမျက်နှာ - ၉